
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# သူဝေး

# ကြယ်ခိုးကြယ်ငွေ့မှတ်တမ်း

BURMESE CLASSIC .com

ရွှေသမီးစာပေ

အမှတ်၊၁၉၂ (၃၉)လမ်း ကျောက်တံတား ၊ရန်ကုန်မြို့။

ဖုန်း ၊ ၀၁ ၂၄၂၂၁၉ ၊ ၀၉ ၅၁၀၁၈၉၀။

www.burmeseclassic.com

www.burmeseclassic.com

(က)

"ငါမေးမယ်"

သူမေးမယ်ဆိုတော့ ကိုယ့်မှာ ဖြေဖို့တာဝန်က ကျလာပြီ။ စကားထာ ပုံစံမျိုးလေးသူက ရွတ်ပြလာတယ်။

"သုံးလုံးပုံးကြီး ကြီးမှကြီး ပြူးပြူးပြောင်ပြောင်ကြီး။ အဲဒါဘာလဲ ပြော"

"ဟာ . . . နှင် ညစ်တီးညစ်ပတ်တွေ လာမမေးနဲ့နော်"

မသင်္ကာသလို ကိုယ်ကပြန်ပြောတော့ သူကမျက်စောင်းချိတ်ပြီး . . .

"စဉ်းစားစမ်းပါ"တဲ့။

ကိုယ်က ခပ်ပျင်းပျင်းကောင်လေးဆိုတာ သူသိရဲ့သားနဲ့ ခဏလောက်စဉ်းစားပြီး အဖြေမရတော့ ကိုယ်ပန်းပေးလိုက်တယ်။ ညှို့လိုက်တာလို့ ကိုယ့်ကိုဝေဖန်ပြီးမှ အဖြေကိုပြောပြတယ်။

"ရှုဝံကြယ်ကိုပြောတာဟ။ ရှုဝံကြယ်ဆိုတာ သုံးလုံးပူးနေတဲ့ကြယ်တဲ့။ အဲဒါကြောင့် အရမ်းလင်းပြီး ပြူးပြူးပြောင်ပြောင်နဲ့ တောက်ပနေတာတဲ့"



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်မသိတဲ့ ကိစ္စမို့ ပြန်လည်မငြင်းနိုင်ခဲ့ပါဘူး။

"ကဲ . . . ကဲ . . . မဖြေနိုင်တဲ့ အရှုံးသမားလေး၊ လာ . . . နားရွက်ဆွဲမယ်"

"ဟင်း . . . မဖြေနိုင်ရင် နားရွက်ဆွဲမှာလို့ နင်မပြောထားပါဘူး"

"မရဘူး ဆွဲမှာပဲ"

"မရဘူး အဆွဲမခံဘူးဟ"

ကိုယ်ထွက်ပြေးဖို့ ကမန်းကတန်းထလိုက်တော့ ခေါင်းနဲ့သစ်ကိုင်းနဲ့ ဆောင့်မိတယ်။

"အိုး"

ကိုယ် တော်တော်အီသွားတယ်။ ကြယ်တွေလတွေတောင် မြင်သွားသလားပဲ။ အဲဒီတော့ သူက လက်ခုပ်ကို အသံမမြည်အောင်တီးပြီး ကိုယ့်ကို လှောင်တော့တာပေါ့။

အဲဒီတုန်းက ကိုယ်ထိုင်တဲ့နေရာက သစ်ပင်ပုကလေးတစ်ပင်အောက်မှာလေ။



(ခ)

ကြယ်တွေထဲမှာ (Pegasus) 'ပက်ဂတ်ဆစ်'ဆိုတဲ့ ကြယ်တာရာစုတစ်စုရှိတယ်။ ဂရိဒဏ္ဍာရီပုံပြင်ထဲက Pegasus လို့ အမည်ရတဲ့ မြင်းပျံတစ်ကောင်ကနေ ဆင်းသက်လာတဲ့အမည်ပေါ့။ ပုံပြင်ထဲမှာ 'ဖာယဲဆုစ်' ဆိုတဲ့လူက 'မဲပူဆာ' ဆိုတဲ့လူကို ခေါင်းဖြတ်လိုက်တယ်။ အဲဒီခေါင်းဖြတ်ရာကနေ ပန်းထွက်လာတဲ့ သွေးအိုင်ထဲကနေ ထွက်ပေါ်လာတဲ့မြင်းပေါ့။ အဲဒီမြင်းက ကောင်းကင်ဘုံနဲ့ ကြယ်တာရာစုတစ်စုဆီကို ပျံသန်းသွားခဲ့တယ်။ သူရောက်ခဲ့တဲ့ ကြယ်တာရာစုကို သူ့အမည် မှည့်ခေါ်လိုက်ကြတာပေါ့။

အဲဒီကြယ်အကြောင်း ပြောရင်းနဲ့ သူက အဲဒီမြင်းပျံကြီးကို လိုချင်ကြောင်းလည်း အာရပါးရပြောလာတယ်။

"အဲဒီမြင်းပျံကြီးကို ရလို့ကတော့ ရှယ်ပဲ"

"နင်က ဘာလုပ်မလို့လဲ"

"(Tissue) တစ်သျှူးတစ်စရတာနဲ့ မျိုးပွားလို့ရတဲ့ ဆေးပညာပေါ်ထွန်းနေပြီဆို။ အဲဒါဆို ဒီကောင်ကြီးကို မျိုးဆက်ပြန့်ပွားအောင်လုပ်ရမှာပေါ့ဟ" တဲ့။



www.burmeseclassic.com

www.burmeseclassic.com

တွေ့လား သူက အကြံကြီးတယ်။ နောက်ပြီး ဆက်ပြောတယ်။

"မြင်းပျံကြီးဆိုတော့ စီးလို့ကောင်းမှာပဲဟ။ သူက ကောင်းကင်ဘုံတွေလည်း သွားဖူးမှာပေါ့။ ဟုတ်ပြီ . . . ။ အဲဒီကို လိုက်ပို့ခိုင်းရမယ်ဟာ . . . ဟား . . ."

သူသွားမယ်ဆိုရင်တော့ ကိုယ်လည်း မနေခဲ့ချင်ဘူးလေ။

"နင်က အဲဒီမြင်းပျံကြီးကို တစ်ယောက်တည်း စီးသွားမှာလား"

ကိုယ့်ကို မှုန်လဲ့လဲ့လေး ပြန်ကြည့်ပေးပြီးမှ . . .

"နင်လည်း လိုက်ခဲ့ရမှာပေါ့ ငရဲရဲ့" တဲ့။

အဲဒီစကားကြောင့် ကိုယ် ပြုံးသွားတယ်။ ဒါပေမဲ့ သူ့ဖြည့်စွက်စကားကြောင့် ကိုယ့်မှာ ချက်ချင်းပြန်မဲ့သွားရတယ်။

"အမြီးဖက်လိုက်ခဲ့လေ" တဲ့။

သူကတော့ ရယ်လို့ပေါ့။ တစ်အောင့်လောက်ကြာလို့ ရယ်လို့ဆုံးတော့မှ ကိုယ်က မသိလို့မေးမိသေးတယ်။

"ဒါနဲ့ အဲဒီမြင်းပျံကြီးက အထီးလား အမလားဟ"

"အဲ . . ."

သူ တစ်နေကုန်ငြိမ်တွေ စဉ်းစားနေပါတော့သတဲ့။ သူဟာ ကိုယ်စီးမယ့်မြင်းကို အထီးမှန်း၊ အမမှန်းမသိတဲ့ ကောင်မလေးပေါ့ကွယ်။



(၈)

တစ်ခါတလေ သူက စကားတွေကို သူများ နားလည် မလည်ဂရုမစိုက်ဘဲ တစ်ဝက်တစ်ပျက်ကနေ ပြောတတ်သေးတယ်။

"နေဝင်ရင်တော့ ငှက်ကလေးတွေ အိပ်တန်းပြန်ကြတာပေါ့"

"အင်းပေါ့"

"ဆော်လမွန်ငါးတွေကလည်း မိုင်တွေကုဋေကုဋာဝေးတဲ့နေရာရောက်နေရင်တောင် အချိန်တန်ရင် သူတို့ဌာနကို ရောက်အောင် အပြေးပြန်ခဲ့ကြတယ်တဲ့"

"ဩော် . . ."

သူက ဆွေးဆွေးမြည့်မြည့် ပြောနေရှာပေမယ့် ကိုယ်က နားမလည်သာ ဖြစ်နေရတယ်။

"တစ်နေ့ကျရင် နင်လည်း ပြန်လာခဲ့ပေါ့ဟာ"

"ဟင် . . . ငါက ဘယ်သွားမှာမို့လို့လဲ"

"ဟင် . . . ဩော် . . . ဟုတ်လား"

ဆိုပြီး သူက ခေါင်းကုတ်တယ်။ ပြီးမှ ပြုံးဖြဲဖြဲလေးနဲ့ ပြောလာတယ်။

"ငါ ညက အိပ်မက်မက်လို့ဟ။ အိပ်မက်ထဲမှာ နင်က ဟိုးအဝေးကြီးကိုထွက်သွားလို့။ ဟဲ . . . ဟဲ . . ."

ဖြစ်ရမယ်လို့ ရေရွတ်ပြီး ကိုယ် ခေါင်းခါမိတယ်။ ပြီးတော့ အရမ်းလည်း ပျော်သွားတယ်။ သူ့အိပ်မက်ထဲ ကိုယ်ရောက်ရှိနေလို့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

(ဃ)

ပြောလို့ပြောတာမဟုတ်ဘူး၊ သူက ဘယ်သူ့ကိုမဆို အကောင်းဘက်က မြင်ပေးတတ်တယ်။ စကားလုံးကောင်းကောင်းလေးတွေ ရှာပြီးလည်း ပြောပေးတတ်တယ်။

ကိုယ်တို့ တစ်ခါက မျက်စိစွေတဲ့လူတစ်ယောက်နဲ့ လမ်းမှာ စကားပြောဖြစ်ခဲ့ကြတယ်လေ။ စကားဆုံးလို့ အဲဒီလူလည်း ထွက်သွားရော သူက . . .

"သူ့မျက်လုံးတွေက ပီဇာမျှော်စင်ဆန်တယ်နော်" တဲ့။

"အင် . . . "

ကိုယ် ရုတ်တရက် ကြောင်သွားသေးတယ်။ ပြီးမှ ထောက်ခံလိုက်မိတယ်။ ပီဇာမျှော်စင်ဆိုတာ အီတလီနိုင်ငံက စောင်းနေတဲ့ ကမ္ဘာကျော်မျှော်စင်ကြီး မဟုတ်လား။ အခု သူက မျက်လုံးစွေနေတဲ့သူကို အဲဒီမျှော်စင်စောင်းစောင်းကြီးနဲ့ လှလှပပ ခိုင်းနှိုင်းလိုက်တာပေါ့။

ᄌ ᄌ ᄌ



(င)

သူက ကိုယ့်ကို နာမည်ဖျက်ဖို့လည်း ကြိုးစားဖူးသေးတယ်။

"နောက်ဆို နင့်ကို ကွမ်းယာလို့ပဲခေါ်တော့မယ်"

"ဘာလို့တုံး"

"မြို့ထဲမှာ နင်နဲ့နာမည်တူတဲ့ ကွမ်းယာဆိုင်တစ်ဆိုင် ငါတွေ့ခဲ့တယ်ဟ"

"ဟွန်း . . . အဲဒါနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်ဆိုင် မဆိုင်ဆိုင် ငါကတော့ ခေါ်မှာပဲ . . . ကွမ်းယာ .. ကွမ်းယာ"

ဒီလို မတရားလုပ်လို့တော့ ဘယ်ရမလဲ။ ကိုယ့်မှာလည်း သူ့ကို ဖျက်ဖို့ နာမည်အသင့်ရှိပြီးသားပဲကို။

"ဒါဆို နင့်ကိုလည်း ဆေးပေါ့လိပ်လို့ပဲ ခေါ်တော့မယ်။ နင့်နာမည်နဲ့တူတဲ့ ဆေးပေါ့လိပ်ရှိတယ်"

"ဟင် . . . ဟုတ်လား"

"ဟုတ်တယ် . . . မဆေးပေါ့လိပ်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com

သူက တစ်ချက်ငြိမ်သွားသေးတယ်။ စဉ်းစားနေတာလေ။ ပြီးမှ . . .

"အို . . . လာမပြောနဲ့။ သွား . . . ကွမ်းယာကောင်ကြီး"

"ပြောမှာပဲ၊ သွား . . . ဆေးပေါ့လိပ်မကြီး"

"ကွမ်းယာ . . . ကွမ်းယာ . . . ကွမ်းယာ . . . "

"ဆေးပေါ့လိပ် . . . ဆေးပေါ့လိပ် . . . ဆေးပေါ့လိပ် . . ."

နံဘေးက နားငြီးလာတဲ့ ကိုယ်တို့သူငယ်ချင်း မော်ကြီးက . .

"တော်တော့ဟာ။ နင်တို့နှစ်ကောင်လုံး တိတ်တော့။ ဆေးပေါ့လိပ်ကော၊ ကွမ်းယာကော ကောင်းတဲ့ဟာတွေမဟုတ်ဘူး။ နင်တို့နှစ်ကောင်အတိုင်းပဲ"

ကိုယ်တို့နှစ်ယောက်လည်း အဟောက်ခံလိုက်ရတယ်။ ဒါပေမဲ့ ချက်ချင်းပဲ နှစ်ယောက်သား တစ်ခုခုကို မှတ်မိသွားပြီး မော်ကြီးကို ပြန်အော်ထုတ်လိုက်ကြတယ်။

"မော်ကြီး . . . လေထိုးကျွတ်ဖာ"

"မော်ကြီး . . . လေထိုးကျွတ်ဖာ"

ဟုတ်တယ်လေ . . . ။ ကိုယ်တို့နှစ်ယောက် မြို့ထဲမှာ မော်ကြီး လေထိုးကျွတ်ဖာဆိုတဲ့ဆိုင်တစ်ဆိုင်ကို တွေ့ခဲ့ဖူးတယ်လေ။ မော်ကြီးလည်း 'တော်ပြီ . . . တော်ပြီ၊ နင်တို့နဲ့ မပေါင်းဘူး' ဆိုပြီး ပုဆိုးစွန်တောင်ဆွဲပြီး ထွက်သွားတော့တယ်။

ᨀ ᨀ ᨀ



(၈)

သူ့ ကိုယ်သူ စကားမပြောဘဲနေတဲ့ တစ်နေ့လည်း ရှိသေးတယ်။

အစကတော့ အကောင်းပဲ။ ကိုယ်ကကို လျှာသွားရှည်တာ။

"မိန်းမတွေက တစ်နေ့ကို စကားအခွန်း (၇၀၀၀) လောက်ပြောတယ်တဲ့။ ယောကျ်ားတွေကတော့ (၂၀၀၀) လောက်ပဲ ပြောတယ်တဲ့။ နင်တို့မိန်းမတွေက ငါတို့ယောကျ်ားတွေထက် (၂)ဆမက လေပေါတယ်။

"ဟုတ်လား . . . အေး . . . အေး . . ."

ဆိုပြီး သူငြိမ်သွားလိုက်တာ ကျောင်းဆင်းတဲ့အထိ ဘာစကားမှမပြောတော့ဘူး။ ကိုယ့်မှာတော့ သူစကားပြောအောင်လို့ဆိုပြီး စကားတွေ ရှာကြံပြောခဲ့ရတာ။ သူကတော့ ငြိမ်လျက်ပဲ။ အိမ်ပြန်ချိန်နားကပ်မှ သူက . . .

"ဒီနေ့ နင်ပြောတာ အခွန်း (၁၀၀၀၀) လောက်ရှိပြီ" တဲ့။

သူက အဲဒီလိုလည်း ပြန်ဂျစ်တတ်တယ်။ ဒါပေမဲ့ သူ့ဂျစ်တတ်မျက်နှာလေးက ချစ်စရာကောင်းနေတယ်။ နို့မတိုက်ဘဲထွက်ပြေးနေတဲ့အမေကို စိတ်ဆိုးနေတဲ့ ခွေးပေါက်စလေးလိုပေါ့။

ᨀ ᨀ ᨀ



www.burmeseclassic.com

www.burmeseclassic.com

(ဆ)

တစ်ခါက ကိုယ် နေမကောင်းဖြစ်ဖူးတယ်။ ဆရာဝန်ညွှန်ကြားလို့ နှလုံးကောင်းတဲ့ ဆေးတချို့လည်း ခဏသောက်နေရတယ်။

အဲဒီအချိန် သူကပြောလာတယ်။

"အင်း . . . နှလုံးအားနည်းတာ မကောင်းဘူး"

ကိုယ်က ဆေးပညာသဘောအရ ပြောတာမှတ်လို့ ခေါင်းညိတ်ထောက်ခံလိုက်တယ်။ ဒါပေမဲ့ သူက ထောင့်တစ်မျိုးက ပြောလာတာပါ။

"အီဂျစ်တွေရဲ့ ယုံကြည်မှုတစ်ခုရှိတယ်ဟ။ လူတွေသေလွန်ပြီးတဲ့အခါ အသည်းနှလုံးကို ချိန်ခွင်ထဲထည့်ချိန်ကြည့်တယ်တဲ့။ အဲဒီလူရဲ့ ကောင်းမှုဆိုးမှုမှတ်တမ်းကို အဲဒီလူရဲ့ နှလုံးသားရဲ့ အလေးချိန်က ဖော်ပြနေတယ်တဲ့။ အဲဒီနှလုံးသားရဲ့ အလေးချိန်ကိုကြည့်ပြီး ကောင်းကင်ဘုံကို သွားသင့် မသွားသင့် ဆုံးဖြတ်ကြတယ်တဲ့"



သူ့စကားအဆုံး ကိုယ်က အတွေးငင်ငင်နဲ့ ပြုံးမိနေတုန်းမှာပဲ သူက . . .

"နင့်နှလုံးသားကို အားကောင်းအောင်လုပ်။ အဲဒါမှ ငါတို့အတူ ကောင်းကင်ဘုံမှာ ပြန်ဆုံနိုင်မှာ" တဲ့။

ကလေးမဟုတ်ပေမယ့် ကိုယ်လည်း ကောင်းကင်ဘုံတို့၊ နတ်ပြည်တို့ကို စုံမက်မိတယ်။ အင်း . . . သူနဲ့အတူရှိရမယ်ဆို ကိုယ် ပိုပျော်မိမှာပေါ့။ ပြောရဦးမယ် . . . အကောင်အထည်လိုက်ကြီး မမြင်ဖူးပေမယ့် ကိုယ်သိတယ်။ သူ့နှလုံးသားက အလေးချိန်စီးစီးနဲ့ ဖြူစင်တယ်။

အဲဒါကို ကိုယ်ယုံတယ်။



www.burmeseclassic.com

www.burmeseclassic.com

(၈)

သူ့ ပုံမှန်နေပုံထိုင်ပုံလေးက အရမ်းအေးဆေးပါတယ်။

ဒါပေမဲ့ သူတို့မေဂျာထဲမှာ သူ့ကို (သူလည်း ဘာမှမလုပ်ဘဲနဲ့) ဖက်ပြိုင်တုပပြီး လိုက်ရွဲ့နေတဲ့လူတစ်ယောက် ရှိဖူးတယ်။ သူစီးတဲ့ ဖိနပ်မျိုးလိုက်စီး၊ သူဝတ်တဲ့အင်္ကျီမျိုး လိုက်ဝတ်နဲ့ ခပ်ပေါပေါပြိုင်ဆိုင်မှုတွေ လိုက်လုပ်တတ်တဲ့လူပေါ့။ အခုတော့ မရှိတော့ပေါဘူး။ ကျောင်းပြောင်းသွားပြီတဲ့။ အဲဒီလူနဲ့ပတ်သက်ပြီး သူ စိတ်အနှောင့်အယှက်ဖြစ်ရတယ်လေ။ အဲဒီအခါ ကိုယ်က အနောက်တိုင်းစကားပုံလေးတစ်ခု ထုတ်သုံးပြီး သူစိတ်ပြေဖို့ ပြောကြည့်မိတယ်။

"စိတ်မညစ်ပါနဲ့ဟာ၊ မိတ်ကပ်လိမ်းရုံလောက်နဲ့တော့ မင်းသမီးလေးလို လှမသွားပါဘူး။ စကားတစ်ခွန်းလည်း ရှိသားပဲ။ Pigs might fly but they are unlikely bords! ဝက်တွေပျံနိုင်ရင်တောင် ငှက်လိုတော့ မဟုတ်ဘူးတဲ့ "



ကိုယ်က စကားအကောင်းရွေးပြောပေမယ့် သူက တခစ်ခစ် ထရယ်တယ်။ နောက် တခစ်ခစ်ကနေ တဟားဟားနဲ့ပါ အားရပါးရ ရယ်ပါတော့တယ်။

ကိုယ်က တထူးတဆန်းကြည့်မိတော့ ရယ်ရင်းတန်းလန်းနဲ့ပဲ သူက . . .

"အဟား . . . ဝက်ကလေးတွေပျံရင် ဘယ်လိုနေမလဲ မသိဘူးနော်။ အဟင်း . . . တောင်ပံပေါက်ရတဲ့ ဝက်ဝဝလေးတွေ။ ဟားဟား . . . ချစ်စရာလေးနေမှာပဲ။ ခစ် . . . ခစ် . . . "

ကြည့် . . . ကိုယ့်မှာ စိတ်ညစ်လျက်နဲ့ သူနဲ့အတူ လိုက်ရယ်မိသွားတယ်။ သူက လေးညို့နေတဲ့ ရန်သူကိုတောင် ချစ်စရာကောင်းအောင် တွေးတတ်တယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

(ဈ)

သူနဲ့ကိုယ်နဲ့ အရောက်ဖြစ်ဆုံးနေရာတွေက ချောင်ကျကျ လက်ဖက်ရည်ဆိုင်တွေ (သူ့အစ်ကို တွေ့မှာစိုးလို့ ချောင်ကျကျဆိုင် ရွေးရတာပါ)။ ပြီးတော့ စာအုပ်ဆိုင်နဲ့ စာကြည့်တိုက်တွေပါပဲ။

တစ်ခါက သူ စာကြည့်တိုက်ထဲမှာ စာအုပ်တစ်အုပ်ကို ဖတ်တယ်။ သူဖတ်တဲ့စာအုပ်နာမည်ကလည်း ရင့်တယ်ဗျ။ ယုံချင်ယုံ မယုံချင်နေ (Believe it or not) တဲ့။ စာအုပ်ထဲက ဘာကိုဖတ်မိသွားလည်း မသိပါဘူး ကိုယ့်ကိုမေးလာတယ်။

"သိပ်မကြာခင် မိနစ်ပိုင်းအတွင်း သေရတော့မှာဆိုရင် နင် ဘာလုပ်ချင်လဲ။ တချို့က တိတ်တိတ်ကလေး အဝေးကို ထွက်သွားချင်ကြတယ်။ တချို့တွေက လောကကြီးကို ခွင့်လွှတ်တောင်းပန်သွားကြတယ်။ တချို့ကလည်း ကြိုးမိန့်မပေးခင် အစွန်းကုန် ကခုန်သွားတယ်။ ငါကြည့်ဖူးတဲ့ စစ်ကားထဲက ဗိုလ်ကြီးဆိုရင် သူ့အလောင်းကို ဘယ်သူမှမတွေ့အောင် မြှုပ်ပေးပါဆိုပြီး သူ့ရဲဘော်ကို မှာသွားခဲ့တယ်။ နင်ဆိုရင် ဘာလုပ်ချင်မလဲ"



ကိုယ့်ခေါင်းထဲမှာ အဖြေအဆင်သင့်ရှိပေမယ့် သူ့ကိုပဲ ပြန်မေးလိုက်တယ်။

"နင်ဆိုရင်ကော"

မျက်ဝန်းရွှန်းရွှန်းလေးနဲ့ ပြန်ဖြေတယ်။

"အင်း . . . ငါကတော့ ကြယ်တွေကို တစ်ဝကြီး ငေးသွားချင်တာ" တဲ့။

ကိုယ်ကတော့ စိတ်ထဲကနေပဲ ပြန်ဖြေပစ်လိုက်တယ်။

"ငါသေခါနီးကျရင် နင့်ပါးလေးကို ဖွဖွလေး ပွတ်နေချင်တယ်"

ဟုတ်တယ် . . . ။ သူ့ပါးလေးက အရမ်းလှတယ်။ နွေရာသီ လဝန်းကလေးလိုပဲ။ ဖြူဖြူနွေးနွေးလေးလေး။

မွေးနေမိတော့မှာပဲ။ လူလည်းလစ်ရင် အင်း . . . သူလည်းခွင့်ပြုရင်ပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com

(ည)

တစ်ခါက ကိုယ်တို့သူငယ်ချင်းတွေဆုံတုန်း ထုံးစံအတိုင်း သူ့အစ်ကိုအကြောင်း အတင်းပြောကြတယ်။ သူ့ဘဝမှာ အချစ်ဆုံးက သူ့အစ်ကိုတဲ့။ သူအမြင်ကပ်ဆုံးကလည်း သူ့အစ်ကိုတဲ့။ ကိုယ်တို့သူငယ်ချင်းတွေအားလုံးကလည်း သူ့အစ်ကိုကို ကြည့်မရကြဘူး။ အရမ်းမာန်တက်ပြီး အတ္တကြီးလို့လေ။ အင်း . . . စမတ်ကျကျ အဆင့်မြင့်မြင့်တော့ နေတတ်တယ်ပေါ့။

ဒါပေမဲ့ ဒီတစ်ခါ သူက ရယ်စရာပြောလာတာပါ။

"ငါ့အစ်ကိုက ငယ်ငယ်က ရေခဲချောင်းရောင်းဖူးတယ်ဟ"

"ဟုတ်လား . . . ခေါင်းလောင်းကလေး ကလင်ကလင်နဲ့လား"

စိုးစိုးထွေးက စကားဝင်ထောက်တော့ သူက ခေါင်းညိတ်ပြပြီး . . .

"အင်း . . . တစ်နေ့ကျတော့ သူ ရေခဲချောင်းရောင်းနေရင်း ဘယ်လိုနေ ဘယ်လိုမှန်းမသိဘူး ခေါင်းလောင်းကလေး ပျောက်သွားတယ်ဟ"



"အယ် . . . "

"အဲဒီတော့ ပါးစပ်ကနေ တစ်လမ်းဝင်တစ်လမ်းထွက် အော်ရောင်းဖို့ဆိုတာလည်း အဆင်မပြေဘူးလေ။ အော်လို့မောရင် ရေဆာတယ်ဆိုပြီး သူ့ရေခဲချောင်းတွေ သူပြန်နိုက်စားတာနဲ့ ကုန်သွားမှာစိုးလို့တဲ့"

"အဲဒီတော့ ဘာလုပ်လဲ"

"အမှိုက်ပုံတစ်ခုမှာ နို့ဆီခွက်အဟောင်းလေးတစ်ခု တွေ့တယ်ဟ။ အဲဒီနို့ဆီခွက်ထဲ ခဲလုံးလေးတွေထည့်ပြီး နို့ဆီခွက်အဝကို ခဲလုံးနဲ့တုပြားပြီး ပိတ်လိုက်တယ်။ အဲဒီမှာ နို့ဆီခွက်ကြီးကို ခလောက်ကြည့်တော့ 'တတောက်တတက်' နဲ့ သံစုံထွက်လာတာပေါ့။ သူ အဲဒါကြီးနဲ့ လိုက်ရောင်းတော့တာပဲ။ အဟင်း . . . "

အခု သူ့အစ်ကိုရဲ့ပုံစံနဲ့ ပြန်နှိုင်းမြင်ဖြစ်ပြီး ကိုယ်တို့သူငယ်ချင်းတွေ ပြုံးဖြစ်သွားကြတယ်။

အေးမွန်က သိချင်တာ ဆက်မေးသေးတယ်။

"အဲဒီနေ့က ရေခဲချောင်းကော ရောင်းရရဲ့လားဟဲ့"

"တော်တော်ရောင်းလိုက်ရတယ်ဟ။ သူ့ခေါင်းလောင်းသံက အများထက်ထူးခြားတော့ ဆွဲဆောင်မှုရှိသွားတာနေမှာပေါ့"

ပြောပြီးမှ သူ မဲ့ပြုံးလေးထပ်ပြုံးပြီး ပြောရှာတယ်။

"ငါ့အစ်ကို ငယ်ငယ်တုန်းက သိပ်ပင်ပန်းခဲ့တာတဲ့"

• • •

သူနဲ့ကိုယ့်ရဲ့အကြား တစ်ခုခုမခြားခင်ကတည်းက တစ်ခုခုခြားနေသလိုပဲ။ ထားပါတော့လေ ကိုယ်ကတော့ လွတ်လွတ်လပ်လပ် ဝန်ခံချင်နေတုန်း။ သူ့ကို မြတ်နိုးကိုးစားတဲ့ အကြောင်းကိုလေ။

အင်း . . . အခုတော့ သူနဲ့ဆုံတွေ့ခဲ့ပုံလေးကို ပြောပြချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com

(၁)

မိုးမလင်းခင် သိချင်တယ်
ဆည်းလည်းရှိပြီးမှ
အသံမရှိရဘူးဆိုရင်
ဒီ မတရားတာပဲ။



(၂)

ဖိနပ်မှာ စက္ကူကပ်
နတ်ဆိုးရဲ့ ညစာစားပွဲကို
ခပ်မိုက်မိုက် တက်ခဲ့တယ်
ဖြည်းဖြည်းပြောပါ ရေတံခွန်ကြီးရဲ့
ရှုလိုင်ဆီက အဆစ်တောင်းပေးပါ့မယ်



www.burmeseclassic.com

www.burmeseclassic.com

(၃)

ပင်လယ်အဟောင်းထဲမှာ တွေ့ခဲ့တာပါပဲ
ပထမချောက် အိပ်မက်မှာပဲ
အိုးခြမ်းပဲ့ကလေးက 'သာ' လို့
မကုတ်ခြစ်တဲ့ထင်မယ့် အစင်းကြောင်းတွေနဲ့
သူမနဲ့ ကျေးရွာကလေးကို
စာလုံးပေါင်းခဲ့ပါ့မယ်။



(၁)

အဲဒီညက ကိုယ်က အလောတကြီးပဲလေ။ တစ်နေ့ကုန် စာကြည့်တိုက်ထဲမှာ ရှိနေခဲ့တာ။ အိုးဟိုး . . . စာတွေကြိုးစားလှချည်လားလို့လည်း အထင်ကြီးမစောနဲ့ဦး။ ကိုယ်က စာကြည့်တိုက်မှာ သူများကျွေးတဲ့ လက်ဖက်သုပ်စား၊ လက်ဖက်ရည်သောက်ပြီး နေခဲ့တာလေ။ အင်း . . . တစ်ရေးတစ်မောလည်း အိပ်ခဲ့သေး။ အခုလို အပြန်ကျမှ နောက်ကျတော့တာပဲ။

ကိုယ့်ရဲ့ အလောတကြီးနိုင်မှုက ရန်ကုန်မြို့တော်ရဲ့ ညလမ်းမကြီးတွေကို ဆူညံသွားစေတယ်လေ။

"ပွမ် . . . ပွမ် . . . "

"တီ . . . တီ . . . တီ . . . "

"သူတောင်းစား . . . ဘယ်လိုလမ်းကူးနေတာလဲ"

"ဟာ . . . ခွေးနဲ့မှပဲ"



www.burmeseclassic.com

www.burmeseclassic.com

အဲဒီ ဖရုသဝါစာတွေကို မကြားချင်ယောင်ဆောင်ပြီး ကိုယ် လမ်းတွေအလီလီကို ဖြတ်ကျော်ကူးခဲ့တယ်။ ဒီအချိန် လိုင်းကားဂိတ်မှာ လူကြပ်တော့မှာလေ။ အမြန်ရောက်နိုင်မှ ကိုယ့်အတွက် အသက်ရှူပေါက် နေရာလေးရမှာ မဟုတ်လား။

ဒါပေမဲ့ တစ်နေရာမှာတော့ ကိုယ့်ရဲ့ခြေလှမ်းက တုန့်ခနဲရပ်သွား ရတယ်။ Fancy ပစ္စည်း အရောင်းဆိုင်လေးတစ်ခုရှေ့မှာပါ။ ဆိုင်ထဲက တစ်စုံတစ်ရာကို မြင်လိုက်ရလို့ပေါ့။ ပခုံးတစ်ဖက်မှာပဲ ချိတ်လွယ်ထား တဲ့ ကျောပိုးအိတ်ကို သက်သောင့်သက်သာဖြစ်အောင် ပြင်လွယ်ပြီး ကိုယ် ဆိုင်ကလေးအနား ကပ်ခဲ့တယ်။

Fancy ပစ္စည်းဆိုင်ကလေးမို့လို့ အထဲမှာ ကိုယ့်လိုပဲ လူငယ်လေး တွေ မနည်းမများရှိနေကြတယ်။ ပွဲတော်ရက်မဟုတ်ပေမယ့် ချောကလက် ဝယ်နေတဲ့ စုံတွဲလေးတွေကိုလည်း တွေ့ရသေးတယ်။

ဒီဆိုင်ထဲမှာ ကိုယ်စိတ်ဝင်စားတာက အရုပ်ကလေးတစ်ရုပ်ကို ပါ။ ဒီအရုပ်ကလေးကြောင့်ပဲ ဒီဆိုင်ထဲကို ကိုယ်ရောက်ခဲ့မဟုတ်လား။

လမ်းဘက်ကို မျက်နှာမူထားတဲ့ မှန်ကောင်တာလေးထဲမှာ ဒီအရုပ်လေးက ရှိနေတာပါ။ အရုပ်လေးက အရမ်းထူးခြားတဲ့ အရုပ်မျိုး တော့ မဟုတ်ပါဘူး။ ကြယ်နှင်တံလေးကို ကိုင်ထားတဲ့ နတ်သမီးရုပ် လေးပါပဲ။

ပုံပြင်ဆန်ဆန် ဂါဝန်ဝဲဝဲလေး၊ ဘော်ကြယ်ရောင် တလက်လက် လေးနဲ့ပေါ့။ ကိုယ်ကလည်း ကိုယ်ပဲ။ ဘာကြောင့်မှန်းမသိဘူး လမ်းပေါ် ကနေ ရုတ်တရက်လှမ်းတွေ့လိုက်ရုံနဲ့ ဒီအရုပ်လေးကို လိုချင်မိခဲ့တယ် လေ။

မှန်ကောင်တာက ဖွင့်ထားပြီးသားပါ။ အဲဒါကြောင့် အထဲက အရုပ်လေးကို အလွယ်တကူ ယူကြည့်နိုင်တာပေါ့။ အဲဒါနဲ့ ကိုယ်လည်း အရုပ်ကလေးကို လှမ်းယူကြည့်ဖို့ ပြင်ဆင်မှာပဲ . . .

တိုက်ဆိုင်စွာပဲ ကိုယ့်လိုပဲ တခြားလက်တစ်စုံကလည်း အရုပ် ကလေးအပေါ် ကမ်းဖို့ ရောက်လာတယ်။



ဒါပေမဲ့ လေထဲမှာပဲ လက်တွေက ရပ်တန့်သွားတယ်။

သူလည်း မကမ်းဖြစ်သလို၊ ကိုယ်လည်း မလှမ်းဖြစ်ဘူး။

အဲဒီလက်ကလေးကို ကြည့်လိုက်တော့ မိန်းကလေးတစ် ယောက်ရဲ့ လက်ကလေးမှန်း ကိုယ်သိလိုက်တယ်။

“ . . . ”

ကိုယ် သူ့ကိုမော့ကြည့်မိသလို သူကလည်း ကိုယ့်ကို ငုံ့ကြည့် လာတယ်။

ကိုယ်က ဆောင့်ကြောင့်ထိုင်နေတာဖြစ်ပြီး သူက ရပ်လျက်အနေ အထားနဲ့ ခါးလေးငုံ့ကိုင်းနေတယ်။ မထင်မှတ်ဘဲ ဆုံမိတဲ့အကြည့်က လည်း စက္ကန့်နည်းနည်းရှည်လျားသွားတယ်။

“အဟင်း . . . ”

ခပ်သဲ့သဲ့ပြုံးပြပြီး ကမ်းလက်စလက်ကို ရုပ်တယ်။ ပြီးတော့ ဘာမှမပြောဘဲ အရုပ်ကလေးကို တစ်ချက်ကြည့်ပြီး သူထွက်သွားတယ်။

ကိုယ့်မှာတော့ ရုတ်တရက် ဘာလုပ်ရမှန်းမသိဘဲ ကျန်ခဲ့ရ။

ကိုယ့်အမြင်ကို ခံစားရတဲ့အတိုင်း ရှင်းရှင်းပြောပြမယ်။

သူက သိပ်လှတယ်။ ပြီးတော့ ချစ်စရာလည်း ကောင်းတယ်။ ဘာမှန်းမသိဘဲ မျက်နှာလေးကို မြင်လိုက်ရရုံနဲ့ ယဉ်ကျေးတယ်လို့ ခံ စားသွားရတယ်။ အဲဒီလောက်ပဲ အကျဉ်းချုပ် ခံစားလိုက်ရတယ်။ အကျယ် ပြန့်ခံစားဖို့ အချိန်မရလိုက်ဘူးလေ။ ကိုယ်ကောင်တာမှာ အရုပ်လေး အတွက် ငွေရှင်းပြီး သူ့နောက်ကို အပြေးလိုက်ခဲ့တယ်။

အဲဒီအချိန်မှာ မြင်မြင်ချင်းအချစ်တို့၊ ချစ်ခြင်းအစ မျက်ဝန်းက စတဲ့ စကားလုံးတွေကိုလည်း သတိရသင့်ပေမယ့် ကိုယ် သတိမရခဲ့ဘူး လေ။

ကိုယ် ဆိုင်အပြင်ရောက်တော့ သူက ဟိုဘက်လမ်း ကူးနေပြီ လေ။ ကိုယ်လည်း အမြန်ကူးလိုက်ရသေးတယ်။ ကားတဝီဝီနဲ့ တိုက် မလိုဖြစ်လို့ အဆဲခံရပြန်သေးတယ်။

“ကားတိုက်ရင် ဥုံဖွလုပ်မရဘူး . . . ကောင်လေးရ” တဲ့။

www.burmeseclassic.com

www.burmeseclassic.com

ကိုယ် မနာပါဘူး။ ရှက်လည်း မရှက်ပါဘူး။ အဲဒီလှမ်းဆဲတဲ့
ကားသမားကိုတောင် ကမန်းကတန်း ပြုံးပြလိုက်သေးတယ်။ ကားသမား
ကြီးကတော့ နားမလည်စွာကျန်ခဲ့မှာပေါ့။

ကိုယ်လည်း သူရှိတဲ့ဘက်ရောက်ရော သူက တက္ကစီငှားသလို
လမ်းဘက်ကို လက်ကလေးဆန့်ထုတ်နေတယ်။ ကိုယ်လည်း မယော
မလည်နဲ့ သူ့အနားသွားပြီး သူ့ကို အကဲခတ်နေလိုက်တယ်။ သူ့ဆံပ
လေးတွေက အိနေတာပဲ။ မကိုင်ကြည့်ဖူးဘဲနဲ့ ကိုယ် သိနေတယ်။ သ
ကတော့ ကိုယ်အနားနေမှန်း မသိပါဘူး။ သူ့ပုံကလည်း အိမ်ပြန်နောက
ကျလို့ စိုးရိမ်နေတဲ့ပုံပဲ။ အဖြူရောင်အိတ်ကလေးတစ်လုံးကိုတော့ လက
မောင်းတစ်ဖက်မှာ သူ လွယ်ထားသေးတယ်။

ခဏကြာတော့ တက္ကစီတစ်စီး အနားရောက်လာပါတယ်။

"မြောက်ဥက္ကလာ သွားချင်လို့ရှင့်"

အဲဒါ သူပြောတဲ့အသံပါ။ ကိုယ်ကလည်း သူ့အသံနားထော
ပြီး ထပ်ချပ်မကွာ လိုက်ပြောမိတယ်။

"ကျွန်တော်လည်း မြောက်ဥက္ကလာသွားမလို့"

အဲဒီတော့မှ သူက ကိုယ့်ကို ကြည့်လာတယ်။ ခုနကမှ တွေ့
တဲ့လူမို့လည်း မှတ်မိသွားပါတယ်။

ကားသမားကတော့ ကိုယ်တို့နှစ်ယောက်ကိုကြည့်ပြီး . . .

"အတူတူပဲလား"

လို့မေးတယ်။

"ဟင့်အင်း . . . မတူပါဘူး"

အဲဒါ သူဖြေတာ။ ဒါပေမဲ့ ကားသမားကလည်း ခရီးသည်နှ
ယောက် လိုချင်တာပေါ့လေ။

"ဩော် . . . ခရီးက တူတာပဲမို့လား။ အတူတက်လိုက်ကြ
လား"

ကိုယ်ပျော်သွားတယ်လေ။



သူကတော့ ပခုံးကလေးကို နှိမ့်ပြီး သက်ပြင်းချလိုက်သေးတယ်။
ငြင်းခုန်ရတာလည်း ဝါသနာမပါသလို အိမ်ပြန်ရမှာလည်း နောက်ကျ
နေတာကြောင့် ထင်ပါရဲ့။ သူ ကားတံခါးဖွင့်ပြီး ဝင်ထိုင်လိုက်တယ်။
ကိုယ်လည်း သူထိုင်တဲ့ ကားနောက်ခန်းထဲပဲ ဝင်ထိုင်လိုက်တယ်။

ကားထဲက မှောင်တယ်။ သူက ဓာတ်မီးသေးသေးလေးဖွင့်ပြီး
ဂျာနယ်တစ်စောင်ကို ဖတ်နေလိုက်တယ်။ ကိုယ်ကလည်း အားကျမခံ
ကျောပိုးအိတ်ထဲက စာအုပ်တစ်အုပ်ကို ထုတ်ကိုင်ထားလိုက်တယ်။

သူနဲ့ကိုယ်နဲ့က နတ်သမီးရုပ်လေးတစ်ရုပ်နဲ့ ဆုံခဲ့ရတဲ့ ရေစက်
ပေါ့။ အခု အဲဒီရေစက်ကို ဆွဲဖြဲချဲ့ထွင်ပြီး ပင်လယ်ပြင်ကြီး လုပ်ပစ်ချင်
ခဲ့ပြီ။

သူက စကားလည်း မပြောပါဘူး။ ဓာတ်မီးသေးသေးလေးနဲ့
စာကို ငုံ့ဖတ်ဆဲ။

"စာကို အဲဒီလိုမီးရောင်လောက်နဲ့ မဖတ်နဲ့။ မျက်လုံးပျက်တတ်
တယ်"

မနေနိုင်လို့ ကိုယ်ကပြောတော့ သူက ခေါင်းမော့ပြီး လူမှုရေး
ဆန်ဆန် ခေါင်းဆန်ပြတယ်။ ပြီးတော့ ကိုယ့်လက်ထဲက စာအုပ်ကိုလည်း
တစ်ချက်လှမ်းကြည့်လိုက်သေးတယ်။

တကယ်တော့ ကိုယ်ပြန်ရမယ့်အဆောင်က မြောက်ဥက္ကလာနဲ့
ခြားဆီပါပဲ။ သူ့ကြောင့်သာ ကိုယ်လည်း မြောက်ဥက္ကလာလိုက်ရတာ။
ဆို: . . . မြောက်ဥက္ကလာမှာ ဈာန်အောင်ရှိတာပဲ။ ဒီကောင့်ကိုပဲ ဒုက္ခ
ပေးရမှာပေါ့။ ကိုယ် အဲဒီလိုအတွေးရတယ်။

"ကောင်လေး . . . မင်းက ဘယ်မှာဆင်းမှာလဲ"

ကားသမားကြီးက မေ့တတ်လို့ထင်ပါရဲ့ ပြန်မေးတယ်လေ။

"မြောက်ဥက္ကလာပါ"

"သမီးကကော"

"မြောက်ဥက္ကလာပဲပေါ့"

"အင်း . . . အင်း . . . "



www.burmeseclassic.com

www.burmeseclassic.com

ကားကြီးက ဆက်လက်ထွက်ခွာတယ်။ ဒါပေမဲ့ တဖြည်းဖြည်း ကားက ကိုယ်မသိတဲ့လမ်းတွေဘက် ရောက်နေသလိုပဲ။

"ဦးလေး . . . ဘယ်လမ်းက မောင်းနေတာလဲ"

"ဩော် . . . ဒီဘက်မှာ ဖြတ်လမ်းရှိတယ်လေကွာ"

ကားသမားတွေက ပိုသိမှာပေါ့ဆိုပြီး ကိုယ် ငြိမ်နေလိုက်တယ်။ တဖြည်းဖြည်း တိုက်တာနိမ့်နိမ့်လေးတွေရှိတဲ့ဘက်ကိုလည်း ရောက်လာတယ်။ တိုက်တာတွေက နိမ့်တော့ ကောင်းကင်ကြီးကို ကျယ်ပြန့်လွတ်လပ်စွာ မြင်ရတယ်လေ။

သူက ပြတင်းပေါက်နားကပ်ပြီး ကောင်းကင်ကြီးကို ကြည့်နေတယ်။ ကိုယ် သူ့ကို အကဲခတ်နေမိတယ်လေ။ သူက ကောင်းကင်ကြီးသက်သက်ကို ခြုံကြည့်နေတာလား၊ ဒါမှမဟုတ် ကြယ်တစ်ပွင့်ချင်းစီကို လိုက်ကြည့်နေတာလား ကိုယ်မသိပါဘူး။ ဒါနဲ့ ကိုယ်လည်း ပြတင်းပေါက်နားကနေ သူ့လိုပဲ မိုးကောင်းကင်ထဲမော့ကြည့်ပြီး ရေရွတ်လိုက်တယ်။

"ကြယ်လေးတွေက လှလိုက်တာ။ ပင်လယ်ထဲမျောနေတဲ့ မှန်အိမ်လေးတွေလိုပဲ"

အဲဒီလို ခံစားမိသလောက် ကဗျာဆန်ကြည့်တော့ သူက ကိုယ့်ကို 'ဖျတ်' ခနဲ ကြည့်လာသေးတယ်။ ကိုယ်ကလည်း ဘယ်အလွတ်ပေးမလဲ။ သူ့အကြည့်ကို ရအောင်ဖမ်းယူပြီး သူ့ကို ပြန်ကြည့်လိုက်တယ်လေ။

ဘာမဆိုင်တဲ့ ကားသမားကြီးက ထရယ်တယ်။

"ဟား . . . ဟား . . . ဟား . . . ကြယ်တွေက လှမှာပေါ့ ကွ။ သူတို့က မီတာခမဆောင်ရဘဲ မီးထွန်းရတာကိုး။ ဟား . . . ဟား"

ရယ်လို့ဝတော့ ကိုယ်တို့ကို ဟာသလုပ်ပြီး လှမ်းမေးသေးတယ်။

"မင်းတို့နှစ်ယောက်က ကြယ်တွေဆီသွားချင်လား။ ငါလိုက်ပို့ပေးမယ်လေ"

"ဦးလေးက ကြယ်တွေဆီရောက်အောင် မောင်းနိုင်လို့လား"



"မောင်းနိုင်တာပေါ့ကွ"

"ဒါဆို မောင်းဗျာ . . . သွားရတာပေါ့"

"ဟား . . . ဟား . . . ဟား . . . မောင်းမယ်ကွာ"

ကိုယ်တို့စကားတွေကို ကြားတဲ့သူက တစ်ချက်ပြုံးသွားသေးတယ်။ ကားသမားကြီးကလည်း ပျော်တတ်ပုံပဲ၊ စကားပြောလို့ကောင်းတယ်။

သူကတော့ စာကိုပဲ ငုံ့ဖတ်နေပြန်တယ်။

ကားသမားကြီးကလည်း ဘာကဗျာတွေမှန်းမသိဘဲ မြူးမြူးတူးတူးရွတ်လာတော့တယ်။

"ဟား . . . ဟား . . . ခုနစ်စင်ကြယ် အမြီးထောင် ဂျမ်းပုံတင်ကြီးပြောင်"

လူပျိုလေးတွေဖြစ်တဲ့ ကိုယ်တို့က ရှက်တာပေါ့။ (သူလည်း အပျိုလေးပဲနေမှာပါ)။ ကားသမားကြီးကတော့ ကဗျာတွေ ဆက်ဆိုဆဲ။

"ဂျမ်းပုံတင်ကြီး ဘယ်လောက်ကြီး ရှဝ်ကြယ်လောက်ကြီး။ အဲလောက်ကြီးတဲ့ ဂျမ်းပုံတင် ဂင်းနစ်စံချိန်တင် . . . "

သူ့ကဗျာတွေကို ကိုယ်ဖြင့် တစ်ခါမှ မကြားဖူးဘူး။ နောက်ပြီး မြူးမြူးတူးတူး ကဗျာတွေရွတ်တာက လိုတာထက် ပိုလာသလိုပဲ။ ထိုင်နေလျက်နဲ့ ခုန်ဆွခုန်ဆွဖြစ်နေတယ်။

ဘေးဘီကိုကြည့်မိတော့လည်း လမ်းတွေက မြို့ပြင်လမ်းနဲ့ တူလာသလိုပဲ။ ဒါကို သူကလည်း သတိထားမိတာပေါ့။ ဒါပေမဲ့ စာပဲ ငုံ့ဖတ်ဆဲ။ တစ်အောင့်ကြာတော့ သူက ကိုယ့်ကို မျက်လုံးပြူးကြီးနဲ့ ကြည့်လာတယ်။

ပြီးတော့ သူဖတ်နေတဲ့ဂျာနယ်ကို ကိုယ်နဲ့နီးအောင် ထိုးပေးပြီး အဲဒီဂျာနယ်ထဲက သတင်းပိုဒ်တစ်ခုကို ခတ်မီးနဲ့ထိုးပြတယ်လေ။ သူ့ကို တစ်ချက်ကြည့်ပြီး ဂျာနယ်ကို ငုံ့ဖတ်လိုက်တော့မှ ကိုယ်လည်း မျက်လုံးပြူးရတော့တယ်။

ဂျာနယ်ထဲမှာ ကြော်ငြာတစ်ခု။



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာက စိတ်ဝေဒနာရှင်တစ်ယောက် ဆေးရုံကထွက်ပြေးပြီး ပျောက်ဆုံးနေကြောင်းသတင်း၊ တွေ့ရှိက အကြောင်းကြားရန်သတင်း၊ အဲဒီသတင်းအောက်မှာလည်း ပျောက်နေတဲ့ စိတ်ဝေဒနာသည်ရဲ့ဓာတ်ပုံကို ဖော်ပြထားတယ်။

အဲဒီဓာတ်ပုံထဲကလူကို သူသိသလို ကိုယ်လည်း သိသွားတယ်။ တခြားဘယ်ဟုတ်မလဲ။ အခု ကိုယ်တို့စီးတဲ့ကားကို မောင်းနေတဲ့ လူကြီးပေါ့။ ကိုယ်တို့ အရူးမောင်းတဲ့ကားကို စီးနေမိပြီ။

အဲဒီအရူးကြီး . . . အဲ . . . ကားသမားကြီးကတော့ ကဗျာတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ရွတ်လို့လေ။

"သောကြာကြယ်ကြီး လနဲ့နီး ဂျမ်းပုံယောင်းမပြင်းလုပ်စီး . . . ဟီး . . . ဟီး . . . ဟီး . . . ဟီး . . . ဟီး . . . ဟီး"

ကိုယ်ထင်တော့ ထင်သား။ သူရွတ်နေတဲ့ကဗျာတွေက မူမှမမှန်ပဲ။ ဘေးနားက သူကလည်း စိုးရိမ်ပူပန်နေရှာပြီလေ။

အခု ကားရောက်နေတာကလည်း မြို့ပြင်ဘက်။

"ဦးလေး . . . ဦးလေး . . . အခု ဘယ်မောင်းနေတာလဲ"

'ဟီးခနဲ' ရယ်ပြီး နောက်လှည့်ကြည့်တယ်။ သေချာတာပေါ့ ဂျာနယ်ထဲကဓာတ်ပုံက ဒီရုပ်ကြီး။

"ငါ ကြယ်တွေဆီ မောင်းနေတာလေ။ မင်းပဲ ကြယ်တွေဆီမောင်းဆို"

"ဟာ . . . အဲဒါ ဟာသလုပ်ပြောတာ"

"မရဘူး . . . ဟော့ကောင် မသိဘူး။ ငါကတော့ တကယ်ပဲ"

"ဟာ . . . မြောက်ဥက္ကလာ သွားမှာပါဆိုဗျာ"

"ကျွတ်"

ကောင်မလေးလည်း ဓာတ်ကျသွားပြီလေ။

"လာမပြောနဲ့။ ငါကတော့ ကြယ်တွေဆီပဲသွားမှာ။ ဂူး . . ."

ပါးစပ်ကလည်း အော်၊ ကားကလည်း အရှိန်မြင့်သွားတယ်။

"ဟာ . . . ဦးလေး မြို့ထဲပြန်မောင်းပေးပါဗျာ"



"မရဘူး ငါက ကြယ်တွေဆီပဲ။ မလိုက်ချင်နေခဲ့ကွာ"

စကားတွေကတော့ ဖိုက်တာကျနေပြီ။ ကိုယ် မြို့ထဲပြန်မောင်းပေးဖို့ အကြိမ်ကြိမ်တောင်းပန်သား။ မရဘူး။ သူက ကြယ်တွေဆီပဲသွားမယ် လုပ်နေတာလေ။

အကြံအိုက်လာတဲ့ ကောင်မလေးကပဲ ဝင်ပြောရတော့တယ်။

"ကဲ . . . ဦးလေး၊ ကျွန်မ ကြယ်တွေဆီမလိုက်ချင်လို့ နေခဲ့ပါရစေတော့ရှင်"

"ရတယ်လေ မလိုက်ချင် နေခဲ့ပေါ့"

ကားသမားကြီးက ကားကို ကျွီခနဲ အရှိန်နဲ့ ဘရိတ်အုပ်လိုက်တယ်။ နောက်ဘီးတွေတောင် 'ရွှီးခနဲ' ယိမ်းသွားသေးတယ်။

ကောင်မလေး ကားတံခါးဖွင့်ပြီး အမြန်ဆင်းတယ်။ ကိုယ်လည်း သူနဲ့လိုက်ဆင်းသွားတယ်။

"မလိုက်ချင် နေခဲ့ကြပေါ့ကွာ"

ဆိုပြီး ကားသမားကြီးက ဆက်မောင်းထွက်သွားတယ်။

ကားပေါ်ကဆင်းတော့ ကိုယ်တို့နှစ်ယောက် အသက်လုရှူလိုက်ရသလိုပဲ မောနေကြတယ်။ သူက ဆောင့်ကြောင့်ထိုင်ပြီး ဆံပင်စုလေးတွေကို သပ်တင်လိုက်ပြီး သက်ပြင်းလေးချနေတယ်။ ပြီးမှ ပြန်ထလာပြီး ကိုယ့်ကိုကြည့်ပြီး တသိမ့်သိမ့်တုန်အောင်ရယ်တယ်။

"ကောင်းတယ် . . . ကြယ်တွေဆီ သွားချင်ဦး"

ပြောပြီး ဆက်ရယ်နေသေးတယ်။ ကိုယ်ကလည်း ခြေပစ်လက်ပစ် မြို့ပြင်လမ်းကြီးပေါ် ထိုင်ချရင်း . . .

ကိုယ်က ဟာသလုပ်တာပါ။ သူရူးနေမှန်း ကိုယ်မှမသိဘဲကို။ သူ အရယ်ရပ်ပြီး ကိုယ့်ကိုမကြည့်တော့ဘဲ အိတ်ထဲကတစ်ခုခုကို နှိုက်ယူလိုက်တယ်။ ဖုန်းကိုယူတာပါ။ ပြီးတော့ သူ့အိမ်ကိုထင်တယ် ဖုန်းဆက်တယ်။

"ကိုကြီးလား . . . အင်း . . . ညီမလေးပါ"

". . ."



www.burmeseclassic.com

www.burmeseclassic.com

သူက ဘာမှဆက်မပြောရသေးဘူး ဟိုဘက်က ဆူပူနေပုံပဲ။ သူ့မျက်နှာလေးက ရှုံ့ရှုံ့သွားတယ်လေ။

"အင်းပါ . . . ညီမလေး စောစောပြန်လာတယ်။ ဒါပေမဲ့ လမ်းမှာ . . . "

သူက ဖြစ်ရပ်မှန်ကို ရှင်းပြတာတောင် ဟိုဘက်က ဆူပူနေတုန်း။ အင်းလေ . . . ဖြစ်ရပ်ကလည်း အရူးတစ်ယောက်နဲ့တွေ့တဲ့ ရူးနှမ်းနှမ်း ဖြစ်ရပ်ဆိုတော့ ရှင်းပြရခက်ကြီးလေ။

ဖုန်းဆက်ပြီးတော့ သူ့မျက်နှာလေးက ခုနကလို မဟုတ်တော့ဘူး။ မှိုင်းအုံ့အုံ့ကလေး ညိုသွားပြီ။ တစ်ခုခုကို တော်တော်စိတ်ညစ်သွားတဲ့ပုံပဲ။ ပြီးမှ ကိုယ့်ကို သတိရပြီး . . .

"ခဏနေ ကျွန်မအိမ်က ကားလာလိမ့်မယ်။ ရှင်စိတ်မပူပါနဲ့"

"အင်း . . . "

ကိုယ် ခေါင်းညိတ်ပြလိုက်တယ်။

မြို့ပြင်ညက အေးတယ်။ ကားလမ်းမကလည်း ခပ်စိမ့်စိမ့်အငွေ့တွေကို မှုတ်ထုတ်နေတယ်။ လမ်းနံဘေးက သစ်ပင်တွေကလည်း ဝူးဝူးဝဲဝဲ လှုပ်ခတ်နေသေး။

ကိုယ်က ပတ်ဝန်းကျင်ကိုကြည့်ပြီး သူ့ကိုပြန်ကြည့်မိတော့ သူက အဝေးကြယ်တွေကို ရွှန်းရွှန်းစားစား ငေးနေတယ်လေ။ သူ့ရဲ့ နူးညံ့တဲ့ဆံနွယ်တွေလည်း လေနှင်ရာကို ချွန်းချွန်းဝဲဝဲလွင့်လို့။ လခြမ်းရောင် အလင်းဖျော့ဖျော့မှာ သူ အစွမ်းကုန် လှနေတော့တယ်။

တော်တော်လေးကြာမှ သူ့အိမ်က ကားရောက်လာပါတယ်။ ကားရပ်တော့ ကမန်းကတန်းဆင်းလာသူက အရပ်အမောင်းကောင်းကောင်းနဲ့လူပေါ့။ လူလတ်ပိုင်းပဲ။ ဥပမိရုပ်လည်း သန့်ပါတယ်။ အဲဒီလူက . . .

"လာ . . . ညီမလေး ကားပေါ်တက်"

ဆိုပြီး သူ့လက်ကိုဆောင့်ဆွဲခေါ်တယ်။ ကိုယ့်ကိုလည်း မသင်္ကာသလို ခပ်စူးစူးကြည့်သေးတယ်။ ကိုယ် နားလည်ပေးလိုက်ပါတယ်။ ဒီလို



အချိန် ဒီလိုနေရာမှာ သူစိမ်းယောကျ်ားလေးတစ်ယောက်နဲ့ အတူရှိနေတဲ့ ညီမတစ်ယောက်အတွက် သူ ဒီလိုပဲ ခံစားရမှာပေါ့။

"ကိုကို . . . သူ့ကိုကော လမ်းကြုံခေါ်သွားပေးလိုက်ပါလား"

သူက ကိုယ့်အတွက်ပြောပေးပေမယ့် သူ့အစ်ကိုကတော့ လုံးဝပဲလေ။

"မခေါ်ဘူး"

ဒီထက်လည်း ပိုမပြောဘဲ သူ့ညီမကို ကားပေါ်ဆွဲတင်ပြီး မောင်းထွက်သွားတယ်။

ကိုယ်ပဲ မယောင်မလည်နဲ့ ကျန်ခဲ့ရတယ်လေ။

လမ်းကြုံရှာရဦးမယ်။ လမ်းကြုံမရှိရင် အဝေးကြီး လမ်းလျှောက်ရဦးမယ်။ ခြော် . . . ဒုက္ခ . . . ဒုက္ခ။ ကောင်းကင်ကို မော့ကြည့်မိသေး။

"ဟွန်း . . . လှလည်းလှဘူး"

သူမရှိတော့ ကြယ်တွေလည်း ရုပ်ဆိုးရပေါ့။



www.burmeseclassic.com

www.burmeseclassic.com

## (၂)

တကူးတကကြီးမေ့ဖို့ မကြိုးစားရက်ခဲ့ဘူး။

အမှတ်တမဲ့ ဆုံခဲ့ရတယ်ဆိုပေမဲ့ ကိုယ်အမြဲအသစ်ဖြစ်အောင် ပြန်ပြန်တွေးပြီး သတိရနေခဲ့တယ်။ ဒါပေမဲ့ နောက်တစ်ခါလည်း သူနဲ့ ထပ်မတွေ့နိုင်တော့ဘူးလို့ ထင်ခဲ့တာ အမှန်ပါ။

ကျောင်းဖွင့်ရက် ကင်န်တင်းထိုင်တော့ အဲဒီညကအကြောင်းတွေကို ပြန်ပြောပြလိုက်တယ်။ ဈာန်အောင်တို့က ပြောပြီးသားမို့ ကျော်ကျော်တင့်နဲ့ မော်ကြီးကိုသာ ကိုယ် အမိကပြောပြမိတယ်။

ကိုယ့်စကားတွေဆုံးတော့ ဒီကောင်တွေက ရယ်စရာမဟုတ်ဘဲ ရယ်ကြတယ်။

"အရူးရေစက်ပေါ့ . . . ဟုတ်လား။ ဟား . . . ဟား . . . ဟား"

ကိုယ်ကငြိုငြိုငြင်ငြင်ကြည့်ပစ်တော့ ဈာန်အောင်က ကဗျာရေးနေရာကနေ စကားလုံးလှလှလေးနဲ့ ပြန်အစားထိုးပေးရှာတယ်။

"ကြယ်တာရာဖူးစာလို့ ပြောစမ်းပါကွာ" တဲ့။



ကိုယ် ဈာန်အောင်ကို ကျေးဇူးတင်လိုက်တယ်။ ဈာန်အောင်က ရေးလက်စကဗျာကို ရပ်ပြီး ပြောသေးတယ်။

"၁၉ ရာစုတုန်းက တွမ်ဟုဒ်ဆိုတဲ့ ကဗျာဆရာတစ်ယောက်ရှိခဲ့တယ်ကွ။ သူက သူ့ရဲ့ခြေအတုကို ရွှေသားစစ်စစ်နဲ့ လုပ်ခဲ့တယ်ဆိုပဲကွ"

"တယ်ဟုတ်ပါလား"

" 'ထော' လှချည်လား"

ဈာန်အောင်က ဆက်ပြောသေး။

"အေး . . . ငါသိချင်တာက သူက ကဗျာတွေကို ဘယ်မဂ္ဂဇင်းတိုက်တွေကို သွားပို့လို့ ဒီလောက် ချမ်းသာသွားရတာလဲ"

ကိုယ်တို့ တသောသော ထရယ်မိကြသေးတယ်လေ။

ကျောင်းမှာဆိုရင် ကိုယ်ကလည်း လူငယ်ထဲကလူငယ်ပဲ။ တစ်ခါတလေ ပျော်စရာရှိရင် ပျော်တယ်။ တည်စရာရှိရင်လည်း ရုပ်တည်ပေါ့။ ဘော်ဒါတွေစုံရင် ဗရုတ်ကျတာမျိုးတွေလည်း လုပ်ဖြစ်သေး။

ဘယ်ပင်လယ်မှာ မုန်တိုင်းရှိလို့လည်း မသိပါဘူး။ ဒီနေ့ မိုးနည်းနည်းအုံ့နေတယ်။ ကြွေအံ့မှုးမှုးသစ်ရွက်လေးတချို့တောင် မကြွေတော့ဘဲ ပေကပ်ကပ်နဲ့ သူ့အကိုင်းအခက်မှာ ပြန်ထိုင်နေတယ်။ ဒီနေ့အတွက် မနေတတ်ရင် ပျင်းလိမ့်မယ်။ ဒါကြောင့် တစ်ခုခုကို လှုပ်လှုပ်ရှားရှားလုပ်ချင်စိတ်လည်း ပေါ်နေတယ်။

ဒီအချိန်မှာပဲ ကိုယ်တို့ကိုအလုပ်ပေးဖို့ လူတစ်ယောက်က ဝရန်းသုန်းကာရောက်လာတယ်။

ညိုသွေးဆိုတဲ့ ကောင်ပေါ့။ (အခုထိုင်နေတဲ့ 'မဝေးဘူး' လို့ အမည်ရတဲ့ ကင်န်တင်းကလည်း သူ့ဦးလေးရဲ့ကင်န်တင်းပဲ။

"ဟေ့ကောင် . . . ဒီမှာကြည့်"

ဆိုပြီး သူ့ကျောပိုးအိတ်စေ့ကို ဖွင့်ပြီးပြတယ်။

"ငါ့ဦးလေးတစ်ယောက် နိုင်ငံခြားက လှမ်းပို့လိုက်တာ"

ဒီကောင်က တော်တော်ဦးလေးပေါတဲ့ကောင်။ သူပြခဲ့တာကို



www.burmeseclassic.com

www.burmeseclassic.com

ကြည့်လိုက်တော့ ကင်မရာ အကောင်းစားတစ်လုံး။

ကင်မရာကြီးကို ဆွဲထုတ်ပြီး ယူကြည့်လိုက်တော့ တံဆိပ်က သစ်ပြီး ဒီဇိုင်းက လန်းနေတယ်။ နောက်ပြီး ညီသွေးက ဆက်ဆွေးနွေးတယ်။

"ငါ မင်းတို့နဲ့ အလုပ်တစ်ခုလုပ်ချင်တယ်ကွ"

အားလုံးက ဘာလဲဆိုတဲ့သဘောနဲ့ ခေါင်းထောင်ကြည့်တော့ 'ဒီလိုကွာ' ဆိုပြီး ချက်ကျလက်ကျရှင်းပြဖို့ ခုံတစ်ခုံဆွဲထိုင်ပြီး ပြောတယ်။ ကစားနည်းတစ်ခုကို ရှင်းပြတာပါ။

မော်ကြီးက ငြင်းပါတယ်။

"ဟာ . . . အဲဒီလို ပေါက်ကရတွေ ကစားမှာများ မင်းရဲ့ဂီလိုတင် (Guillotin) အဖွဲ့နဲ့ သွားလုပ်ပါလား"

ညီသွေးမှာ ဂီလိုတင် (Guillotin) ဆိုတဲ့ အဖွဲ့ရှိတယ်။ သူတို့အဖွဲ့က ဂိမ်းတွေကစားကြတယ်။ အသစ်တွေလည်း ထွင်ပါတယ်။ မောင်မယ်သစ်လွင်ကြိုဆိုပွဲတွေမှာဆို သူတို့အဖွဲ့ရဲ့ဂိမ်းတွေကလည်း နေရာရတယ်ဗျ။ ကျောင်းမှာ ဒီကောင်တွေအဖွဲ့ကလည်း အထိုက်အလျောက် ကျော်ကြားတယ်။

မော်ကြီးစကားကို ညီသွေးက . . .

"ငါ့အဖွဲ့နဲ့ ကစားလို့မဖြစ်လို့ပေါ့ကွ။ ကျောင်းကလူတွေက ငါတို့အဖွဲ့ဆို သိပြီးသားဖြစ်နေလို့ကွ။ လုပ်ကြပါကွာ"

" . . . "

"လုပ်စမ်းပါ . . . ရဲထွဋ်ရာ လုပ်ရှားရအောင်ပါ"

ကိုယ့်ကိုလည်း ပြောလာတယ်။ ကိုယ်ကလည်း အားလုံးရဲ့မျက်နှာကို လိုက်ကြည့်လိုက်တယ်။ ဒီအတိုင်းနေလည်း ပျင်းစရာကောင်းမယ့်အတူတူဆိုပြီး သူ့အစီအစဉ်ကို ကိုယ်တို့ လက်ခံလိုက်တယ်။

"အိုကေ"

ဆိုပြီး ညီသွေးက လက်ခုပ်တီးတယ်။

• • •



ဒီနေရာမှာ ညီသွေးရဲ့ကစားနည်းကို ကိုယ် နည်းနည်းရှင်းပြချင်တယ်။ အရမ်းကြီး ထူးထူးခြားခြားတော့ မဟုတ်ပါဘူး။ လူတွေကို ရုပ်တည်နဲ့ အရူးလုပ်ရတဲ့ ကစားနည်းပါပဲ။ ရုပ်သံလိုင်းတစ်ခုမှာလည်း အဲဒီကစားနည်းအစီအစဉ်ကို အပတ်စဉ် တင်ဆက်နေပါတယ်။

"www.hahaha.com" မှာလည်း ရှာကြည့်လို့ရတယ်လို့ ပြောပါတယ်။

ကဲ . . . ကိုယ်တို့ အစီအစဉ်(၁) ကတော့ ဒီလိုပေါ့ . . .။



www.burmeseclassic.com

www.burmeseclassic.com

## ပြကွက် (၁)

ကျောင်းရဲ့ရှေ့ဝင်ပေါက်မှာ ကိုယ်နဲ့ ကျော်ကျော်တင့်နဲ့ သရုပ်ဆောင်ရပါတယ်။ ခက်ခက်ခဲခဲ မဟုတ်ပါဘူး။ ကောင်းကင်ကြီးကို ပါးစပ်အဟောင်းသားနဲ့ငေး၊ လက်ညှိုးတထိုးထိုးနဲ့ ကြည့်ကြတာပါ။

"ဟာ . . . ဟာ . . . "

ဆိုပြီး အံ့သြသံလေးတွေလည်း ဖြည့်စွက်လို့ပေါ့။

ကျော်ကျော်တင့်ကလည်း သရုပ်ဆောင်ကောင်းတယ်။ ဘာမှမရှိတဲ့ကောင်းကင်ကြီးကို လက်ညှိုးတထိုးထိုး မျက်မှန်တဝင့်ဝင့်နဲ့ ကြည့်ရှုံ့မက စာအုပ်တစ်အုပ်ကို ထုတ်ပြီးစာတွေ လျှောက်ခြစ်ပြန်တယ်။ ကောင်းကင်ကပဲ ထူးဆန်းတဲ့နိမိတ်တွေတွေ့လို့ လိုက်မှတ်နေတဲ့ပုံပေါ့။

"ဟာ . . . ဟာ . . . "

ကိုယ့်တို့က ဇွတ်တွေ အံ့သြပြနေတော့ ဘေးက ဖြတ်သွားဖြတ်လာတွေကလည်း ဘယ်နေနိုင်တော့မလဲ။ ကိုယ်တို့ကြည့်တဲ့နေရာ လိုက်ကြည့်ကြတာပေါ့။ ဘာမှမတွေ့ပေမယ့် သေချာလိုက်ကြည့်ကြတယ်။ တဖြည်းဖြည်း လိုက်ကြည့်တဲ့သူတွေက များလာပါရော။



ကိုယ်နဲ့ ကျော်ကျော်တင့် မရယ်မိအောင် ထိန်းထားရတယ်။

ဖြစ်ချင်တော့ ဖလော်မေဂျာက ဆရာကြီးတစ်ယောက်နဲ့ ဆိုက်ကိုမေဂျာက ဆရာကြီးတစ်ယောက်လည်း ရောက်လာပါတယ်။ အဲဒီမှာ ပွဲကပိုမြိုင်သွားတယ်။

ဘာမှမရှိတဲ့ ကောင်းကင်ကြီးကနေ ဘာတွေတွေ့ရှိ၊ အတွေးပေါက်သွားလည်း မသိပါဘူး။ ဒီလိုတွေ ထအော်ကြတယ်။

"အိုး . . . ဒါ နတ္ထိဆန်တဲ့ အနုပညာပဲ"

"လွတ်လပ်တဲ့ အလှတရားပဲ . . . သိပ်လှတယ်"

ဆရာတွေက လှတယ်ဆိုတော့ ကျန်တဲ့သူတွေကလည်း ပါးစပ်အဟောင်းသားနဲ့ လိုက်ကြည့်ကြပြန်တယ်။ တဖြည်းဖြည်းနဲ့ လာကြည့်တဲ့လူတွေ အုံခဲလာမှ ကိုယ်တို့ အသာလေး လစ်ထွက်ခဲ့ရတယ်။

ခပ်လှမ်းလှမ်းမှာတော့ အဲဒီ လာကြည့်တဲ့လူတွေရဲ့ မျက်နှာပုံတွေ၊ စိတ်လှုပ်ရှားဖြစ်ပျက်ပုံတွေကို ညိုသွေးက ကင်မရာအကောင်းစားနဲ့ ခိုးပြီး မှတ်တမ်းတင်နေတယ်လေ။ ကိုယ်တို့ တိတ်တိတ်လေးထွက်လာပြီး ခပ်ဝေးဝေးရောက်မှ တဟားဟားရယ်ကြတယ်။ အမောစို့အောင်ရယ်ရတယ်လေ။ ကဗျာသမားချာန်အောင်ကလည်း ပြုံးပြုံးပြုံးပြုံးနဲ့ လူတွေလူတွေဆိုပြီး ရေရွတ်နေသေးတယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ပြကွက် (၂)

ဒီတစ်ခါ အလှည့်ကျတာကတော့ မော်ကြီးနဲ့ ဈာန်အောင်ပဲ
အစီအစဉ်အရ ဒီကောင်တွေ သန့်စင်ခန်းထဲဝင်ကြတယ်။ သန့်စင်ခ
ဆိုတော့ သိကြတဲ့အတိုင်းပဲ အပေါ့သွားတဲ့လူတွေကလည်း အောင်ထ
သမျှကို 'အင့်ခနဲ' စိတ်ရှိလက်ရှိ လျှော့ချနေတဲ့အချိန်။ အလေးသွားတ
သူတွေကလည်း စိတ်ကူးလှလှလေးတွေယဉ်ပြီး ကိုယ့်ဈာန်နဲ့ကိုယ် ည
ထုတ်နေကြတဲ့အချိန်။

ဒီအချိန် ဈာန်အောင်နဲ့မော်ကြီးက ဘာလုပ်တယ်မှတ်လဲ။
ကောင်တွေက အပေါ့သွားချင်ယောင် ဟန်ဆောင်နေကြတယ်။ ဒီလိုဟ
ဆောင်ရင်းကနေ ရုတ်တရက် ထအော်ကြတယ်။

"ဟာ . . . ဘာကြီးတုံးဟ . . . ပြေး . . . ပြေး . . . ပြေ

"အမယ်လေး . . . ပြေးကြ . . . ပြေး . . . ပြေး . . . ပြေ

အလန့်တကြားထအော်ပြီး သေလုမတတ် ဦးဆောင်ပြေးကြ
တယ်။



တခြား ဇိမ်နဲ့ ကိစ္စရှင်းနေတဲ့သူတွေလည်း တစ်ဝက်တစ်ပျက်နဲ့ ထပြေးကြတယ်။ ဘာမှန်းမသိပေမယ့် ဝရုန်းသုန်းကား ထပြေးကြတယ်။ ကန်တော့ပါရဲ့ အလေးသွားလက်စလူတွေလည်း သက်ဆိုင်ရာနေရာတွေကို ဆေးကြောခဲ့ရဲ့လားမသိ။

ဖြုန်းစားကြီး လိပ်ပြာလွင့်မတတ် ထပြေးခဲ့ကြတာ တချို့ ပုဆိုးမှာလည်း ရှုံ့ရှုံ့တွေ့ရုံလို့ အကွက်လိုက်။ တချို့ဆို ဘောင်းဘီခါးပတ်ခေါင်းတွေ တွဲလောင်းကြီးနဲ့ (ဇစ်တော့ တပ်ပြီးသားနေမှာပါ)။ တချို့ဆို ခလုတ်တိုက်လို့ ဗိုင်းခနဲ လဲကြတယ်။

အဲဒီလို . . . အဲဒီလို . . . ဥဿျစ်သီးကြွေလို့ ထွက်ပြေးတဲ့ပုံပြင်လို အဖြစ်အပျက်ကိုလည်း မောင်ညိုသွေးက ကင်မရာနဲ့ မှတ်တမ်းတင်ခဲ့ပါတယ်။

အဲဒီလိုမျိုး ကျားအိမ်သာတွေ တော်တော်များများကိုလည်း ဇရုတ်ကျနိုင်ခဲ့တယ်။ အင်း . . . 'မ' အိမ်သာတွေသာ ဒီလိုလုပ်နိုင်ရင် သိပ်ကောင်းမှာလို့ ကျော်ကျော်တင့်က လျှာကြီးသပ်ပြီး ပြောသေးတယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ဖြစ္စဉ် (၃)

ဒီပြကွက်ကတော့ မချောင်ဘူး။ ကိုယ်တို့ နည်းနည်းစွန့်စာ
တယ်။ ပေါ့ပေါ့ပါးပါးလုပ်ရပေမယ့် ချွေးပြန်ရတယ်။

ကော်ရစ်တာပေါ်မှာပဲ သွားသွားလာလာနဲ့ လှုပ်ရှားရတာပေ
ကောင်မလေးတွေရဲ့ ဖိနပ်တွေကို နောက်ကနေ လိုက်နင်းကြတာလေ
မတော်တဆ သဘောမျိုးနဲ့ပေါ့။

ဈာန်အောင်နဲ့ကျော်ကျော်တင့်က တိုက်တန်းနစ်ကားအကြော
ပြောရင်း ရှေ့ကကောင်မလေးရဲ့ဖိနပ်ကို တက်နင်းတယ်။ ကောင်မလေ
ခြေကန့်လန့်ကြီး ဖြစ်သွားတာပေါ့။ လှည့်ပြီးရန်တွေ့တယ်။ ပါးကျိုးမယ
ဆိုပြီး လက်ဝါးထောင်ပြတယ်။ အဲဒီပုံကို ညီသွေးက ကင်မရာအကော
စားနဲ့ မှတ်တမ်းခိုးတင်နိုင်ခဲ့တယ်။

အဲဒီလို ဖိနပ်တွေလိုက်နင်းရတာ တချို့ဆို ဆောရီး . . .ဆော
လို့ တောင်းပန်ရင်ရပြီ။ တချို့ကျတော့ တော်တော်လေး ဖြေရှင်းယ
တယ်။ ကျော်ကျော်တင့်ဆို ပြဿနာတောင် ကြီးသွားသေးတယ်။
တက်နင်းတဲ့ဖိနပ်က ပြတ်သွားလို့လေ။ သူတက်နင်းတဲ့ ဖိနပ်ပိုင်ရှင်
လည်း ဖက်တီးမကြီးဗျ။



"လျှော်ပေး"

"ဩော် . . . မတော်တဆဖြစ်တာပါ အစ်မရဲ့"

"အေး . . . အလျှော်မပေးရင် အရေးပေါ်ရောက်သွားမယ်
နော်"

ဖက်တီးမကြီးက ရင်အုပ်ကားကားနဲ့ ခြိမ်းခြောက်လို့ ကိုယ်တို့
ငွေစိုက်ပြီး လျှော်ပေးခဲ့ရတယ်။ မနိုပ်ဘူး။

ဒီပြကွက်ကတော့ မတန်ဘူးလို့ ညီသွေးကိုယ်တိုင် ခေါင်းခါ
ရေရွတ်တယ်။

ဒါပေမဲ့ ကိုယ်တို့ အမှတ်မရှိပါဘူး။ လူတွေကို ကိုးရိုးကားရား
ဖြစ်အောင် အမျိုးမျိုး ထပ်လုပ်ပါသေးတယ်။ တစ်ခါမှမသိတဲ့ ကောင်မ
လေးကို 'နင် ဌေးတောက်ရွာက မိသာဇံမို့လား' ဆိုပြီး ရုပ်တည်ကြီးနဲ့
အတင်းလိုက်စကားပြောတာတွေ၊ ကော်ရစ်တာထောင့်ချိုးမှာ ပုန်းနေပြီး
လူလာမှ ဗြဲခနဲထွက်ခြောက်တာတွေကအစ လမ်းပေါ်မှာ ရေသန့်ဘူးကို
ကိုင်ပြီး စကားရပ်ပြောတဲ့ပုံစံနဲ့ နံဘေးကလူဖြတ်သွားမှ စကားပြောရင်း
ရေသီးတဲ့ဟန်နဲ့ အဲဒီဖြတ်သွားတဲ့လူကို ရေနဲ့ပန်းထုတ်တာတွေကောပဲ။
ကိုယ်တို့က ဆိုးပါတယ်။ သူတို့က စိတ်ဆိုးရင်လည်း ပြန်တောင်းပန်ရ
တာပေါ့။ မတော်တဆဆိုပြီးတော့လေ။

အဲဒီမှာ ကိုယ်အကြိုက်ဆုံး ပြကွက်တစ်ခုရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ကိုယ်အကြိုက်ဆုံးပြကွက် ( . . . . . )

ဒီပြကွက်က မိန်းကလေးတွေ ရုန်းစုရုန်းစုရှိကြတဲ့နေရာမှာ လိုက်
လုပ်ရတာပါ။

ရန်ဖြစ်တဲ့ပုံစံ ဟန်ဆောင်ကြတာပါ။ ပထမအနေနဲ့ ကိုယ်ရယ်၊
ဈာန်အောင်ရယ်၊ ကျော်ကျော်တင့်ရယ်က နောက်ကလိုက်တယ်။ မော်ကြီး
က တစ်ကိုယ်တည်းသမားဆိုတော့ ပြေးပြီးပုန်းရတယ်။ ပုန်းတော့လည်း
စီစဉ်ထားတဲ့အတိုင်း ရိုးရိုးမပုန်းဘဲ မိန်းကလေးတွေထိုင်နေတဲ့အုပ်စုထဲ
ဝင်ပုန်းရတယ်။

"ခဏလေးပါဗျာ . . . ကျွန်တော့်ကိုသတ်မယ့်လူတွေ နောက်
ကလိုက်လာလို့။ ခဏလေးပါဗျာ"

အဲဒီလိုပြောပြီး မိန်းကလေးတွေကြား ဝင်ပုန်းပြီးနေရတယ်။ မိန်း
ကလေးတွေကလည်း စိုးရိမ်ကြီးသူ အသည်းငယ်သူတွေမို့ မော်ကြီးကို
သူတို့လွယ်ထားတဲ့အိတ် သူတို့ခန္ဓာကိုယ်တွေနဲ့ ဝိုင်းအုံကာကွယ်ပေးလိုက်
ကြတယ်။



ကိုယ်တို့သုံးယောက်ကလည်း အဲဒီမိန်းကလေးအုပ်စုအနား
ရှူးရှူးရှားရှား ဒေါသတကြီးအမူအရာတွေနဲ့ မော်ကြီးကို လိုက်ရှာချင်
ယောင်ဆောင်ရတယ်။

မိန်းကလေးတွေခမျာ မော်ကြီးကို ကာကွယ်ပေးရင်း ချွေးပြန်
လို့လေ။

အဲဒါတွေကို ညိုသွေးကလည်း ခပ်လှမ်းလှမ်းကနေ သူ့ကင်မရာ
ကြီးနဲ့ အပီအပြင် မှတ်တမ်းတင်ခဲ့ပြန်တယ်။

ဒီတစ်ခါတော့ ကိုယ့်အလှည့်။ မိန်းကလေးအုပ်စုထဲ ပြေးပုန်း
ရမယ့်အလှည့်။ အဲဒီလို ကိုယ်ပြေးဝင်ပုန်းမယ့် မိန်းကလေးအဖွဲ့ဟာ
ဘယ်သူတွေမှန်း ကိုယ်ကြိုမသိခဲ့တာ အမှန်ပါ။

အင်း . . . အဲဒီလို ကြိုမသိခဲ့တာလည်း ကောင်းသွားပါတယ်။

ကိုယ် အလောတကြီးပြေးလာပြီး အဲဒီမိန်းကလေးအုပ်စုထဲ ဝင်
ထိုင်လိုက်တယ်။

"စိတ်မရှိပါနဲ့ဗျာ . . . အနောက်က ကျွန်တော့်ကိုသတ်မယ့်
သူ တွေ့လိုက်ကြ . . . ကြ . . . "

စကားပြောရင်းနဲ့ပဲ မိန်းကလေးတွေကို မော့ကြည့်လိုက်တော့
ကိုယ် စကားတွေ ထစ်ရပြီပေါ့။

ကိုယ်ဝင်ထိုင်မိတဲ့ မိန်းကလေးအုပ်စုက စိုးစိုးထွေးတို့အုပ်စုဖြစ်
နေတယ်လေ။ စိုးစိုးထွေးဆိုတာ ညိုသွေးရဲ့ အမြွှာညီမပေါ့။ စိုးစိုးထွေး
ဘားမှာတော့ အေးမွန်၊ ဥကျန်နဲ့ ပြီးတော့ သူ့ကို တွေ့လိုက်ရတယ်။

သူဆိုတာ ဘယ်သူလဲ။

သူဆိုတာ ကိုယ့်ရဲ့ နတ်သမီးရုပ်ကလေး။ အရှုံးမောင်းတဲ့ကား
ကို အတူတူစီးမိတဲ့ ကောင်မလေးလေ။

သူ့ကိုတွေ့တော့ ကိုယ် သိပ်အံ့ဩသွားတယ်။

ဒီလိုပဲ သူလည်း မျက်လုံးဝိုင်းသွားတယ်။

ကိုယ့်ကို လက်ညှိုးလေးနဲ့ မပီမသထိုးလာရင်း . . .

"ရှင် . . . ရှင် . . . ပါလား" တဲ့။



www.burmeseclassic.com

www.burmeseclassic.com

"ဟိုတစ်ညက အိမ်ပြန်ရောက်တော့ အဆူခံရသေးလား"

စကားအဖြစ်ပြောတာ မဟုတ်ပါဘူး။ ကိုယ် တကယ်သိချင်လို့ မေးလိုက်တာပါ။

သူက မျက်နှာညိုးညိုးလေးနဲ့ ခေါင်းညိတ်ပြရှာပါတယ်။ အဲဒီအချိန် စိုးစိုးထွေးက ထိုင်ရာကထပြီး ဝမ်းခေါင်းသံကြီးနဲ့ . . .

"ရဲထွန်း"

ဆိုပြီး ထအော်တယ်။

သူ့အသံကြောင့် ကိုယ်တွန့်သွားတယ်။ ဘယ်နေရာက တွန့်သွားတာလဲ သေချာမသိပေမယ့် ကိုယ်တွန့်သွားရတယ်။

စိုးစိုးထွေးကလည်း သူ့အစ်ကိုဦးဆောင်တဲ့ (Guillotin)အဖွဲ့ကပဲလေ။ အခု ကိုယ်ရန်ဖြစ်လို့ ထွက်ပြေးပြီး သူတို့ထဲဝင်ပုန်းတာကိုပဲ မယုံတော့ဘူးလေ။ ချက်ချင်းထပြီး ဘေးဘီကိုကြည့်တယ်။ ကိုယ့်ကို ဒေါသတကြီးနဲ့ လိုက်ရှာချင်ယောင်ဆောင်နေတဲ့ မော်ကြီး၊ ကျော်ကျော်တင့်နဲ့ ဈာန်အောင်တို့ကို သွားတွေ့တယ်။

ကိုယ်တို့အချင်းချင်း ရန်မဖြစ်တတ်မှန်း၊ ဖြစ်ရင်လည်း ဒီလောက်သတ်ကြပြေးကြတဲ့အထိ ဖြစ်မှာမဟုတ်မှန်း စိုးစိုးထွေးက သိပြီးသား။ အဲဒါကြောင့် ကိုယ်တို့ အလိမ်ပေါ်သွားတယ်လေ။

ကိုယ့်အလုညျ အဲဒီပြကွက်မအောင်မြင်ပေမယ့် သူ့ကိုတွေ့လိုက်ရလို့ ကိုယ့်အတွက် အများကြီး အကျိုးရှိစေခဲ့တယ်လေ။

ပြီးတော့ သူ့အကြောင်းတချို့ကိုလည်း သိခွင့်ရခဲ့တယ်လေ။ နေခြည်လို့ သူငယ်ချင်းတွေခေါ်ကြတဲ့ သူ့နာမည်အပြည့်အစုံက လင်းနေခြည်သွယ်တဲ့။ ပြီးတော့ စိုးစိုးထွေးတို့လို အင်္ဂလိပ်မေဂျာဖြစ်တာရယ်ကိုပေါ့။

အင်း . . . မယဉ်မရိုးလေး အမှတ်တမဲ့ ကိုယ်တွေ့မိတာလေးကို ဖြည့်ပြောရဦးမလား။ သူ့လည်ဝန်းဝန်းလေးနဲ့ ရင်ညွန့်အစပ်ကြားမှာ မှည့်နက်လေးတစ်လုံး ရှိသေးတယ်လေ။

ᅎ ᅎ ᅎ



(၃)

"ဟိုး . . . နောက်ဆုံးစာအုပ်စင်ရဲ့ အောက်ဆုံးအထပ်မှာထင်တယ်"

"သြော် . . . ဟုတ်ကဲ့ ကျေးဇူးပါ"

ကက်တလောက်ကြည့်ပြီး ကိုယ်လိုချင်တဲ့ စာအုပ်ကိုမေးတော့ စာရေးမလေးက အဲဒီလိုပြန်ဖြေတယ်။

ကျောင်းစာကြည့်တိုက်ထဲမှာ လူရှင်းနေတယ်။ ထိုင်သူမရှိတဲ့ ကုလားထိုင်ကြီးတွေတောင် အိပ်ငိုက်နေသလိုပဲ။

စာအုပ်စင်ရောက်တော့ စာအုပ်တွေစီထားတဲ့တစ်လျှောက် ဘေးတိုက်အနေအထားနဲ့ တရွေ့ရွေ့ရှာရင်း . . .

"အ . . . "

လူတစ်ယောက်နဲ့ ပခုံးချင်း တိုက်မိသွားတာပါ။ ဝင်တိုက်မိတဲ့သူကိုကြည့်တော့လည်း . . .

"ဟင် . . . "



www.burmeseclassic.com

www.burmeseclassic.com

"ဟင် . . . ဂြိုဟ်ဆိုးကြီး"

ဝင်တိုက်မိတဲ့သူက ကိုယ့်ရဲ့နတ်မိမယ်လေးပါ။ လင်းနေခြည် သွယ်လို့ခေါ်တဲ့ ကောင်မလေးပေါ့။ သူ့ကိုတွေ့လို့ ကိုယ် သိပ်ဝမ်းသာသွားတယ်။ ဒါပေမဲ့ သူ ကိုယ့်ကိုခေါ်တဲ့နာမည်ကြီးကတော့ မမိုက်ဘူး။

"ဘာ . . . ဘာဂြိုဟ်ဆိုးကြီးလဲ"

သူက လွှတ်ခနဲပြောမိသွားပေမယ့် ကိုယ်က ကြားမိသွားပြီလေ။ သူက ကိုယ့်ကို စုပုပ်ပုပ်ကြည့်ပြီး . . .

"ရှင်နဲ့တွေ့တိုင်း ကျွန်မ ကံမကောင်းဘူး။ အဲဒါကြောင့် ဂြိုဟ်ဆိုးကြီးလို့ပြောတာ ဘာဖြစ်လဲ"

"အောင်မာ . . . လူပုံက လေထိုးထားတဲ့ ပင်ဂွင်းရုပ်နဲ့ စွာလှချည်လား"

အပေါ်အဖြူ အောက်အနက် ဝတ်ဆင်ထားတဲ့ သူ့ဖက်ရှင်က ပင်ဂွင်းငှက်လေးလိုပဲ။

"တော်ပြီ . . . တော်ပြီ . . . ဂြိုဟ်ဆိုးကြီးနဲ့ မပြောတော့ဘူး"

ဆိုပြီး တကယ်မပြောတော့ဘဲ သူလိုချင်တဲ့စာအုပ်ကို ပြန်ရှာတယ်။ ကိုယ်လည်း ဟွန်းခနဲ နှာခေါင်းရှုံ့ပြလိုက်ပြီး ကိုယ်လိုချင်တဲ့ စာအုပ်ကို ပြန်ရှာတယ်။

"ဟာ . . . တွေ့ပြီ"

"ဟာ . . . တွေ့ပြီ"

သူရယ်ကိုယ်ရယ် လိုချင်တဲ့စာအုပ်အသီးသီးကို ရှာတွေ့သွားတယ်။

"ဟင် . . . ပထမပိုင်းကြီး"

"ဟင် . . . ဒုတိယပိုင်းကြီး"

တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြတယ်။ နောက်တော့ တစ်ယောက်လက်မှာကိုင်ထားတဲ့ စာအုပ်ကို တစ်ယောက် ကြည့်လိုက်ကြတယ်။

"ဟင် . . . "



"ဟင် . . . "

ဖြစ်ချင်တော့ ကိုယ်တို့နှစ်ယောက်လုံးရှာနေတဲ့ စာအုပ်က အတူတူဖြစ်နေတယ်။ အတူတူလည်း ရှာတွေ့ခဲ့ပါတယ်။ ဒါပေမဲ့ သူရှာတွေ့သွားတာက စာအုပ်ရဲ့ ပထမတွဲဖြစ်ပြီး ကိုယ်ရှာတွေ့တာက စာအုပ်ရဲ့ ဒုတိယတွဲဖြစ်နေတယ်လေ။

အဲဒီမှာပဲ တစ်ယောက်နဲ့တစ်ယောက် ဘုကြည့်ကြည့်ရပါရော။

"ဟွန်း . . . "

"ဟွန်း . . . "

တရုတ်သိုင်းကားထဲကလိုပဲဗျ။ သိုင်းကျမ်းလုကြမယ့် သိုင်းသမားနှစ်ယောက်ရဲ့ အကြည့်မျိုးတွေနဲ့။

"ပေး . . . ပေး . . . အဲဒီစာအုပ် ကျွန်မကိုပေး"

"ဘာလို့ပေးရမှာလဲ မင်းစာအုပ်သာ ငါ့ကိုပေး"

"ကျွန်မက ဒီစာအုပ်ရမှာကို ဖြစ်မှာ"

"ငါလည်း ဒီစာအုပ် ရမှဖြစ်မှာပဲ"

သူကိုယ့်ကို မျက်စောင်းပစ်လိုက်တယ်။ ပြီးတော့ သူ့နှုတ်ခမ်းသေးသေးလေးနဲ့ မကြားတကြားပြောသေးတယ်။

'ဂြိုဟ်ဆိုးကြီး' တဲ့။

ပြီးတော့ ဘာစကားမှ မပြောဖြစ်ဘဲ ကိုယ်တို့ ခဏငြိမ်မိသွားတယ်။

အဲဒီအချိန် ကိုယ်တို့အနားကို ဆရာကြီးတစ်ယောက် ရောက်လာပါတယ်။ ဘယ်မေဂျာက ဆရာကြီးလည်းမသိဘူး။ မည်းမည်းဝဝကြီးပဲ။ ဘာလုပ်ချင်လို့လဲတော့ မသိဘူး။ ပုဆိုးကိုလည်း ခါးပုံစအကြီးကြီးထွက်အောင် ဝတ်ထားတယ်။ သူက ကိုယ်တို့နှစ်ယောက်ကို မမြင်ပါဘူး ကိုယ်တို့နှစ်ယောက်က စာအုပ်စင်အောက်ဆုံးအထပ်မှာ စာအုပ်ရွေးတာမို့လို့ ငုတ်တုတ်ထိုင်ပြီး ရွေးရတာလေ။ ဆရာကြီးကတော့ စာအုပ်စင် အပေါ်ဆုံးထပ်မှာ ရွေးနေတာမို့လို့ မတ်တတ်ကြီးပေါ့။ အဲဒါကြောင့် ကိုယ်တို့ကို အလွယ်မမြင်ဘူးပေါ့။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီနောက် သူက ကိုယ်တို့ကိုကျောပေးပြီး စာအုပ်ရွေးနေရာကနေ အင်း . . . ဘယ်လိုပြောရမလဲ ရတနာအိုးစည်က ဗျိုးမြည်လာတယ်ပဲ ဆိုပါတော့။

" . . . "

သံရှည်ဆွဲပြီးကို အကွန့်လေး အတွန့်လေးတွေနဲ့ ပစ်ဖောက်လာတာဗျ။ လေလည်တာကို ပြောတာပါ။

တစ်ခဏချင်း ဟောင်ထွက်လာတဲ့ သူ့အနံ့ကြီးကြောင့် ကိုယ်တို့နှစ်ယောက် ပါးစပ်လည်းပိတ် နှာခေါင်းကိုလည်း လက်နဲ့ အုပ်လိုက်ရတယ်။ ဆိုးဝါးလိုက်တဲ့အနံ့ကြီး။

နံ့ပေမယ့် ကိုယ်တို့ ငြိမ်နေလိုက်ပါတယ်။

သူက လူမရှိဘူးထင်လို့ ဒီလောက်အတင့်ရဲပြီး အားရပါးရပေါက်တာလေ။ လူရှိမှန်းသိရင် သူရှက်သွားမှာပေါ့။ အဲဒီလို ကိုယ်ချင်းစာစိတ်က ကိုယ်တို့နှစ်ယောက်စလုံးမှာ ရှိကြတယ်။

အဲဒါကြောင့် သူရှက်မှာစိုးလို့ ကိုယ်တို့ လူလုံးထွက်မပြဘဲ ငြိမ်နေလိုက်တယ်။

ဒါပေမဲ့ သူကမရဘူး။ နောက်တစ်ချက် ထပ်လွှတ်တယ်။

" . . . "

ဒီတစ်ခါလည်း အသံက အောင်တာပဲ။ ခုနကလို အတွန့်လေး အကွန့်လေးနဲ့ပဲ။ အဆုံးသတ်ခါနီး 'ပိ' ဆိုပြီး ဘရိတ်အုတ်သံလေးနဲ့ ရပ်သွားတယ်။

အသံရပ်ပြီးမှ အနံ့က ဆက်ထွက်လာတယ်။

အိုး . . . ဟိုး . . . ဟိုး . . . အနံ့ကလည်း ပါရမီပါတယ်ဗျ။

သူ့မျက်နှာလှလှလေးတောင် ရှုံ့မဲ့သွားတယ်။

"ဒညင်းသီး ဆားရေစိမ်အနံ့ကွ"

ကိုယ်ကပြောတော့ သူက ပြုံးချင်သွားတယ်။ ဒါပေမဲ့ မပြုံးနိုင်ရှာဘူး။ နှာခေါင်းကို ပိတ်ထားရဆဲ။



ဆရာကြီး သူ့ပုဆိုးစကို တဖောင်းဖောင်းရိုက်ခါပြီး အနံ့တွေကို ဖြည်ချတယ်။ ပြီးတော့လည်း မပြီးသေးပါဘူး။

"ရွှတ်"

ဆိုပြီး နောက်တစ်လုံး လှုပ်ရှားပြန်တယ်။

ဒီတစ်ခါလည်း အသံဖော့ပေမယ့် အနံ့က မပျော့ဘူးဗျ။ ပိုပြင်းလာတယ်။ အနန္တဂိုဏ်းဝင် ဆရာရှင်ဆိုတော့လည်း ကိုယ်တို့ ပြန်မပြောသာဘူး။ သူ ရှက်သွားမှာစိုးလို့ ဆက်သည်းခံပြီး ငြိမ်ပေးလိုက်ရတယ်။

ကောင်မလေးလည်း လေသံသဲ့သဲ့နဲ့ ပြောရှာပါသေးတယ်။

"ဒီတစ်ခါ ပဲပုပ်အနံ့ဟ"

ကိုယ့်မှာ နံရတဲ့ကြားထဲ ရယ်ချင်သွားတယ်။ သူကတော့ သူ့ဘာသာသူပြောပြီး 'ခွိခနဲ' အသံထွက်ရယ်မိသွားတယ်။

ဒီတော့မှ ဆရာကြီးက ဘေးဘီကိုကြည့်ပြီး ကိုယ်တို့ကိုတွေ့သွားတော့တယ်။

"ဟာ . . . မင်းတို့ . . . မင်းတို့ . . . "

ကိုယ်တို့ကိုမြင်တော့ ဆရာကြီး လန့်သွားတယ်။ လန့်ရုံနဲ့မပြီးဘဲ ရှက်လည်း ရှက်နေတယ်။ သူ့ပုဆိုးကြီးကို မကျွတ်ဘဲနဲ့ ပြန်ပြင်ဝတ်ပြီး ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေတယ်။

"မင်းတို့ ခိုးကြောင်ခိုးဝှက်နဲ့ ဘာလုပ်နေကြတာလဲ"

ဆရာကြီးရဲ့အီးကို ရှူနေကြတာလေလို့ ပြောရမှာမကောင်းလို့ 'အဟဲ' ဆိုပြီး ခပ်ကျဲကျဲရယ်ပြလိုက်တယ်။ ပြီးမှ . . .

"စာအုပ်ရှာနေတာပါ ဆရာ"

ဆရာကြီးက သူ့ကိုယ်သူတစ်လှည့် မလုံမလဲကြည့်တယ်။ ပြီးတော့ ကိုယ်တို့ကိုလည်း မယုံမရဲကြည့်တယ်။

ပြီးမှ ကိုယ်တို့နှစ်ယောက်လက်ထဲက စာအုပ်တွေကိုလည်း ငုံ့ကြည့်လာတယ်။

"ဟာ . . . ဒါ ငါရှာနေတဲ့ စာအုပ်တွေပဲ"



www.burmeseclassic.com

www.burmeseclassic.com

ပြောပြီး ကိုယ်တို့စာအုပ်တွေကို ဆွဲယူတယ်။ ပြီးမှ ထွက်သွားဖို့ပြင်ရင်း . . .

"ဒါနဲ့ မင်းတို့ ခုနက ငါ့အသံကြားလား"

"ဘာအသံလဲဆရာ"

အသေခံဗုန်းကွဲသလို ဖောင်းခနဲကွဲသွားတဲ့ အသံကြီးပဲ ကြားတာပေါ့။ ဒါပေမဲ့ မကြားချင်ယောင်ဆောင်ပေးလိုက်တယ်။ ဒါပေမဲ့ ဆရာကြီးကလည်း သူကိုယ်တိုင် လေလည်ထားတဲ့ကိစ္စကို သူကိုယ်တိုင်ပြန်ပြောဖို့ မရဲဘူးဖြစ်နေတယ်။

"ဟိုဟာလေကွာ . . . ငါ့ကျန်းမာရေးအသံကို ပြောတာ"

ကိုယ်က ကောင်မလေးကိုကြည့်လိုက်တယ်။ ကောင်မလေးကလည်း ခေါင်းခါပြတယ်။ ဒါပေမဲ့ ပညာသားပါပါတော့ ပြောလိုက်သေးတယ်။

" 'ဘူ' ဆိုတဲ့အသံရှည်ကြီးရယ် 'ပိ' ဆိုတဲ့ အသံပိပိကလေးရယ်ကို သမီးတို့ မကြားမိပါဘူး ဆရာကြီး"

"အမ်"

ဆရာကြီးမျက်နှာ တော်တော်ရှုံ့သွားတယ်။ ကန်တော့ကန်တော့ နွားချေးပုံအိုကြီးနဲ့လည်း တူသွားသလိုပဲ။

"အဲ . . . အင်း . . . အဟင်း . . . "

တွန့်တွန့်ခေါက်ခေါက်ကြီး ပြုံးပြီး ထွက်သွားတော့တယ်။

ကိုယ်တို့ရှာထားတဲ့ စာအုပ်တွေလည်း ဆရာကြီးလက်ထဲ ပါသွားပြီ။

တခြားစာအုပ်လည်း မရှာချင်တော့ဘဲ စာကြည့်တိုက်ထဲက ထွက်ခဲ့တယ်။ စာကြည့်တိုက်အပြင်ရောက်တော့ သူက ကိုယ့်လမ်းကိုယ်သွားဖို့ပြင်ရင်း ကိုယ့်ကို စကားတစ်ခွန်း လှမ်းမေးသေးတယ်။

"ရှင်ကကော ကြယ်တွေကို ချစ်လား" တဲ့။

" . . . "

ကိုယ် ပြန်ဖြေမယ်လုပ်တော့ သူကထွက်သွားပြီ။



မေးတုန်းကမေးပြီး ဘာကောင်မလေးမှန်းမသိဘူး။

ဒီနေ့ ကိုယ့်ရင်ထဲမှာ ပြောမပြတတ်တဲ့ ပျော်ရွှင်စရာလေးတစ်ခု ကိန်းဝပ်နေသလိုပဲ။ အင်း . . . သူနဲ့ ရင်းနှီးလာသလို ခံစားရလို့ပါ။

လက်ချိုးပြီး ရေတွက်ကြည့်ရင်း (တစ်) သူနဲ့အတူ အရှုးမောင်းတဲ့ကားကိုလည်း စီးဖူးပြီ။ (နှစ်) သူ့အနား နီးနီးကပ်ကပ်လေးလည်း ဝင်ပုန်းဖူးပြီ။ (သုံး) အခုလည်း သူနဲ့အတူတူ 'အူလည်းအတူရှီး' ပြီးပြီလေ။

ဩော် . . . ပြောရဦးမယ်။ ဒီနေ့ သူဆွဲလာတဲ့ နားဆွဲလေးက သူနဲ့ အရမ်းလိုက်တယ်။ ခြောက်ထောင့်ကြယ်ပုံ နားဆွဲလေးလေ။



www.burmeseclassic.com

www.burmeseclassic.com

## (၄)

အဲဒီလို နှစ်ခါသုံးခါလောက် ကိုယ်နဲ့သူ တွေ့ခဲ့ပြီးမှ . . .

"နေခြည်က လှတယ်။ ပြီးတော့ ချစ်စရာလည်းကောင်းတယ်။ တချို့တွေက လှပေမယ့် ချစ်စရာမကောင်းဘူးလေ သိတယ်မို့လား"

"အေး . . . သိပါတယ်"

"စကားနည်းသလိုရှိပေမယ့် ပျော်တတ်တယ်ဟ။ နောက်ပြီး ငွေကြေးပိုင်းကလည်း တော်တော်ချမ်းသာတယ်။ သူ့ဘဝအကြောင်း သိပ်မပြောပြတတ်ပေမယ့် သူ့အစ်ကိုအကြောင်းတော့ မကြာခဏပြောတတ်တယ်ဟ။ အင်း . . . ငါတို့နဲ့လည်း သူ့အစ်ကိုနဲ့ တစ်ခါတွေ့ဖူးတယ်ဟ"

ကိုယ်လည်း တစ်ခါတွေ့ဖူးပြီးသားပဲမို့လား။ အရှုးမောင်းတဲ့ကားကိုစီးမိပြီး မြို့ကပြင်ရောက်ခဲ့တုန်းကလေ။



"သူ့အစ်ကိုကတော့ ဘဝင်ကြီးတဲ့ပုံဟ။ မျက်နှာကလည်း စူးစူးရှရှရှိတယ်။ ထားပါတော့ . . . ။ သူ့အကြောင်းကိုပဲ ဆက်ပြောရရင် သူက အတန်းထဲက အတန်းအပြင်လည်း ထွက်ခဲတယ်။ အိမ်ထဲက အိမ်အပြင်လည်း မထွက်သလောက်ပဲ။ ကျောင်းဆင်းတာနဲ့ သူ့အိမ်က လာကြိုတဲ့ကားနဲ့ အိမ်ပဲတန်းပြန်တယ်။ အပေါင်းအသင်းမိတ်ဆွေတွေလည်း ငါတို့အပြင် မရှိသလောက်ပဲ။ မာနမကြီးဘဲ ရိုးရိုးလေးပဲနေရတာကို ကြိုက်တဲ့သူ။ အဲဒါကြောင့် သူ့ကို အရင်နှစ်တွေတုန်းက မတွေ့ဖူးတာ။ ငါတို့စကားဝိုင်းထဲမှာလည်း သူ့အကြောင်း ထည့်မပြောဖြစ်တာဟ"

ဉကျန်က သူ့အကြောင်းတွေကို ပြောပြနေတာပါ။ အားလုံးကို ပြောပြတာဖြစ်ပေမယ့် ကိုယ့်မျက်နှာကို ကြည့်ပြောပြောနေတာမို့ ကိုယ့်ကို ဦးတည်ပြီးပြောပြနေတာပါပဲ။

ဒီနေရာမှာ ဉကျန်ဆိုတဲ့နာမည်ကို ကိုယ်ရှင်းပြသင့်ပြီ။ ဉကျန်ရဲ့အမည်အရင်းက 'နန်းနုနု' ပါ။ အဲဒီနန်းနုနုဆိုတဲ့အမည်ကို အင်္ဂလိပ်အတိုကောက်ရေးလိုက်ရင် ရှေ့စာလုံးလေးတွေချည်းပဲ စီလိုက်ရင် (N.N.N) လို့ရပါတယ်။ (N) အန်သုံးလုံးဖြစ်နေတာမို့ စာလုံးထပ်ချုပ်တဲ့အနေနဲ့ ပါဝါထပ်ကိန်းအဖြစ် သရီး (3) တင်လိုက်တယ်။ အဲဒီမှာ ($N^3$) ဆိုပြီးဖြစ်သွားရော။ ပါဝါသုံးထပ်ကို 'ကျူ' လို့ခေါ်ကြတယ်မို့လား။ အခု ($N^3$) အန်ကျူဆိုတော့ စကားလိမ်နဲ့ဆို ဉကျန်ပဲပေါ့။

ဉကျန်ပြောနေတာကို အေးမွန်ကလည်း ဖြတ်ပြောလာပါတယ်။

"အခုနောက်ဆုံးနှစ်မှ သူက အပြင် ဟိုဟိုဒီဒီထွက်တာဟ။ ဒါလည်း သူ့မှာ ကိစ္စရှိလို့ထွက်တာ"

"ဘာကိစ္စလဲ"

ကိုယ်မမေးခင် မော်ကြီးက ဝင်မေးတယ်။

"သူ စာတမ်းတစ်ခုကို ပြုစုနေတာဟ"

အားလုံးငြိမ်သွားကြတယ်။ ပြီးမှ ကိုယ်က . . .

"ဘာစာတမ်းလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ငါတို့လည်း ကောင်းကောင်းနားမလည်ဘူးဟ။ ကြယ်တွေနဲ့တော့ ပတ်သက်တယ်"

ကိုယ်လည်း တွေ့ရတော့တယ်။ သူ့ကို ဘယ်လိုကောင်မလေးလဲလို့ ကိုယ် နားလည်ချင်လာမိတယ်။

"ဟယ် . . . ဟိုမှာ ပြောရင်းဆိုရင်းပဲ နေခြည်လာနေပြီ"

အေးမွန်ရဲ့မျက်လုံးသွားရာအတိုင်း လှည့်ကြည့်လိုက်တော့ စိုးစိုးထွေးနဲ့ အတူတွဲလျှောက်လာတဲ့ နေခြည့်ကို တွေ့လိုက်ရတယ်။ ဒါပေမဲ့ သူတို့ခြေလှမ်းတွေ တန့်သွားတယ်။ ကိုယ်တို့ဝိုင်းရှိရာဆီကြည့်ပြီး သူတို့အချင်းချင်း တတွတ်တွတ် စကားပြောသေးတယ်။ ပြီးတော့ သူ ကိုယ်တို့ရှိရာကင်န်တင်းထဲ မဝင်တော့ဘဲ လှည့်ထွက်သွားတယ်။ စိုးစိုးထွေးပဲ ကင်န်တင်းထဲဝင်လာတော့တယ်။

ကိုယ်တို့ထိုင်နေတဲ့ဝိုင်းရောက်တော့ လွယ်ထားတဲ့လွယ်အိတ်ကြီးကို စားပွဲပေါ်ဆောင့်ချပြီး စိုးစိုးထွေးကထိုင်တယ်။

"နေခြည်က ဘာလို့ ပြန်ထွက်သွားတာလဲ"

"အေးလေ"

စိုးစိုးထွေးက ကိုယ့်ကိုကြည့်ပြီး . . .

"ဂြိုဟ်ဆိုးကြီးရှိလို့တဲ့ မလာချင်ဘူးတဲ့"

နည်းနည်းနာကျင်သွားသလို ရှိပေမယ့် ကိုယ် ရယ်ကျဲကျဲလုပ်မိသေးတယ်။ ဘယ်လိုအခြေအနေလဲ။ မစားရတဲ့ ပန်းသီးတစ်လုံးကို ဘုရားသခင်က ပြုံးပြုံးလေး ဖန်ဆင်းပေးတော့မလို့လား။

စိုးစိုးထွေးကပဲ ကိုယ့်ရဲ့ပြစ်ချက်တွေကို ဆက်ပြောလာတယ်။

"သူနဲ့နင် အရှုံးမောင်းတဲ့ကားကို စီးမိတုန်းက . . . "

"အင်း"

"အိမ်ပြန်နောက်ကျတယ်လေ။ အဲဒီတော့ သူ အဆူခံရတယ်။ သူ့အိမ်က ကျောင်းတောင်မတက်ခိုင်းဘဲ နေတော့မလို့။ သူ တော်တော်တောင်းပန်ပြီး ကျောင်းဆက်တက်နေရတာ"



သူ့အိမ်က အဲဒီလောက်တောင်ပဲလား။

"နောက်ပြီး နင်တို့ ငါ့အစ်ကိုနဲ့ပေါင်းပြီး ကင်မရာအကောင်းစားကြီးနဲ့ ဓာတ်လမ်းတွေဆင်ပြီး လျှောက်ရိုက်တုန်းကလည်း နင် ငါတို့မိန်းကလေးတွေကြား ဝင်ပုန်းတာလေ"

"နင်တို့မှန်း မသိလို့ပါဟ"

"အေး . . . ထားပါတော့ အဲဒါ။ ဒါပေမဲ့ နင်ဝင်ပုန်းတော့ နေခြည့်ဘေးနားကို ဝရုန်းသုန်းကား ဝင်ပြီးပုန်းတာလေ။ အဲဒီမှာ နင့်ခြေထောက်နဲ့ငြိပြီး သူ့ (Foot-Chain) လေး ပြတ်သွားတယ်ဟ။ အဲဒါလည်း အိမ်ပြန်ရောက်တော့ ဆူခံရပြန်သလား မသိဘူး"

ဟင်း . . . တရားခံက ကိုယ်ပဲဖြစ်နေပါရောလား။

"ပြီးတော့ ကျန်သေးတယ်။ ဟိုတစ်နေ့က နင်နဲ့သူ စာကြည့်တိုက်မှာ တွေ့တာဆို"

"အေး"

"အဲဒီမှာလည်း သူဖတ်ချင်တဲ့စာအုပ်လေး ရှာလို့တွေ့ပြီးမှ နင့်ကြောင့် သူများလက်ထဲ ပါသွားတာဆို"

"ဟာ . . . ငါ့ကြောင့်မဟုတ်ပါဘူး။ ဆရာကြီးက ယူသွားတာပဲဟာ ငါနဲ့ ဘာဆိုင်လဲ"

"မသိဘူး အဲဒါတော့။ သူကတော့ နင်နဲ့တွေ့တိုင်း အဆင်မပြေတာတွေဘဲ ကြုံလို့ဆိုပြီး အခုကင်န်တင်းလည်း နင်ရှိနေလို့ ဝင်မလာတော့တာဟ"

အားလုံးက ကိုယ့်ကိုကြည့်တယ်။ ကိုယ့်ခေါင်းလည်း ပုကျသွားတယ်။ မသက်မသာစွာ ပြုံးရင်း ထူးထူးခြားခြား ငြိမ်သွားမိတယ်။

"နောက်လည်း နင်နဲ့မကြုံအောင် ကြိုးစားရမယ်တဲ့။ နင်က ဂြိုဟ်ဆိုးကြီးတဲ့။ သူ့အတွက်တော့ အဖျက်နက္ခတ်ပဲတဲ့"

" . . . "

အဲဒီလောက်တောင်ပဲလား ကောင်မလေးရဲ့။



www.burmeseclassic.com

www.burmeseclassic.com

မလွမ်းသင့်ဘဲ လွမ်းလို့၊ မဆွေးသင့်ဘဲ ဆွေးနေမိခဲ့တယ်။

အဲဒီနေ့မှာ အိပ်မက်သူခိုးတွေနဲ့တွေ့တယ်။ အိပ်မက်သူခိုးတွေက ကိုယ့်ကို တွန်းထုတ်တယ်။ သွား . . . အိပ်မက်အစုတ်ကြီးနဲ့ လူမလုပ်နဲ့တဲ့။

ညရောက်တော့လည်း ဆူညံနေတဲ့အဆောင်ထဲမှာ ကိုယ်တစ်ယောက်တည်း ငုတ်တုတ်ကလေး ဆိတ်ငြိမ်နေခဲ့တယ်။

ᅎ ᅎ ᅎ



သူက လှတယ်။ သူကြယ်တွေကြည့်နေတုန်းက ကျွန်တော် သူ့ကိုကြည့်နေတာလေ။ သူ့မျက်နှာလေးက အလင်းတစ်မျိုးနဲ့ ဆွဲငင်နေသလားပဲ။ ကျွန်တော် တရိပ်ရိပ်နဲ့ သူ့အနားပဲ သွားချင်နေမိတယ်။

ပြီးတော့ ဝါမွတ်မွတ်နဲ့ သူ့ပါးပြင်လေး။ အေးနေတာပဲ . . . ဟုတ်တယ် . . . အေးနေတာပဲ။ မကိုင်ကြည့်ရဘဲ ကျွန်တော်သိတယ်။

ကျွန်တော် သူနဲ့ပတ်သက်ပြီး အများကြီး မျှော်လင့်နေမိပြီ ထင်ပါတယ်။

ကိုယ့်စကားတွေကိုကြားတော့ ဦးလေးဂစ်တာက ပြုံးတယ်။ ပြီးတော့ လက်နဲ့ ဟိုထိသည်ထိစမ်းနေတယ်။ ရေဘူးကို လိုက်ရှာနေတာပါ။

"နေ . . . နေ . . . နေ . . . ဦးလေးဂစ်တာ"

ဆိုပြီး ကိုယ်ကပဲ ရေဘူးကိုယူပြီး ပေးလိုက်တယ်။

ကိုယ် ဆက်ပြောနေမိတယ်။

"သူကတော့ ကျွန်တော့်ကို ဂြိုဟ်ဆိုးကြီးတဲ့ဗျ။ ဟား . . . ဟား . . . တကယ်တော့ သူကမှ ဂြိုဟ်ဆိုးမလေးဗျ။ သူ့ကြောင့် ကျွန်တော့်မှာ မနေတတ်မထိုင်တတ်ဖြစ်ရတယ်"

ဦးလေးဂစ်တာကလည်း တဟားဟားရယ်ရင်း ပြန်ပြောတယ်။

"ဟား . . . ဟား . . . အဆင်ပြေသွားမှာပါ ကောင်လေးရ။ မိန်းနဲ့ရည်စားဖြစ်ရင် ငါ့ဆီခေါ်ခဲ့။ ငါ သူ့အသံလေး နားထောင်ကြည့်ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"အဟင်း . . . ဟင်း . . . "

နောက်တော့ ဦးလေးဂစ်တာ သူ့လက်ဆွဲတော်ဂစ်တာကြီးကို ကောက်ကိုင်လိုက်တယ်။

ဦးလေးဂစ်တာဆိုတာ ရှင်းရှင်းပြောရရင် မြို့ထဲက သူတောင်းစားကြီးပါပဲ။ မျက်လုံးတွေတော့ မမြင်ရတော့တာ ကြာနေပါပြီ။ သူ ဂစ်တာလေးနဲ့ သီချင်းဆိုပြပြီး တောင်းရမ်းတာပါ။

ကိုယ်က သူ့ပရိသတ်လေ။ သူ့သီချင်းတွေအကုန် ကိုယ်နားထောင်ဖူးတယ်။ ကိုယ် သီချင်းနားထောင်ပြီးတိုင်းလည်း သူ့ကို စားစရာတစ်မျိုးမျိုး ကိုယ်တိုင်ကိုယ်ကျ ဝယ်ပေးတယ်။ ကိုယ်နဲ့လည်း စကားတွေ ခဏခဏပြောနေကျ။ ကိုယ်က သူ့ကို ဦးလေးဂစ်တာလို့ ခေါ်နေကျဖြစ်သလို သူကလည်း ကိုယ့်ကို ကောင်လေးလို့ပဲခေါ်တယ်။

အခု သူက ဂစ်တာရဲ့ထိပ်က (key)ကီးလေးတွေကို လှည့်ပြီး ကြိုးညှိနေရှာတယ်။

ခဏနေလို့ ကြိုးညှိပြီးသွားတော့ . . .

"ကောင်လေး . . . တစ်ပုဒ်လောက်ဟစ်မလား"

"လုပ်လိုက်လေဗျာ"

ဦးလေးဂစ်တာက သီချင်းတစ်ပုဒ်ကောက်တီးတော့ ကိုယ် သူနဲ့အတူ လိုက်ဆိုညည်းမိတယ်။ ဘယ်အဆိုတော်ရဲ့သီချင်းမှ မဟုတ်ပါဘူး။ ဦးလေးဂစ်တာရဲ့ ကိုယ်ပိုင်သီချင်းပါပဲ။



(၅)

'စားချင်းခုတ်ပြီးမှ လက်ချင်းတွဲနိုင်မယ်' ဆိုတဲ့ စကားပုံတော့ ကိုယ်မကြားဖူးပါဘူး။ ဒါပေမဲ့ တချို့ကိစ္စတွေက အဖုအထစ်လေးတွေနဲ့စပြီးမှ နောက်ပိုင်းမှာ ပြေပြစ်တတ်တယ်။

"ဟော့ . . . ဂြိုဟ်ဆိုးမလေး"

ကိုယ်ခေါ်လိုက်တော့ သူက မော့ကြည့်တယ်။ ကိုယ်မရှိတဲ့အချိန်မှာ သူက ကင်န်တင်းရောက်နေတာပါ။ သူတစ်ယောက်တည်းတော့ မဟုတ်ပါဘူး။ စိုးစိုးထွေး၊ ဥကျန်နဲ့ အေးမွန်တို့လည်း ပါပါတယ်။

ဂြိုဟ်ဆိုးမလေးလို့ခေါ်လိုက်တဲ့ ကိုယ့်အသံကြောင့် သူ မော့ကြည့်လာတယ်။ ကိုယ့်ကိုယ်ကိုယ်မှန်းသိတော့ သူ့မျက်နှာကို ချက်ချင်းရှုပုပ်သွားအောင် ပြင်လိုက်တယ်။

စိုးစိုးထွေးက . . .

"အတော်ပဲ . . . ငါတို့အခု နင့်ကိုစောင့်နေတာ ရဲထွဋ်ရဲ့"

"ဘာကိစ္စလဲ"



www.burmeseclassic.com

www.burmeseclassic.com

ပြောပြီး သူတို့ဝိုင်းမှာ ဝင်ထိုင်လိုက်တယ်။ အေးမွှန်းက . . .

“နေခြည်က နင့်ကို မကျေနပ်လို့တဲ့”

“လာပြန်ပြီ။ ငါက ဘာလုပ်မိပြန်လို့လဲ”

ကောင်မလေးက အေးမွှန်ကို တိုးတိုးလေးကပ်ပြောတယ်။ အဲဒီ တိုးတိုးလေးကပ်ပြောတဲ့ စကားကိုမှ အေးမွှန်က ကျယ်ကျယ်ထပ်ပြော တယ်။

“အရင်တုန်းက ကိစ္စတွေကိုပဲ မကျေနပ်တာတဲ့”

“အေး . . . အဲဒီတော့ ဘာလုပ်ချင်လဲ”

ကိုယ်ကလည်း ခပ်မာမာ ခပ်ဘုဘုပဲ။

သူက အေးမွှန်ကို တိုးတိုးလေးပြောပြန်တယ်။ အဲဒီစကားကို အေးမွှန်က ကိုယ့်ကို ကျယ်ကျယ်ပြောပြန်တယ်။

“ဖြစ်နိုင်ရင်တော့ ကုတ်ဖဲ့ပစ်ချင်တာပဲတဲ့။ ဒါပေမဲ့ အခုတော့ ဘာလုပ်ချင်မှန်းမသိဘူးတဲ့။ တစ်ခုခုတော့ လုပ်ပစ်ချင်နေတယ်တဲ့”

အမယ်လေး . . . ။ ကိုယ် ကျောတွန့်သွားတယ်။ လူကလေး က စံပယ်လိုနုပြီး အပြောက နှင်းဆီလို ဆူးတွေနဲ့။

ဒါပေမဲ့ ကိုယ့်မှာလည်း သူ့အပေါ်စွဲချက်တွေ ရှိပါတယ်။

“ငါကလည်း ကျေနပ်တယ်မှတ်နေလား။ သူနဲ့တွေ့ရင် ငါလည်း ကံဆိုးတာပဲ။ အရှုံးမောင်းတဲ့ကားကို စီးမိတဲ့ညက မြို့ပြင်ရောက်တော့ သူ့အိမ်က ကားလာကြိုရဲ့သားနဲ့ ငါ့ကိုခေါ်မသွားဘူး။ ငါ အဝေးကြီး လမ်းလျှောက်ပြန်ရတယ်”

ကိုယ်က အဲဒီလိုပြောတော့ သူက ပြန်ပြောတယ်။ တိုက်ရိုက် ပြောတာမဟုတ်ပါဘူး။ ခုနကလိုပဲ အေးမွှန်ကြီးကို ကြားကခံပြီးတစ်ဆင့် ပြောတာပါ။

“သြော် . . . ငါလည်း ခေါ်တာပဲတဲ့။ ငါ့အစ်ကိုက မခေါ်ဘူး ဆိုတော့ ငါလည်း မတတ်နိုင်ဘူးတဲ့”

သူ့အစ်ကိုက တော်တော်ဆိုးမှာ သေချာပါတယ်။ ဒါပေမဲ့ လော လောဆယ် တစ်စားပွဲတည်းထိုင်နေပြီး ကြားထဲက စကားပြန်ကြီးနဲ့ ပြော



နေရတာ ပိုစိုးတယ်။

“ဘာပဲဖြစ်ဖြစ် ငါကတော့ မကျေနပ်ဘူးဟာ”

ကိုယ်က ပြန်စွာတော့ သူလည်း မနေနိုင်တော့ဘူး။

“အေး . . . ငါကလည်း မကျေနပ်ဘူး။ မကျေနပ်လွန်းလို့ကို ရှင်းချင်လို့ စောင့်နေတာ” တဲ့။

အဟဲ . . . ကိုယ် ဝမ်းသာသွားတယ်။ ဒီတစ်ခါတော့ သူ စကားပြောတာ ကိုယ့်ကို တိုက်ရိုက်ပြောလာလို့ပါ။ ကြားထဲက အေးမွှန် ကြီး မပါတော့ဘူးလေ။

ဒီအချိန်မှာပဲ ညိုသွေးတို့ မော်ကြီးတို့ ရောက်လာပါတယ်။ ခုံ တွေ အသီးသီးဆွဲရွှေ့ပြီး ဝင်ထိုင်လိုက်ကြပါတယ်။ နားစွန်နားဖျားကြား မိသလောက်နဲ့ ညိုသွေးက ဝင်ပြောလာပါတယ်။

“မကျေနပ်တာကို ဒီလိုမကျေနပ်ဘူးလို့ငြင်းနေရုံနဲ့ ဘယ်ရမလဲ”

သူနဲ့ကိုယ် ငြိမ်နေလိုက်တယ်။

ညိုသွေးက ဆက်ပြောလာတယ်။

“မကျေနပ်တာကို စိတ်ထဲမှာ အကြာကြီးထားရင် အညှိုးတွေ စုလာမယ် တစ်ယောက်ကိုတစ်ယောက် မကောင်းမြင်မှုတွေများပြီး မုန်း တီးမှုတွေဖြစ်လာမယ်။ ဟုတ်တယ်မို့လား”

ညိုသွေးက စကားဆုံးတော့ စိုးစိုးထွေးကို မျက်လုံးပင့်ပြီး ခေါင်း ယိမ်းပြလိုက်တယ်။ ဘာအချက်ပြတာလဲ ကိုယ်မသိဘူး။ သူတို့ ဂီလိုတင် (Guillotin) အဖွဲ့ကလူတွေက ဒီလိုပဲ။

စိုးစိုးထွေးက ဝင်ပြောတယ်။

“ဟုတ်တယ် . . . နင်တို့ မကျေနပ်တာကို ကျေနပ်အောင်လုပ် မယ့်နည်း ငါ့မှာရှိတယ်”

သူနဲ့ကိုယ် နှစ်ယောက်လုံး စိုးစိုးထွေးကို ကြည့်လိုက်တယ်။ စိုးစိုးထွေးက ဆက်ပြောတယ်။

“နင်တို့ ပြိုင်ပွဲလေးတစ်ခုတော့ ယှဉ်ပြိုင်သင့်တယ်။ ရှုံးတဲ့သူက နိုင်တဲ့လူက ကြိုက်တာစေခိုင်းကြေးပေါ့။ ဒါဆို တရားမျှတတာပဲ



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် . . . မင်းတို့မကျေနပ်မှုတွေအတွက် ဒီနည်းက အကောင်းဆုံးပဲ"

သူ မျက်နှာလေးတွေပြီး စဉ်းစားတယ်။ ကိုယ်ကတော့ မစဉ်းစားဘူး။ သူနဲ့ယှဉ်ပြိုင်ဖို့ အသင့်ဖြစ်သွားတယ်။ ဘာလို့လဲဆိုတော့ ဒီလိုယှဉ်ပြိုင်ခြင်းဟာ သူနဲ့ ပိုရင်းနှီးမှုရသွားနိုင်မယ်လို့ ကိုယ်ထင်နေလို့ပဲ။

"ဘယ်လိုပြိုင်ပွဲမျိုး ယှဉ်ပြိုင်ရမှာလဲ"

စိုးစိုးထွေးက သွက်လက်စွာ ဝင်ပြောတယ်။

"ဩော် . . . ဒီမှာ ငါတို့ ဂီလိုတင်အဖွဲ့ ရှိနေတာပဲဟာ။ ဒီပြိုင်ပွဲကိစ္စ ငါတို့စီစဉ်လိုက်မယ်။ နင်တို့သာ ပြိုင်မယ်မပြိုင်ဘူး အရင်ပြောလိုက်"

"ငါက ပြိုင်ရဲပါတယ်။ ဒါပေမဲ့ သူက သတ္တိရှိပါ့မလား"

မျက်ဝန်းမှာ သေနတ်တစ်လက် ချိတ်ဆွဲမထားပါဘူး။ ဒါပေမဲ့ သူ ကိုယ့်ကို ဒိုင်းခနဲကြည့်လာတယ်။

ပြီးတော့မှ မျက်လုံးလှလှလေးနဲ့ ခပ်စွေစွေကြည့်၊ နှုတ်ခမ်းဖူးဖူးလေးက တစ်လုံးချင်းပြောလာတယ်။

"စိန်လိုက်လေ" တဲ့။

သူနဲ့ ကိုယ် ဓားချင်းခုတ်ရတော့မယ်ပေါ့။

ပြီးရင် လက်ချင်းတွဲချင်ပါရဲ့ကွယ်။



ကျောင်းပြန်ဖွင့်မယ့်နေ့ဟာ တနင်္လာနေ့ပေါ့။ အဲဒီနေ့မှာ သူနဲ့ ကိုယ်နဲ့ ယှဉ်ပြိုင်ရမယ်။ ဘာတွေ ဘယ်လိုယှဉ်ပြိုင်ရမှာကိုတော့ ညီမလေးတို့က ကြိုမပြောထားဘူး။ အဲဒီနေ့ပြိုင်ပွဲကျမှ သိရမှာတဲ့။ ပြိုင်ပွဲပြင်ဆင်ခစရိတ်ဆိုပြီး သူနဲ့ကိုယ့်ဆီကနေ တစ်ယောက်သုံးထောင်ဆီ တောင်းသွားသေးတယ်။ ကိုယ်တို့နှစ်ယောက် ငြိုငြိုငြင်ငြင်နဲ့ ပေးခဲ့ရတယ်။

ကိုယ်တို့ပြိုင်ပွဲကိစ္စကို သူငယ်ချင်းတွေကလည်း စိတ်ဝင်စားကြတယ်။ ကိုယ်နဲ့ထပ်တူ ရင်ခုန်လှုပ်ရှားနေကြသေး။

ကျော်ကျော်တင့်က ချိုချဉ်တွေကို အခွံခွာရင်းက . . .

"ရဲထွဋ် . . . ဟော့ကောင် . . . မင်းနဲ့ကောင်မလေးဇာတ်လမ်းက ဘာလိုလိုနဲ့ တစ်မျိုးလေးဖြစ်လာပြီနော်"

"အဟင်း . . . ဟုတ်တယ်ကွ"

ကိုယ်တို့နှစ်ယောက်ရဲ့ရေစက်က ကျယ်ပြန့်လာပြီလို့ ကိုယ် ခံစားနေရပြီ။

မော်ကြီးကလည်း ကျော်ကျော်တင့်ခွာထားတဲ့ ချိုချဉ်တွေကို အမှုန့်ကြိတ်နေရင်းက . . .

"ပြိုင်ပွဲက ဘာပြိုင်ပွဲမှန်းမသိပေမယ့် နိုင်အောင်ပြိုင်ကွ။ မင်းရှုံးသွားရင် ငါတို့ရှုံးတာနဲ့လည်း အတူတူပဲ။ ဥကျန်တို့က ငါတို့ကို ဝိုင်းလှောင်လိမ့်မယ်"

"စိတ်ချပါ။ ငါ အစွမ်းကုန်ပြိုင်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်တယ် . . . ။ ကိုယ်လည်း သူ့ကိုအရှုံးပေးဖို့ လုံးဝ စိတ်ကူးမရှိဘူး။ ကိုယ်အနိုင်ရရင် သူဘယ်လိုဖြစ်သွားမလဲဆိုတာ ကိုယ် သိချင်နေတယ်လေ။

"ဒါနဲ့ မင်းတို့အခု ချိုချဉ်တွေကို ဘာလုပ်နေတာလဲ"

ဟုတ်တယ် . . . ကိုယ် လိုက်ကြည့်နေတာ ကြာပြီ။ ဒီကောင် တွေ ချိုချဉ်တွေကို ဘာလုပ်နေမှန်းမသိဘူး။

မော်ကြီးက တဟဲဟဲရယ်ရင်း . . .

"စတိုးဆိုင်က အကြွေမရှိလို့ ပြန်အမ်းတဲ့ချိုချဉ်တွေပါကွာ။ အကျိုးရှိအောင်လို့ အမှုန့်ကြိတ်နေတာကွ"

"အမှုန့်ကြိတ်ပြီး ဘာလုပ်မလို့လဲ"

"သြော် . . . ရေနဲ့ဖျော်သောက်ကြည့်မလို့ပေါ့ကွ။ မတော် တဆ ဘီယာနဲ့ အရသာ တူချင်တူသွားမှာကွ။ ဟဲ . . . ဟဲ . . . "

ရည်ရွယ်ချက်ကတော့ လက်လန်စရာပဲ။

"ဘယ်လိုလုပ် ချိုချဉ်က ဘီယာနဲ့တူမှာလဲကွ"

ကိုယ်ကဝေဖန်မိတော့ ကျော်ကျော်တင့်က မျက်လုံးပြူးကြီးနဲ့ ကြည့်ပြီး ဟောက်ပါလေရော။

"ဟေ့ကောင် . . . မင်း စကားကို လက်လွတ်စပယ်မပြောနဲ့။ ဘီယာနဲ့ တူရင်တူသွားမှာကွ။ မင်း နားမလည်ဘဲနဲ့"

"အေး . . . အေး . . . အေးပါကွာ။ ဆောရီးပါ"

ကိုယ် တောင်းပန်လိုက်ရတယ်။ အင်း . . . ကိုယ်ကလည်း သူများယုံကြည်ချက်ကို စော်ကားလိုက်သလို ဖြစ်သွားတာကိုး။

ခဏနေတော့ မော်ကြီးက ကိုယ်လှဲနေတဲ့ခုတင်ပေါ် ဝင်လှဲ ပြီး . . .

"ရဲထွဋ် . . . ဟေ့ကောင် . . . မင်းရှုံးသွားရင် ကောင်မလေး က ဘာခိုင်းမလဲမသိဘူးနော်"

"မျောက်ကတော့ မကခိုင်းလောက်ဘူးထင်တယ်"



"ဗီဒီယိုတွေထဲကလို သူ့နာမည်ကြီး လည်ပင်းမှာချိတ်ပြီး မြို့ လယ်ခေါင်မှာ လျှောက်သွားခိုင်းရင်ကော မင်းသွားမှာလား"

"သူ့နာမည်ကို လည်ပင်းမှာတော့ မချိတ်ချင်ဘူးကွာ။ ချိတ် ချင်းချိတ် ဘယ်ဘက်ရင်အုံမှာပဲ သံမှိုနဲ့ တင်းတင်းရိုက်ပြီး ချိတ်ဆွဲထား ချင်တယ်"

"အိုး . . . "

ကိုယ့်စကားကြားတော့ ဒီကောင်က အိုး . . . တဲ့။ လွန်တယ် ဆိုတဲ့သဘောပေါ့။ ပြီးတော့ ဆက်မေးပြန်တယ်။

"မင်းနိုင်ရင်ကော ကောင်မလေးကို ဘာခိုင်းမှာလဲ"

ဧဒင်ဥယျာဉ်မှာရောင်းတဲ့ (၁၅၀၀) တန် ပန်းသီးလေးတစ်လုံး ဝယ်ကျွေးပါလားလို့ ပြောလိုက်ရင်ကောင်းမလားပဲ။ အခုတော့ ဒီလိုပဲ ဖြေဖြစ်တယ်။

"ဝက်ကတော့ မကခိုင်းဘူးပေါ့ကွာ"

"ကောင်မလေးက ဝက်ကနဲ့လည်း မလိုက်လောက်ပါဘူးကွာ။ လူက လုလုလေး။ ရင်ညွန့်မှာလည်း မှည့်နက်နက်ကလေးနဲ့"

"ဟင် . . . မင်းလည်း တွေ့တယ်"

"တွေ့တာပေါ့။ ငါလည်း နှာခေါင်းပါတာ . . . အဲ . . . မျက်လုံးပါတာပဲ"

ကိုယ် အူတိုသွားတယ်။

"ဟာ . . . ဟေ့ကောင် . . . မင်း သူ့ကို လျှောက်လျှောက် မကြည့်နဲ့။ သူ့ဘဲသိရင် မင်းကိုလုပ်လိမ့်မယ်"

"ဘာလုပ်မှာလဲ"

"ဆံပင်ဆောင့်ဆွဲမှာပေါ့"

"အာ:"

ကိုယ် တကယ်ဆောင့်ဆွဲပစ်လိုက်တယ်လေ။

အဲဒီအချိန်မှာ ဖျတ်ခနဲ မီးပြတ်သွားတယ်။ မီးပြတ်ပြတ်ချင်း ဆဲသံတွေ တစ်ပြိုင်နက်တည်း ထွက်လာကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

"သူတောင်းစား ကူးမား"

" . . . မုပဲ ကူးမား"

" . . . ကူးမား"

အဲဒီလိုပဲ အဆောင်မှာမီးပျက်ရင် ကိုယ်တို့တစ်ဆောင်လုံး ကူးမားကိုပဲ လိုမ့်ဆဲကြတယ်။

တကယ်တော့ ကူးမားနဲ့မီးပျက်တာ ဘာမှကိုမဆိုင်ပါဘူး။ ဒါပေမဲ့ ဒီကောင်က အသားမည်းတယ်။ အဲဒါကြောင့် မီးပျက်ရင် ဒီကောင့်မျက်နှာလှမ်းမြင်ယောင်ပြီး ဆဲဖြစ်သွားကျတာ။



(၆)

တနင်္လာနေ့ . . .

သူနဲ့ကိုယ် ထိပ်တိုက်ရင်ဆိုင်တွေ့ရမယ့်နေ့။

အညတရကောင်လေးတစ်ယောက်ရဲ့ဘဝကို နောင်တစ်ချိန် မှတ်တမ်းပြုစုရင် ဒီနေ့အကြောင်းကို စာမျက်နှာများများ ရေးရလိမ့်မယ်။ ကိုယ်တို့ရဲ့ ဘယ်တော့မှ မဆုပ်ဖြပ်စမယ့် ပြက္ခဒိန်မှာ မင်နီနဲ့ လှလှပပ ဝိုင်း ထားရမယ့် နေ့ကလေးပေါ့။

မဝေးဘူးလို့အမည်ရတဲ့ ကင်န်တင်းထဲမှာ ဂီလိုတင် (Guillotin) အဖွဲ့သားတွေ စုံညီနေကြပြီ။ ပြီးတော့ ပွဲကြည့်ဖို့စောင့်ကြည့်နေကြတဲ့ တက္ကသိုလ်မောင်မယ်တွေ တော်တော်များများပဲ။

ဒီနေရာမှာ ဂီလိုတင် (Guillotin)ရဲ့အကြောင်းကို ရှင်းပြဖို့လည်း အချိန်တန်ပြီ။ ဂီလိုတင်ဆိုတာ တခြားမဟုတ်ပါဘူး။ ပြင်သစ်တော်လှန်ရေးအတွင်းတုန်းက သုံးခဲ့တဲ့ ခေါင်းဖြတ်စက်ကြီးပေါ့။ တီထွင်သူဆရာဝန် ဂီလိုတင် (Joseph Guillotin)ကို အစွဲပြုပြီး ပေးခဲ့တဲ့အမည်ပါ။ နောက်ပိုင်း ဝေါဟာရတစ်ခုအဖြစ်လည်း ဒီစကားကို သုံးလာကြပါတယ်။ ညီသွေးက တော့ သူ့အဖွဲ့ကို ဘာအဓိပ္ပာယ်နဲ့ ဒီလိုနာမည်ပေးခဲ့တာလဲတော့ မသိပါ ဘူး။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ် ကင်န်တင်းထဲဝင်လာသလို သူလည်း ကင်န်တင်းထဲ ဝင်လာပါတယ်။ ဒါပေမဲ့ နှစ်ဦးသားဟာ လက်ဖှေ့ကြိုးဝိုင်းထဲကို ဝင်လာသလိုပါပဲ။ တစ်ယောက်မျက်နှာ တစ်ယောက်လည်း စူးကြည့်လျက်သားပေါ့။

ဪ . . . ပြောရဦးမယ်။ ဒီနေ့ သူ အရမ်းလှတယ်။ အထက်အောက်တွဲလျက် အပြာရောင်ဝမ်းဆက်ကလေးနဲ့။ အင်း . . . အပြာရောင်ကိုမှ အဖြူနည်းနည်းပဲ ရောတယ်ပေါ့။ ဖိနပ်ကလည်း အပြာရောင်ပွင့်ချပ်ကလေးနဲ့။ ပြီးတော့ အပြာရောင် ဖန်စီလက်ကောက်လေးနဲ့။ သူ့တစ်ကိုယ်လုံး အပြာရောင် တောက်ပနေတယ်။ ကောင်းကင်အရေခြုံလာတဲ့ နတ်သမီးလေးနဲ့ တူသေးရဲ့။ နားမှာတော့ ငွေရောင်ခြောက်ထောင့်ကြယ်နားဆွဲလေးနဲ့။

နအိဝင်းပြည့်နေတဲ့ သူ့အသားအရေလေးနဲ့ သူ့ဖက်ရှင်က အချိုးကျနေပါတယ်။

နောက်တော့ ဂီလိုတင်အဖွဲ့သားတစ်ယောက်က သူနဲ့ကိုယ့်ကို သတ်မှတ်ထားတဲ့ နေရာတွေမှာ ထိုင်စေတယ်။ သူထိုင်ရတဲ့ စားပွဲနဲ့ ကိုယ်ထိုင်ရတဲ့စားပွဲ လေးငါးခြောက်ပေလောက်တော့ ခြားလိမ့်မယ်။ သူ့စားပွဲပေါ်မှာ (A)ဆိုတဲ့စကာလုံးကို သုံးမြှောင့်တုံးလေးမှာကပ်ပြီး တင်ထားတယ်။ ကိုယ့်စားပွဲမှာတော့ (B)ဆိုတဲ့စာလုံးပေါ့။

ခဏကြာတော့ ညိုသွေးက မိုက်ခရိုဖုန်းကိုင်ပြီး ထွက်လာတယ်။

"ပြိုင်ပွဲဝင်များဖြစ်ကြတဲ့ မောင်ရဲထွဋ်နဲ့ မလင်းနေခြည်သွယ်လည်း ရောက်ပြီဖြစ်တဲ့အတွက် မကြာခင်အချိန်အတွင်းမှာ သူတို့နှစ်ယောက်ရဲ့ ယှဉ်ပြိုင်ပွဲကို ကြည့်ရတော့မှာဖြစ်ပါတယ်"

ပြိုင်ပွဲတစ်ခုဆိုတဲ့အသိနဲ့ ကိုယ့်စိတ်တွေ ရှိန်းရှိန်းဝေဝေဖြစ်ရတာတော့ အမှန်ပဲ။

ညိုသွေးကဆက်ပြီး . . .

"ကဲ . . . လူတွေလည်း စုံပြီဆိုတော့ အသိသက်သေတွေကော ရောက်ပြီလား"



ဟင် . . . သူ့ဟာကြီးကလည်း မဂ်လာဆောင်တာ ကျနေတာပဲ။ အသိသက်သေတွေကော၊ ဘာတွေကော စုံလို့"

"ဟော့ကောင် . . . သက်သေတွေက ဘာလုပ်ဖို့လဲ"

"ဪ . . . မင်းတို့က လောင်းကြေးရှိတယ်လေ။ နိုင်တဲ့လူက ရှုံးတဲ့သူကို ကိုယ်ကြိုက်တာ တစ်ခုလုပ်ခိုင်းရမှာလေ။ ပြိုင်ပွဲပြီးမှ ကတိမတည်မှာစိုးလို့ အခုကတည်းက သက်သေတွေခေါ်ထားရတာ"

သက်သေတွေကလည်း အခြားမဟုတ်ပါဘူး။ စိုးစိုးထွေးနဲ့ ကျော်ကျော်တင့်တို့ပါပဲ။

ဂီလိုတင်အဖွဲ့သားနှစ်ယောက်က ဒေါက်တိုင်တစ်ခုကို သယ်လာတယ်။ ပန်းချီကားတင်ဆွဲတဲ့ ဒေါက်တိုင်လိုမျိုးပေါ့။ ဒေါက်တိုင်ပေါ်မှာ Whiteboard တစ်ချပ်။ အဲဒီ Whiteboard ကို ပိတ်နီတစ်စနဲ့ မလုံမခြုံ လွှမ်းအုပ်ထားသေးတယ်။

"ကဲ . . . အခုစမယ့် ပြိုင်ပွဲကိုတော့ ဒီလိုနာမည်ပေးထားပါတယ်"

ညိုသွေးက အဲဒီလိုကြေညာလိုက်တော့ သူ့အနောက်က ဂီလိုတင် အဖွဲ့သားနှစ်ယောက်က Whiteboard မှာကာထားတဲ့ ပိတ်နီစကို ဆွဲလှပ်ပြလိုက်တယ်။ Whiteboard မှာ ရေးထားတာကတော့ . . .

"ကြယ်ကစားပွဲ" တဲ့။

သူနဲ့ကိုယ် တစ်ယောက်မျက်နှာတစ်ယောက် ဖျတ်ခနဲ လှည့်ကြည့်မိသွားတယ်။ ပြီးတော့ ပြုံးမိကြတယ်။ ရိုးရိုးအပြုံးတော့ ဘယ်ဟုတ်မလဲ။ စိန်ခေါ်အပြုံးမျိုးပေါ့။

ကြယ်ကစားပွဲတဲ့ . . . ။ ဒါ ညိုသွေးတို့က ကိုယ်တို့ရဲ့နောက်ခံပြဿနာဇာတ်ကြောင်းကို သိလို့ ကြိုတင်ရွေးချယ်ထားတဲ့အမည်ဖြစ်လိမ့်မယ်။

"ကြယ်ကစားပွဲလို့ အမည်ပေးထားတဲ့အတိုင်း ကြယ်တွေနဲ့ပတ်သက်တဲ့ မေးခွန်းလေးတွေ မေးမှာ ဖြစ်ပါတယ်။ အဖြေတစ်ခုကို ဆယ်စက္ကန့်အတွင်း ဖြေရမှာဖြစ်ပါတယ်။ တစ်ယောက်မဖြေနိုင်တဲ့မေးခွန်းကို



www.burmeseclassic.com

www.burmeseclassic.com

ကျန်တဲ့သူက နောက်ထပ်ငါးစက္ကန့်အတွင်း ဝင်ဖြေလို့ရပါတယ်။ ဖြေနိုင်သူမရှိဘူးဆိုရင်တော့ ဒိုင်ဖြစ်တဲ့ ကျွန်တော်ကပဲ အဖြေကိုပြောပြပြီး အဲဒီမေးခွန်းအတွက် အမှတ်ကို သိမ်းပိုက်မှာဖြစ်ပါတယ်။

မေးခွန်းတစ်ခုအတွက် ရမယ့်အဖြေက တစ်မှတ်ပါ။ အခု ကျွန်တော့်လက်ထဲမှာ မေးခွန်းသုံးဆယ်ရှိပါတယ်။ ဒီမေးခွန်းသုံးဆယ်လုံး ဖြေဆိုအပြီးမှာ အများဆုံးဖြေနိုင်တဲ့သူ၊ အမှတ်အများဆုံးရတဲ့သူက ဒီပွဲမှာ အနိုင်ရရှိမှာပါ”

ကြယ်တွေနဲ့ပတ်သက်တာ ဘာတွေများလဲ။ ကိုယ် ကြိုတွေးနေမိတယ်။ ကိုယ်လှမ်းကြည့်လိုက်တော့ သူက တည်ငြိမ်စွာ ထိုင်နေတယ်။ ပြိုင်ပွဲအတွက် အသင့်ဖြစ်နေပုံပဲ။

ညိုသွေးက ဆက်ပြီး . . .

“ပြိုင်ပွဲဝင်နှစ်ယောက်ကို (A)နဲ့ (B)အဖြစ် အမှတ်အသားပြုကာ ခွဲခြားထားပါတယ်။ မေးခွန်းများကို မေးတဲ့အခါမှာလည်း အဲဒီကိုယ်စားပြုနာမည်တွေကို အသုံးပြုပြီး မေးမြန်းမှာဖြစ်ပါတယ်”

ညိုသွေးက နာရီကို လှမ်းကြည့်တယ်။

ပြိုင်ပွဲကစတော့မယ်။ နံရံတစ်ဖက်က ဘုတ်ပြားတစ်ခုမှာတော့ ရမှတ်တွေကို ချိတ်ဆွဲဖို့ ပြင်ဆင်ကြတယ်။ ဂီလိုတင်အဖွဲ့ဝင် ကောင်မလေးနှစ်ယောက် အဲဒီအနားမှာ ရပ်နေကြတယ်။

ညိုသွေးက နာရီကိုကြည့်နေရာက ခေါင်းတစ်ချက်ညိတ်ပြလိုက်တယ်။ သူ့အဖွဲ့ဝင်တစ်ယောက်ကို ညိတ်ပြလိုက်တာပါ။

“တီ”

အချက်ပေးဘဲလ်က မြည်ပြီ။

“ကဲ . . . ပြိုင်ပွဲစပါပြီ။ မေးခွန်းတွေ စမေးပါတော့မယ်”

ကိုယ်နဲ့ သူ့စိတ်တွေ လှုပ်ရှားနေရပြီ။ အာရုံတွေလည်း စူးစိုက်နားစွင့်ထားလိုက်ကြတယ်။

• • •



– ဟေလီကြယ်တံခွန်ရဲ့ ဂရိအမည်က ဘာပါလဲ။ (A) ဖြေပါ။

\+ ဆံပင်ရှည်ကြယ်ပါ။

သူ တစ်ချက်မှမစဉ်းစားဘဲ ဖြေသွားပါတယ်။ ဒါကိုယ့်အတွက် ခြိမ်းခြောက်မှုပဲ။ ဒါပေမဲ့ ခုနကမေးခွန်းက ကိုယ်လည်းဖြေနိုင်ပါတယ်။ အင်း . . . အရေးကြီးတာ ကိုယ့်မေးမယ့်မေးခွန်းကို ကိုယ်ဖြေနိုင်ဖို့ပဲ။

– ဟေလီကြယ်တံခွန်ရဲ့ တရုတ်အမည်က ဘာလဲ။ (B) ဖြေပါ။

\+ အမ်။

ဂွပဲ။ သေချာတာကတော့ ကိုယ်မသိဘူး။ လူကြားထဲမို့ ဟန်မပျက် စဉ်းစားပါသေးတယ်။

“တီ”

ဂီလိုတင်အဖွဲ့ဝင် ကောင်လေးတစ်ယောက် အချိန်စေ့တဲ့ဘဲလ်ကို တီးလိုက်ပြီ။ ကိုယ် မဖြေနိုင်တဲ့မေးခွန်းကို ငါးစက္ကန့်အတွင်း ဝင်ဖြေခွင့်ရှိတာမို့ သူ ဝင်ဖြေပါတယ်။

– ဟေလီကြယ်တံခွန်ရဲ့ တရုတ်အမည်က တံမြက်စည်းကြယ်ပါ။

“ဟုတ်ပါတယ်ခင်ဗျာ မှန်ပါတယ်”

ညိုသွေးက မိုက်နဲ့ ကျေကျေနပ်နပ်ကြီး ကြေညာလိုက်သလို ပရိသတ်တွေဘက်ကလည်း လက်ခုပ်သံတွေ ညံထွက်လာတယ်။ ပွဲစစချင်းပဲ သူ့ဘက်က (၂) မှတ်ရသွားပြီ။

– (A) ဖြေပါ။ ရောမဒဏ္ဍာရီအရဆိုရင် ယူရေးနပ်ဂြိုဟ်နဲ့ ဂျူပီတာဂြိုဟ်တို့က ဘယ်လိုဆွေမျိုးတော်မလဲ။

\+ မြေးအဘိုးတော်စပ်မှာပါ။ ယူရေးနပ်က အဘိုးပေါ့။

“မှန်ပါတယ် ခင်ဗျာ”

www.burmeseclassic.com

www.burmeseclassic.com

ညိုသွေးက ကြေညာလိုက်သလို အမှတ်ပေးဆိုင်းဘုတ်မှာပဲ သူ့အမှတ်က (၃)မှတ်အထိ ရောက်သွားပြီ။ ကိုယ်ကတော့ ဥမကွဲသေးဘူး။ သူ့အဖြေမှန်တော့ လက်ခုပ်သံတွေ တဖြောင်းဖြောင်း လျှံထွက်လာတယ်။

ညိုသွေးက ကိုယ့်ဘက်လှည့်လာပြီး . . .

– (B) ဖြေပါ။ 'ဆင်တောရပ်စ်' တာရာရဲ့အဓိပ္ပာယ်ကို ဖြေပါ။

+ အင်း . . .

ကိုယ်သိသလိုပဲ။ နည်းနည်းတော့ စဉ်းစားလိုက်ရသေးတယ်။

+ လူတစ်ပိုင်း မြင်းတစ်ပိုင်းသတ္တဝါကိုပြောတာပါ။

"ဟုတ်ကဲ့ မှန်ပါတယ်ခင်ဗျား"

ကိုယ်မှန်တော့ ဘယ်သူမှလည်း လက်ခုပ်မတီးပေးကြဘူး။ ရမ်းရွှီးလို့မှန်တဲ့အတိုင်းပဲ။ သူကတော့ ကိုယ့်ကို တစ်ချက်လှည့်ကြည့်တာ ကိုယ် တွေ့မိသေးတယ်။

– (A) ဖြေပါ။ 'သဘော်ာပဲ့' လို့ အဓိပ္ပာယ်ရတဲ့ ကြယ်တာရာအမည်ကို ပြောပါ။

+ ပျူးပစ်စ် ပါ။

"မှန်ပါတယ် ခင်ဗျာ"

သူက (၄) မှတ်၊ ကိုယ်က (၁)မှတ်ရှိပြီ။

– (B) ဖြေပါ။ မြောက်ဘက်ကောင်းကင်မှာ အလင်းဆုံးကြယ်ကို ပြောပါ။

+ ဗီဂါကြယ်ပါ။

"မှန်ပါတယ် ခင်ဗျာ။ အမှတ်အနေအထားအရလည်း နောက်ကနေ အမီလိုက်လာနေပါပြီ"

လက်ခုပ်သံတွေ ထွက်လာကြပြီး ကိုယ့်ကိုအားပေးတဲ့လူတွေလည်း ရှိလာပြီဆိုတဲ့သဘော။



– (A) ဖြေပါ။ ကြယ်တွေကို သတ္တဝါတစ်ခုရဲ့ အနီးစပ်ဆုံးမျိုးနွယ်ဝင်အဖြစ် ခန့်မှန်းပြောဆိုနေကြပါတယ်။ အဲဒီသတ္တဝါရဲ့အမည်ကို ပြောပြပါ။

+ . . . . . .

ဒီတစ်ခါတော့ သူမသိတော့ဘူး။ သူစဉ်းစားတယ်။ စဉ်းလည်း စဉ်းစားသင့်ပါရဲ့။ ကိုယ်တို့လို သက်ရှိသတ္တဝါမျိုးနဲ့ ဟိုအာကာသထဲက ကြယ်နဲ့ ဆွေမျိုးလှမ်းတော်ရမယ့် ကိစ္စဆိုတော့ စဉ်းစားစရာပဲလေ။

"တီ"

အချိန်စေ့သွားတော့ ကိုယ် ဝင်ဖြေလိုက်တယ်။

+ ကြယ်တွေကို Frexလို့ခေါ်တဲ့ Tyranosaurusတွေနဲ့ အနီးစပ်ဆုံး မျိုးနွယ်စုဝင်အဖြစ် ခန့်မှန်းနေကြပါတယ်။

"အိုး ဟိုး ဟိုး . . . မှန်ပါတယ် ခင်ဗျား"

ဒီတစ်ခါတော့ လက်ခုပ်သံလှိုင်လှိုင် ထွက်လာပါတယ်။ သူမဖြေနိုင်တာကို ကိုယ် ဝင်ဖြေလိုက်နိုင်တာမို့ ထင်ပါတယ်။

– (B) ဖြေပါ။ 'ကမဲလိုပါဒလစ်' တာရာရဲ့အဓိပ္ပာယ်ကို ပြောပြပါ။

+ သစ်ကုလားအုတ်ပါ။

"အိုး . . . မှန်ပါတယ် ခင်ဗျား"

လက်ခုပ်သံတွေ အပြိုင်းပြိုင်းထွက်လာတယ်။ ကိုယ် အမှတ်တွေ ဆက်တိုက်ရလာပြီမဟုတ်လား။ ပွဲကြည့်ပရိသတ်က အဲဒါကို အားရသွားဟန်တူပါတယ်။ လက်ခုပ်သံတွေ . . . ။ သူကတော့ ကိုယ့်ကို တစ်ချက်ကြည့်ပြီး ပြုံးပါသေးတယ်။ သူနဲ့ကိုယ် (၄) မှတ်စီနဲ့ အမှတ်တူ ရပ်တည်လို့ပေါ့။

– (A) ဖြေပါ။ Binary Starလို့ခေါ်တဲ့ ကြယ်မြွှာပူးပေါင်း ဘယ်လောက်ရှိတယ်လို့ ခန့်မှန်းကြပါသလဲ။

+ . . . . . .



www.burmeseclassic.com

www.burmeseclassic.com

သူငြိမ်နေတယ်။ သူ့နှုတ်ခမ်းလေးတွေက အဖျားချွန်တဲ့ ပန်း ပွင့်အဖူးလေးတွေလို ကော့စင်းနေတယ်။ ဒါ သူအဖြေမသိလို့ စဉ်းစား နေပုံပါ။

"တီ"

သူ့အချိန်စေ့သွားပြီ။ ဒါပေမဲ့ ဒီမေးခွန်းရဲ့အဖြေကို သူမသိသလို ကိုယ်လည်း မသိပါဘူး။

"တီ"

ကိုယ် ဝင်ဖြေခွင့်အချိန်လည်း စေ့သွားပြီ။

ညိုသွေးကပြုံးလျက် . . .

"ဒီတစ်ခါကတော့ ပြိုင်ပွဲဝင်နှစ်ယောက်စလုံး မဖြေလိုက်နိုင်တဲ့ မေးခွန်းပါပဲ။ ဒီတော့ ကျွန်တော်ကပဲ အဖြေကို ပြောပြပါ့မယ်"

ပရိသတ်တွေကလည်း ငြိမ်ကြည့်နားစွင့်နေကြတယ်။

– နက္ခတ္တပညာရှင်တွေက Binary Star လို့ခေါ်တဲ့ ကြယ်မြွှာပူးပေါင်း ၁၅,၀၀၀ ခန့်ရှိမယ်လို့ ခန့်မှန်းထား ကြပါတယ်။

သူနဲ့ကိုယ် (၄)မှတ်စီနဲ့ပဲ ဆက်ယှဉ်ပြိုင်ရဦးမယ်။

– (B) ဖြေပါ။ အီသီယိုပီးယားမင်းသမီးလို့ အဓိပ္ပာယ်ရ တဲ့ တာရာရဲ့အမည်ကို ပြောပါ။

+ . . . . . .

ဘာတွေလာမေးနေတာပါလိမ့်။ ကိုယ် တကယ်မသိဘူး။

"တီ"

ကိုယ် အချိန်စေ့တော့ သူက အလျင်အမြန် ဝင်ဖြေပါတယ်။

– 'အင်ဒရိုမီဒါ' ပါ

"မှန်ပါတယ် ခင်ဗျား"

လက်ခုပ်သံတွေ ညံလာပြန်တယ်။ သူက ကိုယ့်ထက် (၁) မှတ် သာသွားပြန်ပြီ။



– (A) ဖြေပါ။ ပါဆုစ်လို့အမည်ရတဲ့ ကြယ်တာရာရဲ့ အဓိပ္ပာယ်ကို ပြောပြပါ။

+ အင်ဒရိုမီဒါရဲ့ ကယ်တင်ရှင်ပါ။ ကျီးတာရာလို့လည်း ခေါ်ပါတယ်။

"အဖြေမှန်ပါတယ်"

– (B) ဖြေပါ။ မက်ဆိုပိုတေးမီးယန်းတွေက လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀၀၀ ခန့်ကတည်းက ကြယ်စင်ကြည့်တဲ့ မျှော်စင်တွေကို တည်ဆောက်ခဲ့ကြတယ်တဲ့။ အဲဒီ မျှော်စင်ရဲ့အမည်ကို ပြောပါ။

+ "ဇီဂူရတ် (Ziggurat) ပါ"

"မှန်ပါတယ် ခင်ဗျား"

လက်ခုပ်သံတွေ ထွက်လာပြန်တယ်။ သူနဲ့ကိုယ် အမှတ်ကွာဟ ချက် ပြန်ကျဉ်းမြောင်းလာပြီလေ။ ကိုယ့်က (၅) မှတ်၊ သူက (၆) မှတ်။

– (A) ဖြေပါ။ အဲဒီ ခုနကပြောတဲ့ ဇီဂူရတ်ဆိုတဲ့မျှော်စင် ရဲ့ ပုံသဏ္ဌာန်ကို အကျဉ်းချုပ်ပြောပြပါ။

+ အဲဒီမျှော်စင်ဟာ ပိရမစ်တွေနဲ့တူပြီးတော့ ဘုံခုနစ်ဆင့် ပါဝင်ပါတယ်။ အဲဒီဘုံခုနစ်ဆင့်ဟာ နေ၊ လ၊ ဗုဒ္ဓဟူး ဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ကြာသပတေးဂြိုဟ်၊ သောကြာဂြိုဟ် နဲ့ စနေဂြိုဟ်တို့ကို ကိုယ်စားပြုထားတာပါ"

"ဟုတ်ပါတယ် ခင်ဗျား"

လက်ခုပ်သံတွေ ညံဆဲ။

– (B) ဖြေပါ။ ဖောနက်စ်လို့အမည်ရတဲ့ ကြယ်တာရာ ရဲ့အဓိပ္ပာယ်ကို ပြောပြပါ။

+ မီးသင်းဖိုပါ။

"မှန်ပါတယ် ခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com

ဒီတစ်ခါတော့ လက်ခုပ်သံတွေ အတော်လေး ထွက်လာခဲ့တယ်။ ပြီးတော့ . . .

"တီ . . . တီ"

အချက်ပေးဘဲလ်က နှစ်ချက်မြည်တယ်။ ပြိုင်ပွဲကို ပထမပိုင်း (၁၀) မိနစ် အနားပေးတာပါ။

ဒီအချိန်မှာတော့ သူက (၇)မှတ်၊ ကိုယ်က (၆) မှတ်။

ဈာန်အောင်၊ ဥကျန်၊ မော်ကြီးနဲ့ အေးမွန်တို့ကလည်း ရေဘူးတွေ တစ်သျှူးတွေပိုက်ပြီး ကိုယ်တို့ဆီ ပြေးလာကြတယ်။ သူတို့ပုံက လက်ဝှေ့ကြိုးဝိုင်းထဲ ပဝါကူ၊ ရေရှူခိုင်းဖို့ ပြေးဝင်လာကြသူတွေလိုပဲ။

ဈာန်အောင်နဲ့မော်ကြီးက ကိုယ့်ဆီ ပြေးလာတာပါ။ အေးမွန်နဲ့ ဥကျန်ကတော့ သူ့ဆီပြေးသွားတာပါ။

မော်ကြီးက ကိုယ့်ကို ရေဘူးဖွင့်တိုက်ရင်း . . .

"ခွဲမလျှော့နဲ့ ရဲထွဋ်၊ တောင့်ထား။ နေခြည်က အပေါ်မှာ ကြာကြာမနေနိုင်ပါဘူး"

"ဟမ် . . . ဘာ . . . ဘာ . . . "

"သြော် . . . မင်းကလည်း သူ့အမှတ်က လောလောဆယ် မင်းအပေါ်မှာ ရောက်နေတာမို့လား။ ဒါပေမဲ့ မင်းကြိုးစားဖြေလိုက်ရင် သူ့အမှတ်ထက် မင်းအမှတ်က ပိုများသွားမှာ။ အဲဒါကိုပြောတာ"

"စကားကို ဖြောင့်ဖြောင့်ပြောပါကွာ"

ဘာမှမဆိုင်ပေမယ့် ဈာန်အောင်ကပဲ ကိုယ့်ကို ဇက်ကြောတွေဘာတွေ တက်နှိပ်ပေးတယ်။

အဲဒီလိုပဲ သူ့ကိုလည်း အေးမွန်က ချွေးတွေသုတ်ပေးရင်း . . .

"နေခြည် . . . ဆက်ထိန်းထား၊ နင်နိုင်မှာ သေချာတယ်"

"ဟုတ်တယ် . . . နင်နိုင်လို့ကတော့ အဲဒီကောင်ရဲ့ ထောင်နေတဲ့နေရာကို မီးရှို့ပြီး ကျောင်းတစ်ပတ် ပတ်ပြေးခိုင်း သိလား"



သူတို့စကားကြားပြီး ကိုယ် ကြက်သီးထသွားတယ်။ သူလည်း ကြောင်ပြီး ဥကျန်ကို မော့ကြည့်တယ်။

"ဟင် . . . ဘယ်နေရာကို မီးရှို့ရမှာ"

"ထောင်နေတဲ့နေရာပါဆို ဆံပင်ပေါ့ဟဲ့"

"အေး . . . အေး . . . ဆံပင်ဆိုရင်တော့ ရှို့ရဲပါတယ်"

ဒီတော့မှ သူလည်း စိတ်အေးရသလို ကိုယ်လည်း တံတွေးမျိုချနိုင်တော့တယ်။

ကိုယ်တို့က နားပေမယ့် ညိုသွေးကတော့ မနားဘူးဗျ။ ပရိသတ်နဲ့ ကစားနေသေးတယ်။ ပရိသတ်ကို ထိန်းထားတဲ့သဘောပေါ့။

ပရိသတ်ဘက်လှည့်ပြီး ညိုသွေးက . . .

"အခု အကြိတ်အနယ်ယှဉ်ပြိုင်ကျတဲ့ ပြိုင်ပွဲဝင်နှစ်ယောက် အနားယူနေတုန်း ပရိသတ်ကြီးနဲ့ ကျွန်တော်နဲ့ ကစားရအောင်ဗျာ"

ပရိသတ်က ဟေးခနဲ ပျော်ရွှင်စွာအော်တယ်။

"အင်း . . . ဘယ်လိုကစားမလဲဆိုတော့ ပရိသတ်ကြီးကို ကျွန်တော်က စကားလုံးတချို့ ရွတ်ခိုင်းမှာပါ။ အဲဒီစကားလုံးတွေကို မထစ်မငေါ့၊ မမှားမယွင်းဘဲ ပီပီသသ (၁၀) စက္ကန့်အတွင်း (၁၀) ခေါက်ရွတ်ပြနိုင်တဲ့လူကို အခု ဒီ 'မဝေးဘူး' ကင်န်တင်းကနေ မေတ္တာလက်ဆောင် ချီးမြှင့်မှာဖြစ်ပါတယ်။

ရွတ်ဆိုရမယ့် စကားလုံးတွေကိုတော့ အခု ကျွန်တော် (White-board) မှာ ရေးပြပါ့မယ်"

ကိုယ်တို့လည်း ညိုသွေးရေးပြတဲ့စာကို ကြည့်လိုက်ကြတယ်။

**ကြယ်တစ်ပွင့် ကြွက်တစ်ကောင် ကျောက်ပတ်တီး**



www.burmeseclassic.com

www.burmeseclassic.com

"ကဲ . . . ပရိသတ်ထဲက တစ်ယောက်ထွက်ခဲ့ပါ။ ဒီစာတမ်းကို (၁၀) စက္ကန့်အတွင်း (၁၀)ခေါက် ပီပီသသရွတ်ပြပါ"

တစ်ယောက်ထွက်လာတယ်ဗျ။

ပထမနှစ်ခေါက်သုံးခေါက်တော့ အဟုတ်ပဲ။ နောက်တော့ အချိန်မီပြီးဖို့ အမြန်ဆိုရတော့ စာလုံးတွေကရောပြီး ထစ်ကုန်တာပေါ့။

"ကြယ်တစ်ပွင့် ကြွက်တစ်ပေါင် ကျောက်တီး . . . "

"ဟာ . . . ဘာတွေလဲဟ"

"ဟား . . . ဟား . . . "

"ဟား . . . ဟား . . . ဟား . . . "

အားလုံး ဝိုင်းရယ်ကြတယ်။ စကားတွေ ရောကုန်တယ်လေ။ နောက်တစ်ယောက် ထွက်လာပြန်တယ်။

"ကြယ်တစ်ကွင့် ကြွက်တောင် ကျောက် . . . ဟား . . . ဟား . . . ဟား"

"ဟား . . . ဟား . . . ဟား . . . "

ပြီးအောင်တောင် မဆိုနိုင်ဘူး။ ကိုယ့်ဘာသာကိုယ် ရယ်မိပြီး ထွက်သွားတော့တယ်။

ပွဲက ရယ်သံမဆဲအောင် မြိုင်ခဲ့ပါတယ်။ အဲဒီ ကြယ်တစ်ပွင့် ကြွက်တစ်ကောင် ကျောက်ပတ်တီးကိုလည်း ဘယ်သူမှမဖြေနိုင်ဘဲ ကိုယ်နဲ့သူ့ရဲ့ပွဲ ဒုတိယပိုင်းကို ပြန်စခဲ့ပါတယ်။

ဒုတိယပိုင်း (Presenter)ကတော့ ညီသွေးမဟုတ်တော့ပါဘူး။ ဂီလိုတင်အဖွဲ့က တခြားယောကျ်ားလေးတစ်ယောက်ပါပဲ။

"ပြိုင်ပွဲဝင်တွေ စုံပြီဆိုတော့ ပထမပိုင်းကလိုပဲ မေးခွန်းတွေ ပြန်မေးပါတော့မယ်။

– (A) ဖြေပါ။ ဂရိနတ်တွေထဲမှာ ကြယ်တံခွန်လွှတ်ခြင်းကိုလည်း အစိုးရတဲ့နတ်သမီးရဲ့အမည်ကို ပြောပြပါ။



\+ ဂျူနိုလို့ခေါ်တဲ့ ဟီးရနတ်သမီးပါ။

"အဖြေမှန်ပါတယ်"

– (B) ဖြေပါ။ နေထက်ကြီးမားတဲ့ ကြယ်တစ်လုံးရဲ့အမည်ကို ပြောပါ။

\+ ဆီးရီးယပ်ကြယ်ပါ။

အမှားမရှိအောင် ကိုယ်တို့ သတိထားဖြေနေမိကြတယ်။

– (A) ဖြေပါ။ ဟိုင်းဒရပ်စ်တာရာရဲ့ အဓိပ္ပာယ်ကို ပြောပြပါ။

\+ . . . . .

သူ နည်းနည်းစဉ်းစားနေရပြီ။ ပြီးမှ အချိန်မီလှမ်းပြောတယ်။

\+ ရေနဂါးပါ။

ဒါပေမဲ့ သူ့အဖြေက . . .

– "အင်း . . . တစ်ဝက်ပဲ မှန်သေးပါတယ်ခင်ဗျ။ မပြည့်စုံသေးပါဘူး။

"တီ"

အချိန်စေ့သွားတော့ ကိုယ် အမြန်ဝင်ဖြေလိုက်တယ်။

\+ ရေနဂါးအထီးပါ။

"မှန်ပါတယ် ခင်ဗျား"

လက်ခုပ်သံတွေ ညံထွက်လာသလို သူကလည်း ကိုယ့်ကို ပမာမခန့်လေး လှမ်းကြည့်သေးပါတယ်။

အဲဒီလိုနဲ့ . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . အဲဒီလိုနဲ့ . . . . . . . . . .

. . . . . . . . . . . . . . . . အဲဒီလိုနဲ့ပေါ့လေ . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့ ကိုယ်နဲ့သူ ပွဲအပြီးမှာ (၁၁) မှတ်စီနဲ့ အမှတ်တူရခဲ့ကြတယ်။ ဒါပေမဲ့ ပူးတွဲချန်ပီယံတော့ ကိုယ်တို့ မဖြစ်ချင်ကြဘူးလေ။ အနိုင်အရှုံးပေါ်မှဖြစ်တဲ့ပွဲအတွက် ကိုယ်တို့ ဆက်ယှဉ်ပြိုင်ရဦးမှာပါ။

ညိုသွေးက Presenter အဖြစ် ပွဲထဲပြန်ဝင်လာပြီး . . .

"မေးစရာမေးခွန်းတွေ ကုန်သွားချိန်မှာတော့ အံ့သြစရာကောင်းလောက်အောင် တစ်ဖက်ကို (၁၁) မှတ်နဲ့ အမှတ်တူ ရရှိခဲ့ကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဂီလိုတင်အဖွဲ့ဟာ Final ပွဲတစ်ပွဲကို စီစဉ်ရပါတော့မယ်။

အားလုံးက ငြိမ်သက်သွားပြီး ကိုယ်နဲ့သူ့ကိုကြည့်တယ်။ မဝေးဘူးလို့အမည်ရတဲ့ ဒီကင်န်တင်းလေးထဲမှာ လူတွေအုံခဲစည်ကားနေပါပြီ။

ညိုသွေးက ဆက်ပြီး . . .

" Final အနေနဲ့ ယှဉ်ပြိုင်ရမှာမို့ ကျွန်တော် မေးခွန်းတွေ မမေးချင်တော့ဘူးဗျာ။ လှုပ်လှုပ်ရှားရှားဖြစ်ရမယ့် ယှဉ်ပြိုင်မှုမျိုးဆို မကောင်းဘူးလား"

"ကောင်းပါတယ်"

"ကောင်းတယ် . . . ကောင်းတယ် . . . လုပ်"


အဲဒီလို ပရိသတ်တွေက (သူတို့ဝင်မပြိုင်ရတိုင်း) အားပေးရှာကြပါတယ်။

"ကဲ . . . ဒါဆို ပြိုင်ပွဲဝင်နှစ်ယောက်နဲ့အတူ ပရိသတ်ကြီးကပါ ကျွန်တော့်ကို သေချာကြည့်ထားပါ။ ကျွန်တော် ဘာလုပ်ရမလဲကို သေချာကြည့်ထားပါ"

အားလုံးက သေချာကြည့်ကြပါတယ်။ ကိုယ်နဲ့သူလည်း သေချာကြည့်ရပါတယ်။

ညိုသွေးက Whiteboard ဆီကိုသွားပါတယ်။ ပြီးတော့ အောက်ပါပုံတွေကို ဆွဲပြတယ်။





BURMESE CLASSIC .com

နောက် . . . ညိုသွေးက သူဆွဲတဲ့ပုံတွေနဲ့ ပတ်သက်ပြီး ရှင်းပြတယ်။

"သချာသမိုင်းမှာ ဆွစ်လူမျိုး 'လီယိုနတ်အွိုင်လာ' ဆိုတဲ့သူရှိခဲ့ပါတယ်။ သူဟာ ဖောင်တိန်ကို စက္ကူကနေမခွာဘဲ ရေးဆွဲပြီးသားမျဉ်းတွေကိုလည်း နောက်ကြောင်းပြန်ထပ်မရေးဆွဲဘဲ တစ်ဆက်တည်းရေးဆွဲသွားနိုင်တဲ့ မျဉ်းတစ်ကြောင်းဆွဲပုံတွေကို လေ့လာခဲ့ပါတယ်"

ပေါ်က သူဆွဲထားတဲ့ပုံတွေကို ညွှန်ပြပြီး ညိုသွေးက . . .

"အခု ဒီ ကျွန်တော်ဆွဲပြခဲ့တဲ့ပုံတွေကလည်း သူလေ့လာခဲ့တဲ့ပုံတွေကိုပဲ သူ့နည်းစနစ်အတိုင်း မျဉ်းတစ်ကြောင်းတည်းသုံးပြီး ဆွဲထားတာပါ"

နောက်တော့ ညိုသွေးက ကိုယ်တို့နှစ်ယောက် (ကိုယ်တို့နှစ်ယောက် = ကိုယ်နဲ့နေခြည်) ကို ကြည့်လာပါတယ်။

"ကြယ်တွေက ပုံစံအမျိုးမျိုးတော့ ရှိပါတယ်။ ဒါပေမဲ့ အခုတော့



www.burmeseclassic.com

www.burmeseclassic.com

ပြိုင်ပွဲဝင်နှစ်ယောက်ကို ငါးထောင့်ကြယ်နဲ့ ခြောက်ထောင့်ကြယ်ကို ဆွဲခိုင်းချင်ပါတယ်"

ဂီလိုတင်အဖွဲ့သားနှစ်ယောက်က အခုနက ညိုသွေးဆွဲထားတဲ့ပုံတွေကို ဖျက်ပစ်လိုက်ပြီ။ နောက်ထပ် Whiteboard တစ်ချပ်လည်း သွားယူလာပြီး ရှိပြီးသား Whiteboard နဲ့ သုံးလေးပေခြားတဲ့နေရာမှာ ချိတ်ဆွဲလိုက်တယ်။

ညိုသွေးက . . .

"အခု Final ပြိုင်ပွဲအနေနဲ့ ယှဉ်ပြိုင်ရမှာကတော့ ခုနကပြောပြခဲ့တဲ့ 'လီယိုနတ်အွိုင်လာ' ရဲ့နည်းကို အသုံးပြုပြီး ငါးထောင့်ကြယ်နဲ့ ခြောက်ထောင့်ကြယ်ကို ဆွဲပြရမှာပဲဖြစ်ပါတယ်။ အမြန်ဆုံးဆွဲပြီးတဲ့သူက ဒီပွဲရဲ့ အနိုင်ရှင်ပါပဲ။ အိုကေနော်"

ကိုယ်နဲ့သူ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြပြီ။ ပြိုင်ပွဲရဲ့ အထွတ်အထိပ်မို့ သူနဲ့ကိုယ် သိပ်ရင်ခုန်နေကြပြီ။

"ပြိုင်ပွဲဝင်နှစ်ယောက် Whiteboard တွေအနား ကြွခဲ့ပါ"

ကိုယ်တို့ ထိုင်ရာကထပြီး Whiteboard တွေအနား သွားလိုက်တယ်။

ပရိသတ်တွေကလည်း အားပေးတာလား၊ မြှောက်ပေးတာလား မသိ။ တဟေးဟေး ထအော်နေကြတယ်။

"ကဲ . . . ဝမ်း တူး သရီးဆိုတာနဲ့ စမယ်။ ရယ်ဒီ ဝမ်း . . "

"တူး"

ပရိသတ်တွေကပါ မြိုင်မြိုင်ဆိုင်ဆိုင် လိုက်ရေတွက်ကြတယ်။ ဟေး . . . ဟေး . . . နဲ့လည်း အုံအုံခဲခဲကြီး ဝိုင်းအုံနေကြတယ်။

သူနဲ့ကိုယ် အကြည့်တစ်ချက် ဆုံသွားသေးတယ်။ သူ့နှာသီးလုံးပေါ်မှာ ချွေးဥသေးသေးလေးတွေ လင်းလက်လို့။

"သရီး . . . "

ကိုယ့်တစ်ကိုယ်လုံး တုန်ယင်သွားသလိုပဲ။ ပွဲစပြီ။

ဒါမှ တကယ့်ပွဲပဲ။



ငါးထောင့်ကြယ်ကတော့ မခက်ဘူး။ ခဏအတွင်း သူရယ် ကိုယ်ရယ် အပြီးဆွဲနိုင်ခဲ့တယ်။ ဒါပေမဲ့ ပြဿနာက ခြောက်ထောင့်ကြယ်။

လီယိုနတ်အွိုင်လာဆိုတာ ကိုယ့်အဘိုးရဲ့ သူငယ်ချင်းလည်း မဟုတ်လို့ သူ့အကြောင်း မကြားဖူးခဲ့ပါဘူး။ အခုလို သူ့နည်းစနစ်နဲ့ ရင်းနှီးမိဖို့ ဝေလာဝေးပေါ့။

ဒါပေမဲ့ အခုတော့ နီးအောင်ဆွဲယူရမယ်။

သူ့ကိုကြည့်လိုက်တော့ သူကလည်း ပြင်လိုက်ဖျက်လိုက်ပဲ။ သူ့အတွက်လည်း သိပ်ရင်းနှီးတဲ့အလုပ် ဟုတ်ပုံမပေါ်ဘူး။

ကိုယ်လည်း ဖြည်းဖြည်းချင်း ပြင်လိုက်ဖျက်လိုက် ပြန်ဆွဲကြည့်ပြီးမှ နည်းလမ်းတစ်ခုကို သွားတွေ့တယ်။

"ဟုတ်ပြီ"

ကိုယ့်ဘာသာကိုယ်ရေရွတ်ပြီး အမြန်ဆွဲရတယ်။ ခြောက်ထောင့်ကြယ် . . . ခြောက်ထောင့်ကြယ်။

အဲဒီခြောက်ထောင့်ကြယ်ဖြစ်ဖို့ နောက်ဆုံးဆုံမှတ်ကို သွားထိရမယ့်မျဉ်း။

"ပြီးပြီ"

သူ့အသံပေါ့။

လက်ကလေးတစ်ဖက်မြှောက်ပြီး အော်ဟစ်လိုက်တဲ့ သူ့အသံ။

အဲဒီ ကိုယ့်ရဲ့ ခြောက်ထောင့်ကြယ်ဖြစ်ဖို့ နောက်ဆုံးဆုံမှတ်ကို သွားထိရမယ့်မျဉ်း မဆုံးခင်မှာဘဲ သူက အရင်ပြီးသွားခဲ့တာပေါ့။

ဟေးခနဲအော်ပြီး ဥက္ကျန်၊ အေးမွန်နဲ့ စိုးစိုးထွေးတို့က သူ့ကို ပြေးပွေ့တယ်။ နောက်ဆုံးစက္ကန့်မှ အနိုင်ဂိုးသွင်းနိုင်ခဲ့သူလေးတစ်ယောက်ကို သူလည်း အရမ်းပျော်နေရှာတယ်လေ။

"ဟေး . . . ဟေး . . . ဟေး . . . "

ပရိသတ်တွေလည်း အော်ဟစ်ကြတယ်။

ညိုသွေးကတော့ ကိုယ့်ပခုံးကို လာပုတ်တယ်။ ကိုယ် ပြုံးနေ



www.burmeseclassic.com

www.burmeseclassic.com

လိုက်တယ်။ ဈာန်အောင်နဲ့ မော်ကြီးကလည်း ပြုံးဖြဖြနဲ့ပဲ ကိုယ့်အနား ကပ်လာပါတယ်။

ပြိုင်ပွဲက ပြီးဆုံးပြီပေါ့။

ကိုယ် တကယ်ကြိုးစားခဲ့တာပါ။

ဒီလိုပဲ ကိုယ်မနိုင်ခဲ့တာလည်း တကယ်ပါ။

ဘာကြောင့်လဲ မသိပေမယ့် ပရိသတ်တွေက ပြုံးပျော်နေကြပါတယ်။

ညီသွေးက သူ့လက်ဝဲလက်ယာအားနှစ်ဖက်ကို ညွှန်ပြကာ ..

"ကဲ . . . ပြိုင်ပွဲဝင်နှစ်ယောက် ကြွခဲ့ပါ"

ကိုယ်တို့ ညီသွေးရဲ့ တစ်ဖက်တစ်ချက်မှာ ဝင်ရပ်လိုက်ကြတော့ ညီသွေးက သူ့ရဲ့လက်ကိုကိုင်ပြီး မြှောက်ပြလိုက်ပါတယ်။

"အနိုင်ရသူ မလင်းနေခြည်သွယ် ဖြစ်ပါတယ်ခင်ဗျား"

လက်ခုပ်သံတွေ တဖြောင်းဖြောင်းနဲ့ မိုးလိုရွာလာတယ်။ သူက လှလည်းလှတော့ ကျောင်းတော်ကာလသားတွေရဲ့ လက်ခုပ်သံက နှစ်ဆ ပိုမြိုင်နေတော့တာပေါ့။

"အရှုံးပဲဖြစ်ဖြစ်၊ အနိုင်ပဲဖြစ်ဖြစ် ဒါကတော့ ပရိသတ်ကို ဖျော်ဖြေတာပါပဲ။ ကြယ်တွေနဲ့ ပတ်သက်ပြီးတော့လည်း ဗဟုသုတ အနည်းနဲ့အများ ရရှိကြမယ်လို့လည်း မျှော်လင့်ပါတယ်။ ပရက်တီကယ်မတက်၊ ကျူတိုရီရယ်ပျက်ပြီး လာအားပေးရင်ခုန်ကြတဲ့ သူငယ်ချင်းပရိသတ်တွေကိုလည်း ကျေးဇူးပါ။ ယှဉ်ပြိုင်သွားခဲ့တဲ့ ပြိုင်ပွဲဝင်နှစ်ယောက်ကိုလည်း ပရိသတ်တွေရှေ့မှာပဲ လက်ဆွဲနှုတ်ဆက်ပြစေချင်ပါတယ်"

"ဟေး . . . "

ကိုယ့်ရွှေပရိသတ်တို့ကတော့ အော်နေဆဲပဲ။

သူနဲ့ကိုယ် မျက်နှာချင်းဆိုင်လိုက်ကြတယ်။ သူက အနိုင်ရသူ ဆိုတော့ ပြုံးရွှင်နေတဲ့ မျက်နှာလေးနဲ့ပေါ့။

အံ့သြစရာပဲ။ အရှုံးကလည်း ကိုယ့်ကို မနာကျင်စေပြန်ဘူး။ သူပျော်နေတဲ့မျက်နှာလေးကို မြင်ရတော့ ကိုယ်ပါ တသွင်သွင်လိုက်ပျော်



နေမိတယ်။ ဒါပေမဲ့ နိုင်သူပိုပျော်အောင် ကိုယ် စိတ်ညစ်ချင်ယောင်တော့ နည်းနည်း ဟန်ဆောင်နေပေးလိုက်ပါတယ်။

"ဟေး . . . "

ပရိသတ်အသံကြီးပေါ့။

ကိုယ်နဲ့သူ လက်ဆွဲနှုတ်ဆက်လိုက်လို့ အော်ဟစ်လိုက်ကြတာပါ။

သူ့လက်ကလေးတွေက ချွေးစေးလေးတွေရှိနေတော့ အေးစက်စက်နဲ့။ ဒါပေမဲ့ ကိုယ့်တစ်ကိုယ်စာအတွက်တော့ နွေးထွေးမွေးပျံ့လေရဲ့။

လက်ဆွဲနှုတ်ဆက်ရင်းနဲ့ပဲ သူက . . .

"နင် တော်ပါတယ်"

တဲ့။

ကိုယ့်ကို ချီးကျူးတယ်လေ။

ကိုယ် အရမ်းဝမ်းသာသွားတယ်လေ။ ကိုယ့်ကို ချီးကျူးလို့ မဟုတ်ပါဘူး။ ကိုယ့်ကို 'နင်' လို့ နာမ်စားသုံးခေါ်လို့ပါ။ ဒီ 'နင်' တို့ ပြောလိုက်တဲ့အသံက ရိုင်းတာမျိုးမဟုတ်ဘဲ ပွင့်လင်းရင်းနှီးမှုရှိတဲ့ အသံမျိုးပါ။

ကိုယ် ခပ်ကျဲကျဲ ရယ်ပြလိုက်တယ်။

ပြီးတော့မှ သူ့နား အနားကပ်ပြီး ခပ်တိုးတိုးပြောလိုက်တယ်။

"ငါ့ကို သူငယ်ချင်းလို့ အသိအမှတ်ပြုပြီးလား"

သူက အိစက်စက်လေးပြုံးပြီး ခေါင်းညိတ်ပြပါတယ်။

ပြီးမှ . . .

"နင်နဲ့ငါ သူငယ်ချင်းဖြစ်သွားပါပြီ ဂြိုဟ်ဆိုးကြီးရယ်" တဲ့။

တွေ့လား။

ကိုယ့်မှာ ပျော်ရခက်ခက်ကြီး။



www.burmeseclassic.com

www.burmeseclassic.com

(၇)

"နင်ပြောလေ ငါဘာလုပ်ပေးရမှာလဲ"

ကင်န်တင်းထဲမှာ လူရှင်းသွားပါပြီ။ ကိုယ်တို့သူငယ်ချင်းတစ်အုပ်စုပဲ စားပွဲကို နှစ်ဝိုင်းဆက်ပြီး ဝိုင်းထိုင်နေကြတယ်။ ရှုံးကြေးက ဘာလုပ်ရမှာမှန်းမသိပေမယ့် လောလောဆယ် သူတို့မှာစားထားသမျှကိုတော့ အရင်ရှင်းရမယ်လို့ ပြောတယ်။

အေးမွှန်က စတော်ဘယ်ရီဖျော်ရည်ကို တစ်ငုံကော်စားပြီး..

"နေခြည် . . . ခုနကပြောထားသလို ဒီကောင့်အမွေးတွေကို မီးရှို့ဟာ။ ငါ ဓာတ်ဆီသွားဝယ်ပေးမယ်"

အေးမွှန်ကလည်း ကိုယ့်ဆံပင်ကို ဘာတွေကြည့်မရနေလည်း မသိပါဘူး။ အားတက်သရော မီးရှို့ခိုင်းနေတယ်။

နေခြည်က တစ်ချက်ရယ်ပြီးမှ စကားစတယ်။

"ငါ စာတမ်းတစ်စောင်လုပ်နေတာဟ၊ စိတ်ထဲမှာတော့ တော်တော်ခရီးရောက်နေပြီ။ လက်တွေ့မှာတော့ ထင်သလောက် ခရီးမပေါက်သေးဘူးဖြစ်နေတယ်"



"ဘာစာတမ်းမျိုးလဲ"

သူက တစ်ချက်တွေးပြီးမှ . . .

"ကြယ်စာတမ်းမျိုးဆိုပါတော့"

ကြယ်တွေနဲ့ပတ်သက်တာ ကိုယ်လည်း တွေးကြည့်နေမိတယ်။

သူက ကိုယ့်ကိုကြည့်ပြီး ဆက်ပြောတယ်။

"နင်နဲ့ ဟိုတစ်ခါက အရူးမောင်းတဲ့ Taxi အတူစီးမိတုန်းက နင့်လက်ထဲမှာပိုက်ထားတဲ့ စာအုပ်ကို ငါ သတိထားမိတယ်လေ"

အင်း . . . အဲဒီနေ့က ကိုယ်ဘာစာအုပ် ကိုင်ထားမိပါလိမ့်။ ဪ် . . . သိပြီ . . . သိပြီ။ 'အနန္တစကြဝဠာ' ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆရာလှိုင်သင်းဘာသာပြန်ထားတဲ့ စာအုပ်ပဲ။

"အဟဲ . . . စာအုပ်က အဆင့်မြင့်တယ်ဟ။ ငါလည်း စာမျက်နှာရွေးဖတ်ပြီး ပြန်အပ်လိုက်တာ။ အဲဒီစာအုပ်ဖတ်တဲ့ညတွေဆို စောစောအိပ်ဖြစ်နေလို့ဟ"

ကိုယ့်စကားကြောင့် သူ နှုတ်ခမ်းလေးချွန်ပြီး မျက်မှောင်ကြုတ်သွားသေးတယ်။ ပြီးမှ . . .

"ပြီးတော့ စာကြည့်တိုက်မှာ နင်နဲ့တွေ့တော့လည်း နင်ရှာနေတဲ့စာအုပ်နဲ့ ငါရှာနေတဲ့စာအုပ် တူနေတယ်လေ။ ငါတို့ရှာနေတာက နက္ခတ္တဗေဒင်စာအုပ်လေ။ အဲဒီလိုစာအုပ်တွေဖတ်တတ်တဲ့နင့်ကို ကြယ်တွေနဲ့ သိပ်မစိမ်းဘူးလို့ထင်တယ်။

အဲဒါကြောင့် ဟိုတစ်နေ့က နင့်ကို ကင်န်တင်းမှာလာစောင့်နေတာ။ နင်နဲ့ မကျေနပ်လို့ ပြိုင်ပွဲတစ်ခုလုပ်ကြသလိုမျိုးနဲ့ ဒီနေ့လိုပြိုင်ပွဲလေးဖြစ်အောင် လုပ်လိုက်တာ"

"ဟင် . . . ဒါဆို နင်တို့က ငါ့ကိုပေါင်းကြံပြီး အနိုင်ယူတာပေါ့ . . . ဟုတ်လား"

ဒါကိုတော့ စိုးစိုးထွေးက ဝင်ရှင်းတယ်။

"ဟေ့ . . . ဒီမှာရဲထွဋ်၊ ပေါင်းကြံတာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ အနိုင်ယူတာတော့ မဟုတ်ဘူး။ မေးခွန်းတွေထုတ်တာကတော့



www.burmeseclassic.com

www.burmeseclassic.com

ကြယ်တွေနဲ့ပတ်သက်တာတွေပဲ ထုတ်တာ မှန်တယ်။ ဒါပေမဲ့ ဘာတွေ မေးမယ်၊ ဘယ်လိုပြိုင်ရမယ်ဆိုတာကိုတော့ နေခြည့်ကိုလည်း အသိမပေး ခဲ့ပါဘူး။ နင်တို့ပြိုင်ပွဲက တကယ်ပြိုင်ခဲ့ရတာပါ။ အဲဒါကြောင့် နောက် ဆုံးအချိန်အထိ အကြိတ်အနယ် ရှိခဲ့တာပေါ့"

နေခြည်က ဝင်ပြောပြန်တယ်။

"ကဲ . . . ထားလိုက်ပါတော့။ ဒီပြိုင်ပွဲလုပ်တော့ ကြယ်တွေနဲ့ ပတ်သက်ပြီး နင် ဘယ်လောက်ရင်းနှီးမှုရှိတယ်ဆိုတာ ငါ ခန့်မှန်းရတာ ပေါ့။ ကဲ . . . ဘယ်လိုလဲ။ ငါ့ကို ကူညီနိုင်မလား"

"ငါက ဘာကူညီရမယ်ဆိုတာ နင်မပြောသေးဘူးလေ"

"ဪ . . . အင်း . . . ဟုတ်သားပဲ"

ပြုံးပြုံးလေးနဲ့ ခေါင်းကုတ်ပြီးမှ . . .

"ငါပြုစုနေတဲ့ ကြယ်တွေနဲ့ပတ်သက်တဲ့ စာတမ်းမှာ ဝင်ကူစေ ချင်တာပါ။ အခု ငါရေးသားနေတဲ့ စာတမ်းပုံစံကို အရင်ရှင်းပြမယ်"

ကိုယ်နားထောင်ဖို့ ပြင်လိုက်သလို သူကလည်း စိတ်အားထက် ထက်သန်သန်နဲ့ ရှင်းပြလာတယ်။

"ကြယ်တွေအကြောင်းဆိုလို့ အကျယ်ကြီးလည်း သွားမတွေး လိုက်ပါနဲ့။ သေးလီ၊ ပိုက်သာဂိုရပ်၊ ယူဒိုဇပ်၊ အရစ္စတိုတယ်၊ တော်လမီ အစရှိတဲ့ ပညာရှင်ကြီးတွေအထိကိုလည်း ပြေးမမြင်လိုက်ပါနဲ့။ ငါလို ချင်တဲ့ပုံစံက လူနဲ့ကြယ်ရဲ့ ဆက်ဆံရေးပုံစံမျိုးတွေကိုပါ။

ကမ္ဘာအစမှာ လူတွေဟာ သစ်ပင်တွေ၊ ကျောက်တုံးတွေ၊ ပင်လယ်နဲ့ မိုးတိမ်တွေကို ပူဇော်ကြ၊ ကိုးကွယ်ကြတယ်လေ။ အဲဒီလိုပဲ ကောင်းကင်ထဲမှာ တည်ရှိနေတဲ့ ကြယ်တွေလတွေကိုလည်း ဖြန့်ကျက် ကိုးကွယ်လာမိတယ်"

"အင်း . . ."

"အခုထိလည်း ဒီလိုယုံကြည်ကိုးစားမှုလေးတွေက ကျန်ရှိနေ တုန်းပဲ။ ဥပမာ – ကြယ်ကြွေတာကို ဖျတ်ခနဲမြင်လိုက်တယ်ဆိုပါတော့ အဲဒီလူဟာ ဘာလုပ်သလဲ။ ချက်ချင်းလက်အုပ်ချီပြီး လိုရာဆုကို အမြန်



တောင်းမိကြလိမ့်မယ်။ အများစုကတော့ ဒီလိုလုပ်ဖြစ်ကြလိမ့်မယ်လို့ ငါ ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကြယ်ကြွေရင် ဆုတောင်းပြည့်တယ် ဆိုတဲ့အသိက ငါတို့ကို အစဉ်အလာကြီးကြီး လွှမ်းမိုးထားလို့ပဲ"

ကိုယ်တို့ စိတ်ဝင်စားနေမိကြပြီ။ ဘယ်သူမှ စကားမပြောဘဲ သူ့စကားထဲကိုပဲ စိတ်နှစ်ထားလိုက်ကြတယ်။

"ပြီးတော့ ကြီးမြတ်တဲ့လူတွေရဲ့ မွေးဖွားပေါ်ထွန်းချိန်တွေမှာ လည်း ကြယ်တွေက ပေါ်ထွန်းလာတတ်တယ်။ ဥပမာ–ဘုရားသခင်မွေး ဖွားတဲ့ အချိန်မျိုးပေါ့။ ပြီးတော့ ကြယ်တွေဟာ စာပေ၊ အနုပညာ၊ ဘာသာ ရေးနဲ့ စစ်ရေးတို့ကို ဩဇာလွှမ်းမိုးမှုရှိတယ်တဲ့။

ကြယ်တွေရဲ့ ဖြစ်ပျက်တည်ရှိ ပြောင်းလဲမှုတွေဟာ လူသား အယောက်ဆီတိုင်းကို အကျိုးသက်ရောက်မှုရှိတယ်။ အဲဒီလို ယုံကြည်ခဲ့ ကြတယ်။ အထူးသဖြင့် ကြယ်တံခွန်တွေကြွေတာဟာ လူသားတွေရဲ့ ကပ်ဒုက္ခတွေကို သယ်လာခြင်းပဲ။ ငလျင်တွေ၊ မုန်တိုင်းတွေနဲ့ ပေါက်ကွဲ မှုမျိုးစုံ သဘာဝဘေးအန္တရာယ်တွေကို ဖြစ်စေတယ်လို့ သတ်မှတ်ယုံကြည် ချက်တွေရှိတယ်"

တံတွေးတစ်ချက်မျိုချပြီး ဆက်ပြောပါတယ်။

"အဲဒီလို ကြယ်တွေဟာ လူသားတွေရဲ့အရေးမှာ သက်ရောက် မှုရှိတယ်လို့ ဖော်ပြချက်တွေတွေ့တော့ ငါ အကြောင်းအရာတစ်ခုကိုလည်း ဆက်စပ်တွေးမိသွားတယ်။ အဲလိုတွေးမိတဲ့ အကြောင်းအရာကြောင့်လည်း ဒီလို စာတမ်းပြုစုဖို့ ပိုစိတ်အားရှိသွားတာထင်ပါတယ်။ အဟင်း . . ."

ခပ်ဖွဖွရယ်ပြီး မျက်နှာပြန်တည်ပြီးမှ . . .

"ပြောရရင် ကြီးကျယ်ရာ ကျမလားမသိဘူး။ အားလုံးလည်း သိဖူးကြားဖူးကြမှာပါ။ လူတွေဟာ စာအုပ်တစ်အုပ်စီပိုက်ပြီး လောက ထဲကို ရောက်လာတယ်ဆိုတဲ့ အယူအဆကိုပေါ့လေ။ လူတစ်ယောက် ဟာ ဘယ်နေ့ဘယ်အချိန်မှာ ခလုတ်တိုက်မယ်၊ သီချင်းလေးညည်းမိ မယ်၊ လူစိမ်းတစ်ယောက်နဲ့တွေ့မယ်၊ အဝေးကို ထွက်သွားရမယ်၊ ကြောက် မက်ဖွယ်ပြောင်းလဲမှု တွေ့ကြုံရမယ် စသဖြင့် အသေးစိတ်ဖြစ်ရပ်တွေက



www.burmeseclassic.com

www.burmeseclassic.com

အစ အားလုံးကို အဲဒီစာအုပ်ထဲမှာ ဖော်ပြထားပြီးသားတဲ့။ အဲဒီဖော်ပြထားပြီးတဲ့အတိုင်း လူတွေက လိုက်ဖြစ်ပျက်ရတယ်ဆိုတဲ့ အယူအဆကိုလေ"

"အင်း . . . ကြားဖူးပါတယ်"

"ကြားဖူးတယ် . . . ကြားဖူးတယ်"

ဥက္ကာနဲ့ ကျော်ကျော်တင့်က စကားနဲ့ထောက်ခံသလို အားလုံးကလည်း ခေါင်းညိတ်ပြကြတယ်။ သူက ဆက်ပြောတယ်။

"လူတွေဟာ အဲဒီလိုဆိုရင် ကိုယ်မပိုင်တဲ့ ကိုယ်ပိုင်ဇာတ်ညွှန်းထဲမှာ ရှင်သန်နေရတဲ့သူတွေ ဖြစ်မနေဘူးလား။ ကိုယ်ဖတ်လို့မရတဲ့ စာအုပ်ကြီးက ကိုယ့်ကိုအုပ်ချုပ်နေတဲ့ အဖြစ်ဆိုတော့လေ။ နားရှုပ်သွားကြပြီလား"

စိုးစိုးထွေးက ချွေးစေးတွေပေနေတဲ့ နှုတ်ခမ်းမည်းမည်းကြီးနဲ့ ခေါင်းကုတ်ပြီးပြုံးတယ်။ ကိုယ်ကတော့ . . .

"မရှုပ်ဘူး ဆက်ပြော"

"အင်း . . . ဒါပေမဲ့ ငါက အဲဒီစာအုပ်ကို ဖတ်လို့ရနိုင်မယ်ထင်တဲ့နည်းကို ရှာတွေ့ခဲ့မိတယ်။ ဒီစာအုပ်ထဲက အက္ခရာတွေကို ရှာတွေ့ခဲ့တယ်ဆိုပါတော့"

စကားက အရှိန်မြင့်လာသလို အဆင့်ကလည်း မြင့်လာသလိုပဲ။ သူက လေသံကိုထိန်းပြီး ပြောလာသလို အားလုံးကလည်း ပျင်းပြီးဂရုတစိုက် နားထောင်နေကြရပြီ။ ကိုယ်လည်း သူ့အတွေးလှလှလေးတွေကို ရိုရိုကျိုးကျိုး နားစွင့်နေလိုက်တယ်။

"ကြယ်တွေဟာ အဲဒီစာအုပ်ထဲက အက္ခရာတွေ ဖြစ်နိုင်တယ်လို့ ငါတွေးမိလာတယ်။ ကြယ်တွေကိုမော့ဖတ်ပြီး တချို့လူတွေက ရှေ့ဖြစ်နောက်ဖြစ်တွေ ဟောနိုင်ကြတယ်မဟုတ်လား။ အဲဒါကြောင့် ကြယ်တွေဟာ အမည်မသိစာအုပ်ကြီးထဲက အက္ခရာတွေဖြစ်နိုင်တယ်လို့ ထင်မိတာပါ။ စိတ်ရှည်ရှည်နဲ့ဖတ်ရင် တစ်နေ့မှာ ငါတို့ရဲ့ဘဝကို ပြောပြလာနိုင်မယ်လို့ မျှော်လင့်မိတယ်"



သူ့အတွေးအခေါ်လေးက ယဉ်ပါတယ်။ သူ ဆက်ပြောဆဲပါ။

လူနဲ့ကြယ်ရဲ့ (Relationship) ဖြစ်တဲ့ အရာမျိုးတွေပေါ့။ သိပ္ပံပညာလို ကြယ်တွေထဲကို ထဲထဲဝင်ဝင် လေ့လာမှာမဟုတ်ဘူး။ အင်း.. ကိုယ့်အဆင့်နဲ့ လေ့လည်း မလေ့လာနိုင်ပါဘူး။ အရှင်းဆုံးထပ်ပြောရရင် အခိုးအငွေ့ဆန်နေမလားပဲ။ တိတိကျကျမရှိတဲ့ ယုံကြည်မှုအထွေထွေကို လှမ်းကိုင်ဖမ်းပြီး မှတ်တမ်းတင်ချင်တာပေါ့။ ကြယ်ခိုးကြယ်ငွေ့တွေနဲ့ ထုံမွှန်းနေမယ့် မှတ်တမ်းလေးတစ်ခုပေါ့"

သူ့စကားကို နိဂုံးချုပ်လိုက်ပါပြီ။ သူ အားလုံးရဲ့မျက်နှာကို လိုက်ဖတ်ကြည့်ပြီးမှ ကိုယ့်ကို နောက်ဆုံးကြည့်လာတယ်။

"ငါလိုချင်တဲ့ပုံစံတော့ ပြောပြီးပြီ။ ကဲ . . . ဘယ်လိုလဲ . . . နင် ကူညီနိုင်မလား"

"စာအုပ်က အဆင့်ရှိရှိဖြစ်ဖို့ဆိုရင် စာတွေ အများကြီးဖတ်ရတော့ မှာ။ ဒါတင်မကပဲ မေးရမြန်းရဦးမှာ"

ဟုတ်တယ်လေ။ ဟိုချောင်ဒီချောင်တွေထဲက အစနှိုက်ပြီး နှံ့နှံ့စပ်စပ် ဖတ်ရမှာ။ အချိန်တွေလည်း အများကြီးပေးရမှာ။

"အင်းပေါ့ . . . ကောင်းချင်ရင် ကောင်းချင်သလောက်တော့ လေ့လာရမှာပဲ။ ဒါက သာမန်လူကို အကူအညီတောင်းလို့လည်း မရဘူး။ အခု နင်က စာဖတ်တဲ့သူ၊ ဗဟုသုတများတယ်လို့ စိုးစိုးထွေးတို့က ပြောလို့ ငါ အကူအညီတောင်းကြည့်တာပါ"

ကိုယ် ခေါင်းညိတ်ပြလိုက်ပါတယ်။

"ငါ ကူညီမှာပါ။ ရှုံးကြွေးပေးတဲ့အနေနဲ့ ကူညီတာမျိုးလည်း မဟုတ်ပါဘူး။ ငါကိုယ်တိုင်ကိုက နင်ပြုစုတဲ့စာအုပ်လေးကို စိတ်ဝင်စားလို့ပါ"

သူ ဝမ်းသာသွားတယ် ထင်တယ်။ ကိုယ့်ကို ကျေကျေနပ်နပ်ကြည့်နေရှာတယ်။

ဒါပေမဲ့ ချက်ချင်းပဲ သူ တစ်ခုခုကိုသတိရသလို လက်မှတ်



www.burmeseclassic.com

www.burmeseclassic.com

ထားတဲ့နာရီကို အမြန်ငုံ့ကြည့်တယ်။

"ဟာ . . . နောက်ကျပြီ"

အထိတ်တလန့် ရေရွတ်လိုက်တဲ့ သူ့နှုတ်ခမ်းလေးက ဝိုင်းနေတယ်။ သူ့အကြောင်းအသိဆုံးဖြစ်တဲ့ ဥကျန်က စကားထောက်တယ်။

"အိမ်ပြန်ဖို့လား"

"အင်း . . . ငါ အမြန်ပြန်ရတော့မှာ"

ကိုယ်အပါအဝင် အားလုံးကို ကမန်းကတန်းနှုတ်ဆက်တယ်။ ပြီးတော့ သူ့အိတ်ကလေးကို ကောက်ကိုင်ပြီး အလောတကြီး ထပြန်သွားတယ်။

ကိုယ်ကတော့ ငေးနေမိတာပေါ့လေ။ ဆန့်ကျင်ဘက်အရပ်ကို ထွက်သွားနေတဲ့ ခြေထောက်တွေကို ကိုယ်လှမ်းတားချင်လိုက်တာ။ ဘယ်အချိန်မှာများ တားဆီးခွင့်ရမလဲ။ လောကနတ်ကြီးကို လက်တို့ပြီးမေးချင်နေတဲ့။



# (၈)

အဲဒီလိုနဲ့ . . .

အဲဒီလိုနဲ့ သူနဲ့ကိုယ်ဟာ နေရာအစုံကို ရောက်ခဲ့ကြတယ်။ နေရာအစုံဆိုတာ သူ့စာတမ်းအတွက် အချက်အလက်တွေရှာဖွေဖို့ စာကြည့်တိုက်တွေ၊ ဗဟုသုတများတဲ့သူတွေဆီ၊ ပြီးတော့ ကမ္ဘာကို ရွာဖြစ်စေပါတယ်ဆိုတဲ့ အင်တာနက်ဆိုင်တွေဆီ စတဲ့နေရာတွေကို ပြောတာပါ။

ကိုယ်က အင်တာနက်သုံးရင် ပန်းချီကားနဲ့ ဓာတ်ပုံတွေပဲကြည့်တယ်။ ကဗျာတွေဖတ်တယ်။ အဲဒါတွေကိုပဲ အဓိကလုပ်ဖြစ်တာပါ။

အခုလည်း သူနဲ့ကိုယ် အင်တာနက်ဆိုင်တစ်ဆိုင်ထဲမှာပေါ့။

"ဟိုးရှေးရှေးတုန်းက လူတွေအားလုံးဟာ ဘာသာစကားတစ်မျိုးတည်းကို အတူတကွ ပြောခဲ့ကြတယ်တဲ့။ ရှီနာ (Shinar) လို့ခေါ်တဲ့ အရပ်ဒေသတစ်ခုမှာ လူတွေက မြို့ကြီးတစ်မြို့နဲ့ မျှော်စင်ကြီးတစ်ခုကို ဆောက်ခဲ့ကြတယ်။ တော်ရုံမျှော်စင်ကြီး မဟုတ်ဘူးနော်။ ကောင်းကင်ဘုံအထိရောက်အောင် ဆောက်မယ့် မျှော်စင်ကြီးပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ဘုရားသခင်က အဲဒီမျှော်စင်ကြီးကို လှမ်းတွေ့မြင်တော်မူတော့ စိုးရိမ်သွားရှာတယ်။ ဒါ ဘာသာစကားတစ်မျိုးတည်းပြောကြတဲ့ လူသားတွေရဲ့ အစပဲရှိသေးတယ်။ နောင်အခါများဆိုရင် သူတို့လုပ်သမျှ ဘာမဆို အကုန်ဖြစ်လာနိုင်တယ်။ လူတွေ ညီညီညွတ်ညွတ်နဲ့ မကောင်းမှုတွေကို အတူတကွလုပ်ကြရင် ဒုက္ခရောက်ကြတော့မယ်။ ဒါကိုသိမြင်တဲ့ ဘုရားသခင်က လူ့ပြည်ဆင်းလာပြီး လူသားတွေကို ဘာသာစကား အမျိုးမျိုးကွဲပြားခြားနားသွားအောင် ဖန်တီးလိုက်တယ်တဲ့။ အဲဒီဘာသာစကားတွေ ကွဲပြားသွားတော့ တစ်ယောက်စကား တစ်ယောက်နားမလည်ဘဲ မျှော်စင်ကြီးကိုလည်း ဆက်မဆောက်နိုင်တော့ဘူးပေါ့။

အဲဒါနဲ့ အဲဒီလူတွေက အဲဒီမြို့ကြီးနဲ့ မျှော်စင်ကြီးကို စွန့်ခွာပြီး ကမ္ဘာ့နေရာအသီးသီးကို ခွဲထွက်သွားလာဘ့တော့တယ်တဲ့။ အဲဒီမြို့ကြီးကိုတော့ (Babel) ဘေဘဲလ်လို့ခေါ်ပြီး မျှော်စင်ကိုတော့ (Tower of babel) လို့ ခေါ်ကြတယ်"

ကိုယ်ကြည့်နေတဲ့ ပန်းချီကားကိုလိုက်ကြည့်ပြီး သူက ပြောပြလာတာပါ။ ပန်းချီကားကတော့ (၁၅၆၃) ခုနှစ်လောက်ကဆွဲခဲ့တဲ့ ပီတာဗရူးဂဲရဲ့ 'ဘေဘဲလ်မျှော်စင်' အမည်ရှိတဲ့ ပန်းချီကားပါ။ ဒီပန်းချီကားကိုကြည့်ပြီးပဲ ဆက်စပ်နေတဲ့ပုံပြင်ကို ခုနက သူပြောပြခဲ့တာလေ။

"အဲဒီ ဘေဘဲလ်မျှော်စင်ကြီးသာရှိရင် နင်လည်း ဒီလောက်ပင်ပန်းမှာမဟုတ်ဘူး။ ကြယ်တွေဆီသွားပြီး နင်သိချင်တာတွေ တိုက်ရိုက်အင်တာဗျူးလို့ရမှာ"

ကိုယ် အဲဒီလိုပြောကြည့်တော့ သူက မေးစေ့လေးပွတ်ရင်း . .

"အေးနော် . . . ဒါပေမဲ့ အဲဒီမျှော်စင်ကြီးမှာ စက်လှေကားရှိမှာ မဟုတ်ဘူးဟ။ လှေကားအတိုင်းပဲ လမ်းလျှောက်တက်သွားရရင်တော့ ညောင်းမှာပဲ"

တော်တော်အပျင်းထူတာပဲနော်။ ကောင်းကင်သွားလမ်း အသင့်ရှိတာတောင် စက်လှေကားရှိမှတဲ့။

ဒါပေမဲ့ သူက ဆက်ပြောလာပါသေးတယ်။



"ဒါပေမဲ့ ငါခြေမညောင်းမယ့် နည်းလမ်းရှိတယ်ဟ"

"ဟုတ်လား . . . ပြောစမ်းပါဦး"

"ဟဲ . . . ဟဲ . . . နင်ကျောပိုးပေါ့ ငရဲရဲ့" တဲ့။

တွေ့လား။ တော်တော်သက်သာရှာတတ်တဲ့ ကောင်မလေး။

ကိုယ် အဲဒီလိုတွေးနေမိတုန်းမှာပဲ တခြားတစ်ခုကိုလည်း ဖျတ်ခနဲ ပြန်သတိရလိုက်တယ်။

"နင် . . . နင် . . . ခုနက ငါ့ကို ဘယ်လိုခေါ်လိုက်တယ်"

"ဟင် . . . ငါ ဘယ်လိုခေါ်လိုက်လို့လဲ"

သူက မထူးဆန်းသလို ပြန်ကြည့်ရင်း ပြောတာပါ။ ဒါပေမဲ့ ကိုယ့်အတွက်တော့ ထူးဆန်းစရာက ရှိနေတယ်လေ။

"ငရဲလို့ နင် ငါ့ကိုခေါ်လိုက်တာလေ"

ပေါင်းတာကြာနေပြီဖြစ်တဲ့ သူငယ်ချင်းတွေကတောင် အဲဒီလောက် ကျွမ်းကျွမ်းဝင်ဝင် မခေါ်ဖြစ်ခဲ့ဘူး။

"ဩော် . . . အေး . . . ငါ နင့်ကို အဲဒီလိုခေါ်နေကျပဲမဟုတ်လား"

"ဟင့်အင်း . . . တစ်ခါ အဲဒီလိုမခေါ်ဖူးပါဘူး"

သူ ပြန်တွေးနေတယ်။

ကိုယ်လည်း ပြန်တွေးနေမိတယ်။ သေချာတာကတော့ သူ့စိတ်ထဲမှာ ကိုယ့်ကို အဲဒီလိုခေါ်ဖြစ်နေတာ ကြာပြီနေမှာ။ ဟုတ်တယ် . . .။ အဲဒီ လိုပဲနေမှာ။

သူက ဘာမှမဖြစ်သလို ခေါင်းငုံ့ယမ်းပြီးမှ . . .

"အဟဲ . . . အဲဒီလိုခေါ်တော့ နင်မကြိုက်ဘူးလား"

"အင်း . . . မကြိုက်တာ မဟုတ်ဘူးလေ။ ဘယ်လိုပြောရမလဲ။ ဘယ်သူမှမခေါ်ကြတော့ အခုမှကြားဖူးပြီး တစ်မျိုးဖြစ်နေတာ"

"ငါကလည်း ဘယ်သူနဲ့မှမတူအောင် ခေါ်ကြည့်တာလေ။ မရဘူးလား"

"ရပါတယ် ခေါ်ခေါ်"



www.burmeseclassic.com

www.burmeseclassic.com

သူပျော်သွားသလို ခေါင်းတဆတ်ဆတ်ညိတ်သေးတယ်။ ပြီးမှ ပြန်တည်သွားပြီး . . .

"ဒါပေမဲ့ ငရဲလို့ခေါ်ရုံနဲ့ အားမရသေးဘူး။ နင်က ငါပေါက်ကရတွေပြောရင် လိုက်ပြောနိုင်လို့ ငရူးလို့လည်း ခေါ်ချင်သေးတယ်"

ငရဲကနေ ငရူးဖြစ်လာပြီ။ ကိုယ်မကြိုက်ပေမယ့် သူပျော်ပါစေတော့ဆိုပြီး လိုက်လျောပေးလိုက်တယ်။

"ခေါ်ပါ ခေါ်ပါ ခေါ်ပါ"

"အေး . . . ခေါ်မယ် . . . ခေါ်မယ်။ ဒါပေမဲ့ ငရူးလို့ခေါ်ရတာလဲ မတင်းတိမ်သေးဘူး။ ငရွှတ်လို့လည်း ခေါ်ချင်သေးတယ်။ နင်က ငါနဲ့စတွေ့တုန်းက စကားကောင်းကောင်းမပြောဘူး။ ရွှတ်တွတ်တွတ်နဲ့။ အဲဒါကြောင့် ငရွှတ်လို့လည်း ခေါ်ချင်သေးတယ်"

"အေးဟာ . . . ခေါ်ချင်သလိုသာ ခေါ်တော့"

"ငါခေါ်ရင် နင်ထူးရမှာနော်"

"အင်း . . . အင်း . . . ထူးမယ်"

"သူငယ်ချင်းတွေရှေ့ ခေါ်ရင်ရော"

"ထူးမယ်ဟာ"

"ကောင်မလေးလှလှလေးတွေရှေ့မှာ ခေါ်ရင်ရော"

"ထူးမယ် . . . ထူးမယ်"

"အေး . . . အဲဒါဆို အခု အစမ်းခေါ်ကြည့်မယ်"

ကိုယ့်မှာ သူ့ကိုမနိုင်သလို ကြည့်မိတယ်။ ကိုယ့်ကို ပြန်ကြည့်နေလေတဲ့ သူ့ပြုးတူးတူးမျက်နှာလေးက သိပ်ချစ်စရာကောင်းနေတယ်။ သူခေါ်ချင်သလို ခေါ်ပါတော့လေ။ ကိုယ် ထူးပေးရတော့မှာပေါ့။

ကဲ . . . စခေါ်ကြည့်မယ်နော်ဆိုပြီး သူက ခေါ်ပါတော့တယ်။

"ငရဲ . . . ငရဲ . . . "

"ဗြဲ . . . ဗြဲ . . . "

"ငရူး . . . ငရူး . . . "

"ဗြူး . . . ဗြူး . . . "



"ငရွှတ် . . . ငရွှတ် . . . "

"ဗြွတ် . . . ဗြွတ် . . . "

" . . . "

" . . . "

ဘာအသံတွေနဲ့ တူလာမှန်းမသိလို့ မျက်နှာတွေ ချက်ချင်းလွှဲလိုက်မိကြတယ်။ ရှီးတိုးရှန်းတန်း ဖြစ်သွားကြတာလေ။ ပြီးမှ ပြန်တွေးမိပြီး မနေနိုင်တော့ဘဲ ဘွားခနဲ နှစ်ယောက်သား ထရယ်ကြပါရော။

ဆိုင်ထဲကလူတွေ လှမ်းဝိုင်းကြည့်လို့ ကိုယ်တို့ ငြိမ်လိုက်ရတယ်။ တကယ်ပါပဲ။ သူနဲ့ကတော့ မလွယ်ပါဘူးလေ။

ထားပါတော့။

အဲဒီနေ့ကစပြီး သူ ကိုယ့်ကို ငရဲလို့ခေါ်တော့တာပေါ့လေ။ အင်း . . . ငရွှတ်လို့တော့ ဘယ်တော့မှ မခေါ်တော့ဘူးတဲ့။



www.burmeseclassic.com

www.burmeseclassic.com

မှတ်ဆိတ်မွေးမရှိဘဲနဲ့ သူဟာ မေးစေ့လေးကို ပွတ်တတ်တယ်။ တစ်ခုခုစဉ်းစားရင်လည်း မျက်ဆံကလေးတွေက မည်းနက်လာပြီး ထောင့်ကပ်သွားတတ်တယ်။ တစ်ခုခုပေါ့ဆမိတာမျိုး၊ စကားများသွားတာမျိုးဆိုရင်လည်း ပြုံးဖြဲဖြဲလေးနဲ့ သူခေါင်းကုတ်သွားတယ်။ မှောက်နေတဲ့ ဖိနပ်ကလေးတွေတွေ့ရင်လည်း ဆွဲလှန်ရမှ ကျေနပ်တတ်သူလေ။

အဲဒီလို သူ့အကျင့်ကလေးတွေကအစ ကိုယ် မှတ်မိနေခဲ့ပြီ။

မိုးလေကင်းလွတ်ပြီး သီတင်းကျွတ်မဟုတ်တဲ့တစ်နေ့ဟာ ဘူမိဗေဒမေဂျာရဲ့ မောင်မယ်သစ်လွင်ကြိုဆိုပွဲနေ့ပါ။ ကိုယ့်မေဂျာလည်း မဟုတ်သလို သူ့မေဂျာလည်း မဟုတ်ပါဘူး။ ဒါပေမဲ့ လူစည်နေတာနဲ့ ကိုယ်တို့ ရောက်ဖြစ်ခဲ့ကြတယ်။ ညီသွေးတို့ ဂီလိုတင်အဖွဲ့တွေကလည်း ဒီလိုပွဲမျိုးဆို စင်ပေါ်မှာ အလုပ်ရှုပ်နေပြီလေ။

အခုလည်း ကင်း နဲ့ ကွင်း ရွေးချယ်ပွဲ လုပ်နေတာပါ။

အဲဒီမှာ ကွင်းရသွားတဲ့ကောင်မလေးက တော်တော်လှတယ်ဗျ။ (အင်း . . . သူ့ခြေဖျားကိုတော့ နည်းနည်းလေး ထိမိရုံ တို့မိရုံပဲမီမှာပါ)။ အဲဒီကောင်မလေးကိုကြည့်ပြီး . . .

"ငရဲ . . . ငရဲ . . . "

"ဟင်"



"နင် အဲဒီကောင်မလေးကို လိုက်ပါလား"

"လိုက်ချင်ပါဘူး ခြေညောင်းတယ်"

"လိုက်ကြည့်စမ်းပါဟ။ နင့်ရုပ်ကလေးနဲ့ဆို နှစ်ရက်မလိုက်ရဘူးရမှာဟ"

"ငါ့ရုပ်ချောတာ ငါသိတယ်။ မလိုက်ချင်လို့ မလိုက်တာ"

"ရည်းစားစာ မရေးတတ်လို့လား။ ငါရေးပေးမယ်လေ"

"တော်ဟာ"

ကိုယ် စိတ်ဆိုးသွားတယ်လေ။ ဟုတ်တယ် . . . ။ ကိုယ်က သူ့ကိုကြိုက်နေပါတယ်ဆို သူက မသိသလိုလုပ်ပြီး တခြားသူနဲ့အောင်သွယ်ပေးနေတာ။ ကိုယ်ဘယ်လိုခံစားရမလဲ စဉ်းစားကြည့်ကြပါဦး။

ကိုယ် မျက်နှာငယ်သွားမှန်းသိတော့ သူက ပြန်ချော့ရှာပါတယ်။

"ဟယ် . . . ကြည့်ပါဦး 'ကင်း' ကြီးကလည်း ငါ့ ငရဲရဲ့ခြောက်ပုံတစ်ပုံလောက်တောင် မချောဘူး"

"သွားစမ်းပါ . . . လာမြှောက်မနေနဲ့"

ကိုယ် ပြုံးမိသွားတော့ သူပါ လိုက်ရယ်တယ်လေ။ ဒီလိုနဲ့ပဲ စိတ်ဆိုးပြေခဲ့ရတာပေါ့။ သူက မနှစ်သက်တဲ့ ကင်း နဲ့ ကွင်း အယူအဆကိုလည်း နည်းနည်းဝေဖန်ပါသေးတယ်။

"ရုပ်ချောရင် အပေါင်းအသင်းဆံ့ရင် ဒီ ကွင်း နဲ့ ကွင်းက ရတာပါပဲဟာ။ ဒါပေမဲ့ ကင်း ဆိုတာ ဘုရင်မို့လား၊ ဒီမေဂျာရဲ့ ကင်း ဖြစ်သွားပြီဆိုရင် ဒီမေဂျာနဲ့ ဘုရင်ကြီးဖြစ်သွားပြီပေါ့။ အဲဒီလိုလား။ ကွင်း ကလည်း မေဂျာရဲ့ ဘုရင်မကြီး ဖြစ်သွားပြီပေါ့ ဟုတ်လား။ သူတို့က ဘုရင် ဘုရင်မတွေဆိုတော့ ကျန်တဲ့သူတွေက ဘာလဲ။ ရဲမက်တွေလား၊ ဆင်ထိန်း၊ မြင်းထိန်းတွေလား။ အလကားပါဟာ . . . ခွဲခြားခွဲခြား လုပ်လွန်းပါတယ်။ မေဂျာတစ်ခုထဲက ကျောင်းသားအချင်းချင်းကို"

ပြန်တွေးကြည့်ပြီး သူ့အယူအဆကို ကိုယ် လက်ခံနေမိသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီမေဂျာမှာ ကျောက်တုံးကြီးတွေ၊ အရိုးစ၊ အိုးခွက်တွေကိုလည်း ခင်းကျင်းပြသထားပါတယ်။ စားလို့လည်းမရတော့ စိတ်ဝင်စားသူ နည်းတယ်ထင်ပါတယ်။ ဘယ်သူမှ သိပ်မကြည့်ကြဘူး။

အင်း . . . ထုံးစံအတိုင်း ဘယ်သူမှမလုပ်ရင် ကိုယ့်ရဲ့ကောင်မလေးက လုပ်ချင်ပြီပေါ့။

သူက အဲဒီကျောက်တုံးကြီးတစ်တုံးကို ပွတ်သပ်ပြီး . . .

"ဒါ ကျောက်ဖြစ်ရုပ်ကြွင်းလား"

"အင်းလေ"

"တချို့တွေသေရင် ကျောက်ဖြစ်သွားတာပဲနော်"

"သေတာတောင် မာရေကျောရေရှိတာပေါ့ဟာ"

ကိုယ့်စကားကို တစ်ချက်လိုက်ရယ်ပြီးမှ . . .

"သေတာတောင် လင်းလင်းလက်လက် သေသွားရတဲ့သူတွေ ရှိတယ်ဟ"

ကိုယ်က ငြိမ်နားထောင်နေလိုက်တော့ သူကဆက်ပြီး . . .

"တချို့လူတွေက သူတို့သေရင် ကောင်းကင်ဘုံကို အငွေ့အဖြစ် ဆန်တက်ပြီး ကြယ်အဖြစ် ဖွဲ့တည်သွားကြတယ်လို့ ယုံကြည်ကြတယ်ဟ"

" . . . "

"အဲဒီလို သေလွန်ပြီးမှ ကြယ်ဖြစ်သွားတဲ့ ပုံပြင်တွေလည်း ရှိတယ်လေ။ ခွန်ဆန်လောနဲ့ နန်းဦးပြင်တို့လေ။ မောင်ရင်ဆိုင်းထမ်းကြယ်လို့လည်း ခေါ်တယ်မို့လား။ သူတို့ကိုကျတော့ ဘယ်လိုပြောမလဲ။ ကျောက်မဖြစ်သွားဘဲ ကြယ်ဖြစ်သွားတာဆိုတော့ ကြယ်ဖြစ်ရုပ်ကြွင်းလို့ ခေါ်ရမှာပေါ့နော်"

သူဟာ အမြဲတမ်း ဆက်စပ်တွေးတောနေတတ်တာပဲ။

"ကြယ်ဖြစ်ရုပ်ကြွင်း . . . ဟုတ်လား . . . တယ်ဆိုတဲ့စာပဲ။ ကောင်းတယ် . . . ကောင်းတယ်"



အနားရောက်လာတဲ့ ဈာန်အောင်က ထရေရွတ်သွားတာပါ။

ဈာန်အောင်လည်း ပြန်ထွက်သွား လူလည်းရှင်းသွား သူ့အနား (က)ပ်ပြီး ပြောလိုက်ရတယ်။

"ငါတို့သေရင် အတူတူကြယ်လုပ်ရအောင်နော်"

သူက ဘာမှလည်း ပြန်မပြောဘူး။

ဘယ်ပြန်ပြောမလဲ သူကမှ မကြားတာကိုး။ ကိုယ်ပြောနေမိ(တ)ာက စိတ်ထဲကလေ။

နာရီကိုငုံ့ကြည့်ပြီး ငါအိမ်ပြန်ရတော့မယ်လို့ ပြောလာတဲ့ သူ့(န)ှုတ်ခမ်းကို ကိုယ် ကြင်ကြင်နာနာ မှန်းမိတယ်။



www.burmeseclassic.com

www.burmeseclassic.com

## (၉)

"ဒီလို မျက်နှာချင်းဆိုင်ခေါက်သွင်း"

"အင်း . . . "

"အဲဒီလိုပဲ အဆုံးအထိ ဆက်လုပ်သွားရမှာ"

"အေး . . . အေး . . . နားလည်ပြီ"

စားပွဲထိုးလေးဆီက ကြယ်ခေါက်နည်း သင်နေတာပါ။

သူနဲ့ကိုယ်နဲ့ တစ်နေ့တစ်နေ့ သူ့စာတမ်းအတွက် လှုပ်ရှားရတာ မလွယ်ပါဘူး။ သူ့အိမ်ကကားနဲ့ သူ့အစ်ကိုတပည့်တွေက သူ့ကိုကျောင်းအဝင်ပေါက်ဝအထိ လိုက်ပို့တယ်။ လိုက်ပို့ပြီးလည်း မပြန်ကြဘူး။ ကျောင်းဆင်းတဲ့အထိ တစ်ခါတည်းစောင့်ပြီး ကြိုသွားကြတယ်။

အဲဒါကြောင့် သူက ကားပေါ်ကဆင်းပြီးတာနဲ့ ကျောင်းထဲ အဝင်ပြရတယ်။ ပြီးမှ အခြားထွက်ပေါက်တစ်ခုကနေ ထွက်ပြီး ကျောင်းနဲ့မနီးမဝေးက ကိုယ်စောင့်နေတဲ့ လက်ဖက်ရည်ဆိုင်လေးကို လာရတယ်။ နောက်ပြီးတော့မှ ကိုယ်တို့ မြို့ထဲပတ်ပြီး လုပ်စရာရှိတာတွေ ဆက်လုပ်ကြရတယ်။



နည်းနည်းတော့ ကတောက်ကဆဖြစ်ရတာပေါ့လေ။

အခုလည်း သူ့ကိုစောင့်ရင်း စားပွဲထိုးလေးတစ်ယောက် ကြယ်ခေါက်နေတာမြင်လို့ ကိုယ် မုန့်ဖိုးပေးပြီး ပညာသင်ခဲ့တာပေါ့။ သိပ်မခက်လို့ ကိုယ် ခဏအတွင်း ခေါက်တတ်သွားတယ်။

ကြယ်ကလေးခုနစ်ပွင့် ခေါက်ပြီးသွားချိန်မှာ သူရောက်လာတယ်။ မျက်နှာက မရွှင်မပျနဲ့ပေါ့။ ဒါပေမဲ့ ကိုယ့်စားပွဲပေါ်က ကြယ်လေးတွေကိုတွေ့တော့ . . .

"ဟယ် . . . ကြယ်ဝဝလေးတွေပါလား"

နွမ်းနေတဲ့ သူ့မျက်နှာလေး တန်းရွှင်သွားတယ်။ ကိုယ်ခေါက်ထားတဲ့ ကြယ်ကလေးတွေကို သူမြင်သွားတာပါ။ ဘယ်လိုအချိုးအစားကြောင့်လည်းမသိပါဘူး ကြယ်ကလေးတွေက ဖောင်းဖောင်းလေးဖြစ်တယ်လေ။ ဘယ်သူခေါက်ခေါက် ဒီလိုဖောင်းဖောင်းလေးပဲ ဖြစ်တာပါပဲ။

"နင်ခေါက်ထားတာလား"

"အင်း . . . ခုနကမှ စားပွဲထိုးလေးဆီက သင်ထားတာ"

ကြယ်ကလေးတွေကို တစ်ပွင့်ချင်းစီထပ်ကြည့်ပြီးနေရှာတယ်။

"နင်လိုချင်လို့လား"

"နင်က ပေးမှာလား"

"အင်း . . . နင် သေသေချာချာသိမ်းထားရင် ပေးမှာပေါ့"

"အင်း . . . နင် နေ့တိုင်းပေးရင် ယူမှာပေါ့"

တွေ့လား . . . လောဘက ကြီးသေးတယ်။

"နေ့တိုင်း ဒီလိုကြယ်ခုနစ်ပွင့် ခေါက်ပေးရမှာလား"

"အင်း . . . နင်အပန်းမကြီးရင်ပေါ့"

"ငါ မပင်ပန်းပါဘူး။ ဒါပေမဲ့ နေ့တိုင်းပေးလို့ ဖြစ်ပါ့မလား။ ကျောင်းပိတ်ရက်တွေဆို ငါက ဘယ်လိုပေးရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

သူ တစ်ချက်စဉ်းစားတယ်။ နည်းနည်းကြာကြာ စဉ်းစားပြီးမှ..

"အိမ်အထိလာပေးရင်လည်း ငါ အိမ်ရှေ့ထွက်ပြီး ယူနိုင်မှာ မဟုတ်ဘူး။ ငါ့အစ်ကိုကလည်း နင့်ကို အိမ်ထဲအဝင်ခံမှာမဟုတ်ဘူး။ ဒီတော့ ဒီလိုလုပ် . . . "

"ဘယ်လိုလုပ်ရမှာလဲ"

"ငါ့အိမ်ရှေ့တံခါးမှာ စာတိုက်ပုံးလေးရှိတယ်လေ။ အဲဒီအထဲ လာလာထည့်ပေး။ ဒါဆို လူလစ်ရင် ငါသွားယူလို့ရပြီပေါ့"

"အင်းပါ . . . အင်းပါ . . . ဒါနဲ့ ငါက ကြယ်ကလေးတွေ ကို ဒီအတိုင်းပေးရမှာလား။ ပါဆယ်ဘူးလှလှလေးနဲ့ ထုပ်ပေးရမလား"

"ဟင့်အင်း . . . နင့်လက်ဖဝါးသက်သက်နဲ့ပဲ ထည့်ခဲ့"

"အေးပါ . . . အေးပါ . . . "

"နေ့တိုင်း ကြယ်ကလေးတွေ ခုနစ်ပွင့်တိတိ ပေးရမှာနော်"

"အင်း . . . အင်း . . . "

ကိုယ် ခေါင်းညိတ်ပြလိုက်ပြီးမှ စကားတစ်ခွန်း ထပ်ပြောလိုက်တယ်။

"အဲဒီကြယ်တွေကို နင်တစ်ယောက်တည်း ပိုင်ချင်သလား"

"အေးလေ . . . ငါ့ကိုပေးတာဆို ငါတစ်ယောက်တည်း ပိုင်ရမှာပေါ့"

ကိုယ်က စကားတစ်ခွန်း ရွတ်ပြလိုက်တယ်။

"သော့အထပ်ထပ်ခတ်ပြီး သေတ္တာထဲသိမ်းထားလျှင် သင်နှင့် ခိုးသား တစ်ယောက်တစ်ဝက် ပိုင်ရမည်။

နှလုံးသားထဲသိမ်းထားမှ သင်တစ်ယောက်တည်း ပိုင်ရမည်တဲ့"

သူ တဖြည်းဖြည်း ရိပ်ရိပ်လေး ပြုံးလာတယ်။

"စကားလေးက ကောင်းလှချည်လား။ ဘယ်သူပြောခဲ့တာလဲ"

"ဟဲ . . . ဟဲ . . . ငါပြောတဲ့စကားပါ"



ဘယ်သူ့အဆိုအမိန့်မှ မဟုတ်ပါဘူး။ စက္ကူနဲ့ခေါက်တဲ့ ကြယ်ကလေးတွေဆိုပေမယ့် သူ့အတွက်ဆို ရင်ငွေ့တွေနဲ့သွန်းပြီး ထုဆစ်မိမှာမို့ သူတန်ဖိုးထားအောင် ကိုယ့်ဘာသာကို လျှောက်ပြောလိုက်တာပါ။

"အေးပါ . . . ငါ့နှလုံးသားထဲမှာ သိမ်းထားပါ့မယ်"

အဲဒီနေ့ကနေစပြီး . . .

သူ့ကို စက္ကူနဲ့ယက်တဲ့ ကြယ်ခုနစ်ပွင့်

ကိုယ် ပေးသနားခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ပြက္ခဒိန်မှာ ကိုယ် နှစ်ပတ်လည်တဲ့တစ်နေ့။ အပြင်မှာတော့ မိုးတွေ ဖွာဖွာကျဲကျဲရွာနေတယ်။

ထီးပါးပါးလေးဆောင်းရင်ကို မိုးဒဏ်က ကာကွယ်နိုင်ပါတယ်။ ဒါပေမဲ့ ထီးမဆောင်းချင်တဲ့ကိုယ်ကတော့ ဒီလိုပဲ လမ်းလျှောက်လာခဲ့တယ်။ ကင်န်တင်းထဲမှာ လူစုံနေကြတယ်။

ခေါင်းတဖျင်းဖျင်းကုပ်နေတဲ့ ညိုသွေးကို ဟိုးအစောကြီးကတည်းက ကိုယ်မြင်ပါတယ်။ အနားရောက်မှ . . .

"ဟော့ကောင် . . . မင်းဘာဖြစ်နေတာလဲ"

ညိုသွေးက သူ့ကို မေးငေါ့ပြပြီး . . .

"မင်းရဲ့ကြယ်ရူးမပေါ့။ ငါ့ကို ခေါင်းစားအောင်လုပ်နေတယ်"

သူက မေးစေ့ကိုပွတ်ရင်း . . .

"ပြောစမ်းပါ . . . နှင် မဖြေနိုင်ဘူးမို့လား"

ညိုသွေးက ခေါင်းယမ်းတယ်။ ကိုယ်ကပဲဝင်ပြီး . . .

"နှင်က ညိုသွေးကို ဘာမေးထားတာလဲ"

"ဘာမှမဟုတ်ပါဘူးဟာ။ ငါတို့ကိုကျတော့ ကြယ်တွေနဲ့ပတ်သက်ပြီး မေးခွန်းတွေလျှောက်ထုတ်ခဲ့တာ။ ငါက အခုတစ်ခါလောက် သူ့ကို ပြန်မေးကြည့်တာပါ"



"နှင်က ဘာမေးတာလဲ"

"ကမ္ဘာမှာ ကြယ်ပါတဲ့နိုင်ငံတော်အလံ ဘယ်နှစုရှိလဲလို့ မေးတာပါ"

အဲဒါကတော့ ကိုယ်လည်း မသိတာအမှန်ပါ။

နောက်တော့ ကိုယ် စားစရာတွေ အများကြီးမှာလိုက်တယ်။ အားလုံးက ကိုယ့်ကို ပြူးကြည့်တယ်။

"ရဲထွဋ် . . . နှင် ဒီလောက်အများကြီး ဘာလို့မှာတာလဲ"

မှာထားတာတွေက အကောင်းစားတွေပဲ။ စားပွဲလည်းအပြည့်ပဲ။ ဒါပေမဲ့ ဒါတွေနဲ့ပတ်သက်လို့ ကိုယ် ဘာမှမပြောသေးဘူး။

ကျော်ကျော်တင့်နဲ့ မော်ကြီးကလည်း ကိုယ်မှာထားတာတွေကို စားရကောင်းနိုး၊ မစားရကောင်းနိုး လျှာကြီးတသပ်သပ်နဲ့ စောင်းငန်းစောင်းငန်း ရှိုးနေကြတယ်။ ဘာမှန်းမသိလို့ နိုက်လည်း မစားရဲဘူး။

ကိုယ် အိတ်ကပ်ထဲက ငွေအကုန်ထုတ်ပြီး စားပွဲပေါ် ဖျောင်းခနဲ ရိုက်တင်လိုက်တယ်။

"အခု ငါမှာထားတဲ့ စားစရာတွေနဲ့ ဒီငွေနဲ့က ကွက်တိပဲ။ နောက်မှ မစားလိုက်ရလို့ လာအပြစ်မပြောကြနဲ့။ ဒီနေ့ ငါ့မွေးနေ့"

"ဘာ . . ."

"ဟင် . . ."

"ဘယ်လို . . ."

အာမေဋိတ်သံတွေ တစ်ချက်စီထွက်သွားသေးတယ်။

ဒါပေမဲ့ ချက်ချင်းပဲ စားပွဲပေါ် လက်တွေရောက်လာပြီး ကိုယ်မှာထားတဲ့စားစရာတွေကို ဝိုင်းအုံလုစားကြပါတော့တယ်။ ဒီလို ဦးသူစားတမ်းကိစ္စမှာတော့ ယောကျ်ားနဲ့မိန်းမ တစ်တန်းတည်းပဲဗျ။

အေးမွန်က ပလုပ်ပလောင်း ပါးစပ်ထဲသွပ်ရင်း ကျန်တဲ့လက်တစ်ဖက်က ခေါက်ဆွဲကြော်ပန်းကန်ကို လှမ်းနေတယ်။ အေးမွန်လှမ်းယူမယ့် ခေါက်ဆွဲပန်းကန်ကို ဈာန်အောင်ကဆွဲယူပြီး လစ်ပြေးတယ်။ ဥကျန်က ကြက်ဥကြော်ကို လှမ်းဆွဲတယ်။ စိုးစိုးထွေးက လက်သည်းနဲ



www.burmeseclassic.com

www.burmeseclassic.com

လှလှစိုးထားတဲ့လက်နဲ့ပဲ မော်ကြီးလက်ထဲက ဝက်သားတုံးကို ဖွတ်လှ နေတယ်။ ကျော်ကျော်တင့်ကတော့ ညိုသွေးပါးစပ်ထဲ တစ်ဝက်ဝင်နေ ပြီးသား ကြက်ပေါင်ရိုးကို အတင်းပြန်နှိုက်ထုတ်နေတယ်။

အဲဒီလို . . . အဲဒီလို . . . ဘီလူးစီး သရဲစီးကို စားကြတော့ တယ်။ သူကတော့ အဲဒီလို သရုပ်ပျက်နေတဲ့ သူငယ်ချင်းတွေကိုကြည့် ပြီး တသိမ့်သိမ့်တုန်အောင် ရယ်နေတယ်။ ကိုယ်ကတော့ သူ့ကို လှမ်း ကြည့်နေတာပေါ့။ သူက မျက်ပင့်ကြည့်လာတော့ ကိုယ့်မျက်လုံးနဲ့ အကြည့်စုံသွားတယ်။

ခဏလောက်ပဲ အကြည့်ခံပြီး သူ လွှဲသွားတယ်။

နောက်တစ်နာရီလောက်ကြာတော့ သူနဲ့ကိုယ် မြို့ထဲတစ်နေရာ ကို ရောက်နေပါပြီ။

ကားလမ်းဘေးက သစ်ပင်ခုံတန်းလေးတစ်ခုမှာ ခဏထိုင်ဖြစ် ကြတယ်။ ခြေထောက်လေးတွေကို တွဲလောင်းချလို့ ထိုင်ဖြစ်နေကြတယ်။

"ပြောလေ . . . ငါဘာပေးရမှာလဲ"

ကိုယ့်ကို မွေးနေ့လက်ဆောင်ပေးဖို့တဲ့လေ။

သူ့ဆီက ကိုယ်လိုချင်တာလည်း အသင့်ရှိနေပါတယ်။

"နာရီပေး"

"ဟင် . . . နာရီဝယ်ပေးရမှာလား။ ငါ့မှာ ပိုက်ဆံသိပ်မပါလာ ဘူးဟ"

"ဝယ်စရာမလိုပါဘူး"

"ဟင် . . ."

သူက နားမလည်သလို မော့ကြည့်လာတော့ ကိုယ်က လက်ညှိုး နဲ့ ထိုးပြလိုက်တယ်။ သူ့လက်မှာပတ်ထားတဲ့ နာရီလေးကိုလေ။

"ဘာ . . . ငါ . . . ငါပတ်ထားတဲ့နာရီကို လိုချင်လို့"

"အင်း"

"ဒါ မိန်းမပတ်ကြီးကို"

"ဘာဖြစ်လဲ ငါက အခြောက်ပဲ"



ကိုယ်က ပြောင်ချော်ချော်ပြောလာတော့ သူက တစ်ချက်ရယ် သေးတယ်။ ပြီးမှ . . .

"နင် ဒီနာရီလေးကို ကြိုက်လို့လား"

"လုံးဝမကြိုက်ဘူး။ မုန်းတောင် မုန်းသေးတယ်"

"ဟွန်း . . . ဒါနဲ့များ"

"ဟုတ်တယ် . . . မုန်းလို့တောင်းတာ။ နင့်အိမ်ပြန်ချိန်တွေ တိုင်း ငုံ့ငုံ့ကြည့်နေရတဲ့ ဒီနာရီကိုမုန်းတာ ငါ မလွန်ပါဘူးနော်"

သူ ဘာမှပြန်မပြောဘူး။ ဒါပေမဲ့ သူ့နာရီလေးကို ချွတ်ပြီးပေး တယ်။

"ရော့" တဲ့။

ပြီးတော့ အရာရာ ပေ့ါပါးသွားသလို သူ့ခြေထောက်လေးတွေ ကို လှုပ်ယမ်းနေတယ်။ ကိုယ်လည်း သူနဲ့အတူ လိုက်ငြိမ်သက်ပြီး အသက် မရှူတဲ့ ဝါဂွမ်းပင်လေးတွေလို နေနေလိုက်တယ်။ တစ်ချက်ချက်နဲ့ ကိုယ် တို့နှစ်ယောက်သား စက္ကန့်သံတွေ တွားသွားနေသေးတယ်။ ခက်တာက စက္ကန့်သံတွေက ရင်ခုန်သံကို ကိုယ်စားမပြုဘူး။

"ငရဲ . . . နင့်မွေးနေ့မှာ ကောင်းမှုကုသိုလ် မလုပ်ဘူးလား"

"အင်း . . . လုပ်ချင်တယ်။ ငါ သတ္တဝါလေးတွေကို ကယ်တင် ချင်နေတာ။ ဘုရားသွားပြီး ငှက်လွှတ်တာတွေ၊ ခိုစာကျွေးတာတွေတော့ မလုပ်ချင်ဘူးဟ။ တကယ်ဒုက္ခရောက်နေတဲ့ သတ္တဝါလေးတွေကို ရှာကြံ ကူညီကယ်တင်ချင်တယ်"

သူ စဉ်းစားတော့တယ်။ အတော်လေးကြာတော့ ဖျောက်ခနဲ လက်ဖျောက်တီးတယ်။

"ငရဲ . . . တုတ်ချောင်းလိုက်ရှာ . . . တုတ်ချောင်းလိုက်ရှာ"

"ဘာလိုဖို့လဲ တောထိုင်ဖို့လား"

"မဟုတ်ပါဘူး . . . ရှာမှာသာ ရှာစမ်းပါ"

မြို့လယ်ခေါင်မှာဆိုတော့ တုတ်ချောင်းနှစ်ချောင်းရှာရတာ သိပ် သလောက်မလွယ်ပါဘူး။ တော်တော်လေးရှာပြီးမှ တွေ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ . . . တုတ်ချောင်းနှစ်ချောင်းတော့ ရပါပြီ။ ဘာဆက်လုပ်ရမှာလဲ"

"နင်ပဲ သတ္တဝါတွေကို ကယ်မှာဆို"

"အဲဒါနဲ့ တုတ်ချောင်းနဲ့က ဘာဆိုင်လို့လဲ"

"လာ . . . လာ . . . ပြမယ်"

ကတ္တရာလမ်းမကြီးပေါ်က ရေအိုင်လေးတစ်ခုဆီကို ခေါ်သွားပါတယ်။ နံနက်စောစောတုန်းက မိုးရွာထားတော့ လမ်းမရဲ့ ချိုင့်နေတဲ့နေရာတွေမှာ ရေတွေဝင်နေတာလေ။

အဲဒီရေအိုင်လေးဆီရောက်တော့ သူက . . .

"ကြည့် . . . ကြည့် . . . သေချာကြည့်။ ရေအိုင်ထဲမှာ ဘာတွေတွေ့လဲ"

"ရေတွေတွေ့တယ်"

အသံမထွက်ဘဲ ကြိတ်ဆဲတော့တယ်။

"ဒီမှာ . . . ဒီမှာ . . . သေချာကြည့်။ ပိုးကောင်လေးတွေ တွေ့လား"

"အယ် . . . ဟုတ်ပါရဲ့"

ရေအိုင်လေးထဲမှာ ပိုးကောင်လေးတွေ ရေနစ်နေတာလေ။ တောင်ပံပါတဲ့ ပိုးကောင်ငယ်လေးတွေကော၊ ပုရွက်ဆိတ်ကလေးတွေကော ရေထဲမှာ ယက်ကန်ယက်ကန်မျောနေတာ။ ကယ်သူမဲ့၊ ဆယ်သူမဲ့ပေါ့။

သူက တုတ်လေးတစ်ချောင်းနဲ့ ပိုးကောင်လေးတစ်ကောင်ကို ဆယ်ပြရင်း . . .

"ဒါလည်း သတ္တဝါတွေကို ကယ်တာပဲ" တဲ့။

ဟုတ်တော့လည်း ဟုတ်သားပဲနော်။

"နေခြည် . . . နင်ကတော့ တော်တော်တတ်နိုင်တာပဲနော်"

ကိုယ်က ခပ်ဂျစ်ဂျစ်ချီးကျူးတော့ သူ ငြိမ်သွားတယ်။ ပြီးမှ တမြည့်မြည့်မျက်နှာလေးနဲ့ သူပြောတယ်။



"ငါတို့ငယ်ငယ်က . . . အင်း . . . ငါရယ်၊ ငါ့အစ်ကိုရယ်ပေါ့ဟာ။ ငယ်ငယ်က မိုးရွာပြီးစဆိုရင် ဒီလိုရေအိုင်လေးတွေမှာ လိုက်ပြီးပိုးကောင်လေးတွေ လိုက်ကယ်ကြတာ"

လွမ်းလွမ်းမောမော မြင်ယောင်ပြီးပြောတဲ့ သူ့မျက်နှာလေးမှာ မှုန်ဝါးဝါး အရိပ်တွေနဲ့ပါ။

ထားပါတော့လေ . . . ။ အဲဒီလိုနဲ့ ကိုယ်တို့ ရေအိုင်လေးထဲက ပိုးကောင်တွေကို လိုက်ဆယ်ခဲ့ကြတယ်။ ငွေကုန်ကြေးကျမရှိဘဲ ကောင်းမှုပြုနိုင်ခဲ့တယ်ပေါ့။

ရေအိုင်လေးတွေဆီ တစ်အိုင်ပြီးတစ်အိုင် လျှောက်သွားကြည့်ရင်း ပြဿနာလည်း ရှာခဲ့ကြသေးတယ်။

မီးပွိုင့်ပြူးပြူးကြီးရှိတဲ့ လမ်းလေးခွဆုံက ရေအိုင်လေးထဲမှာ ပိုးကောင်ကယ်ဆယ်ရေး သွားလုပ်နေတာလေ။

"ဟိုကောင်တွေ . . . လမ်းလယ်ခေါင် ဘာလုပ်နေတာလဲ"

သူ့အသားအရေနဲ့ မလိုက်ဘဲနဲ့ ဦးထုပ်ဖြူဖြူကြီးကို ဆောင်းထားတဲ့ ယာဉ်ထိန်းရဲကြီးက လှမ်းအော်တာပါ။

"ဘာမှမလုပ်ပါဘူး"

လို့ ကိုယ်တို့က အော်ဖြေလိုက်တယ်။

"အေး . . . ဘာမှမလုပ်ရင် ဘာလုပ်တာလဲ"

လမ်းလယ်ခေါင်မှာ ကိုယ်တို့နှစ်ယောက်ပိတ်နေတော့ သူ့မှာ မီးစိမ်းရခက်၊ မီးနီရခက် ဖြစ်နေတယ်။ ကိုယ်တို့ ဘာမှပြန်မပြောတော့ဘဲ ပိုးကောင်လေးတွေကို ဆက်ကယ်နေလိုက်တယ်။

စိတ်မရှည်တော့တဲ့ ယာဉ်ထိန်းရဲကြီးက တရှူးရှူးနဲ့ ခရာကြီးမှုတ်ပြီးပြေးလာပါတော့တယ်။

ဒီတော့မှ လှည့်ထုတ်ပြောင်ပြပြီး ကိုယ်တို့ ထွက်ပြေးခဲ့ကြတယ်လေ။ ယာဉ်ထိန်းရဲကြီးကို စချင်နောက်ချင်လို့ တမင်သက်သက် အဲဒီလို မီးပွိုင့်နားသွားခဲ့တာလေ။



www.burmeseclassic.com

www.burmeseclassic.com

ထွက်ပြေးပြီး မောမှ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်ကြပြန်တယ်။ တကယ်ပါပဲ။ ဒီကောင်မလေးနဲ့ဆို ကိုယ် အရမ်းပျော်ရတယ်။

ရယ်ရင်းနဲ့ပဲ သူက တစ်ခုခုကို သတိရသလို လက်ကို ငုံ့ကြည့်တယ်။

"ဟင်"

ပထမတော့ သူ ကြောင်သွားပါသေးတယ်။ နောက်မှ သတိရသွားတယ်။ သူ့လက်ကနာရီက ကိုယ့်ဆီရောက်နေပြီမဟုတ်လား။

"လာ . . . လာ . . . ငါ ကျောင်းအထိ ပြန်လိုက်ပို့ပေးမယ်"

သူ အိမ်ပြန်ချိန်ရောက်ပြီလေ"

သူ့အိမ်ပြန်လမ်းအတွက် စက္ကူကြယ်ခုနစ်ပွင့်ကိုလည်း ထည့်ပေးခဲ့ပါတယ်။ မွေးနေ့မှာ ပျော်ခဲ့ပါရဲ့ ကောင်မလေးရယ်။

ᴥ ᴥ ᴥ



# (၁၀)

"ဘာ . . . မင်းက အခုထိမပြောရသေးဘူး ဟုတ်လား"

"ဟွန်း . . . ငါတို့ကဖြင့် နေခြည်ရှက်မှာစိုးလို့ အခုထိ ငါတို့ကို အသိမပေးတာလို့ထင်နေတာ"

"အေးလေ . . . အခုထိ မထူးခြားသေးတာတော့ မင်းညံ့လွန်းပါတယ်ကွာ"

အားလုံးက ကိုယ့်ကို အဲဒီလိုတွေ ပြောလာကြတယ်။ ကိုယ်နဲ့ သူ သမီးရည်းစားမဖြစ်သေးတဲ့ကိစ္စနဲ့ ပတ်သက်ပြီး သူတို့ မယုံချင်သလိုလိုဖြစ်နေကြတယ်။ မတတ်နိုင်ဘူး။ ကိုယ် ခေါင်းကုတ်နေမိတယ်။

ဒီနေ့ သူကတော့ ကျောင်းမလာပါဘူး။ ဘာကြောင့်မလာတာလဲလည်း မသိရပါဘူး။

"မင်းက ဘာလို့ ဖွင့်မပြောသေးတာလဲ"

"မပြောသေးတာ မဟုတ်ဘူးကွ၊ မပြောဖြစ်တာ။ သူ့ကို အဲဒီလိုစကားတွေပြောဖို့စိတ်က ငါ့မှာအ မြဲရှိနေခဲ့တာပါ။ ဒါပေမဲ့ ဘယ်က စပြီး ဘယ်လိုပြောရမလဲ မသိတာမျိုးနေမှာ"



www.burmeseclassic.com

www.burmeseclassic.com

စျာန်အောင်ကတော့ ခေါင်းတဆတ်ဆတ်နဲ့ ကိုယ့်ကို ထောက်ခံရှာပါတယ်။

"ဒါမျိုးက ဖြစ်တတ်ပါတယ်။ ရင်ဘတ်ကိစ္စဆိုတော့ ဒီပါးစပ်က ပြောရခက်မှာပဲ"

စိုးစိုးထွေးက . . .

"ရဲထွဋ်ရယ် . . . နင့်ကိုလည်း နေခြည်က စိတ်ထဲရှိနေပြီးလောက်ပါပြီဟယ်။ တော်ကြာ သူ့အစ်ကိုက တခြားတစ်ယောက်နဲ့ ရုတ်တရက်ပေးလိုက်လို့ နင် ခံစားသွားရမယ်နော်"

အေးမွန်ကလည်း အူယားတဲ့အသံကြီးနဲ့ . . .

"ကြားလူဝင်ပါတယ်လို့တော့ မထင်နဲ့။ မြန်မြန်ဖွင့်ပြောလိုက်ပါဟယ်"

ဥကျန်ကလည်း ကိုယ့်ကို ကြည့်လာပြီး . . .

"ငါမပြောဘူးလို့ လုပ်ထားတာ ပြောလိုက်ပါတော့မယ်။ ဒီနေ့ နေခြည့်မွေးနေ့ပဲ"

"ဟင် . . . "

"ဟမ် . . . "

အားလုံး ကြောင်သွားကြတယ်။ ပြီးခဲ့တဲ့တစ်ပတ်ကမှ ကိုယ့်မွေးနေ့မဟုတ်လား။ အခု သူ့မွေးနေ့ဆိုတော့ ကိုယ်က သူ့ထက် ခုနစ်ရက်ကြီးတာပေါ့။

ဥကျန်က ဆက်ပြောတယ်။

"သူ့အစ်ကိုက မလွှတ်လို့ဆိုပြီး ကျောင်းမလာတာဟ။ ဒီနေ့ သူ့အဖေအုတ်ဂူကိုလည်း သွားကန်တော့ကြမယ်ထင်ပါတယ်"

"သူ့မွေးနေ့ကို ငါတို့ကို ဘာလို့ အသိမပေးတာလဲ"

"ဩော် . . . ဒါကတော့ သူ့မွေးနေ့မှာ ငါတို့နဲ့အတူ ရှိမနေနိုင်တော့ အားနာလို့ မပြောတော့တာနေမှာပေါ့။ နောက်နေ့ကျရင်တော့ မုန့်လေးဘာလေး ကျွေးမှာပေါ့ဟယ်"

စိုးစိုးထွေးနဲ့ ဥကျန် ပြောပြီးပြီးချင်းပဲ မော်ကြီးက . . .



"ဟာ . . . ရဲထွဋ် အတော်ပဲ။ ဒါဆို ဒီရက်ပိုင်းအတွင်းပဲ ဖွင့်ပြောလိုက်တော့။ သူ့ရဲ့မွေးနေ့မှာ ဖွင့်ပြောတော့ ပိုပြီး လေးနက်ရာကျတယ်"

မော်ကြီးစကားကို အားလုံးက ထောက်ခံကြတယ်။ ပြီးတော့ တိုက်တွန်းကြတယ်။

သူတို့တိုက်တွန်းချက်ကြောင့် ကိုယ့်ရဲ့နှလုံးသားဆန္ဒက ပိုပြင်းပြလာခဲ့တယ်။

"ကောင်းပြီ . . . ငါဖွင့်ပြောမယ်"



www.burmeseclassic.com

www.burmeseclassic.com

ကုန်မကုန်နိုင်ဘူး ဒီဆောင်း
နှင်းတွေကတောင် ခြေညောင်းနေပြီ
ဝေးလိုက်နီးလိုက်နဲ့
တခိုက်ခိုက်ချမ်းမနေချင်တော့ဘူး။



ညရောက်တော့ ကိုယ်တို့အဆောင်ကို ဈာန်အောင်ပါ လိုက်အိပ်တယ်။ အခု ညရှစ်နာရီထိုးတော့မယ်။ မော်ကြီးနဲ့ကျော်ကျော်တင့်က ဘောင်းဘီလျှော်ပေးကြေး ဖဲရိုက်နေတုန်း ကိုယ်နဲ့ ဈာန်အောင်က စာစီနေရတယ်။

သူ့ကိုပြောမယ့် စကားလုံးတွေကိုပေါ့။

"ရဲထွင့်ရာ ရင်ထဲကထွက်လာသမျှတွေကို ဖြည်းဖြည်းချင်းသာ ပြောချလိုက်"

ဈာန်အောင် အဲဒီလို စာစီပေးရုံသာမက သင်ပေးတယ်။

အဲဒီအချိန် ကိုယ်တို့အဆောင်အပေါ်ထပ်ကို အဆောင်ပိုင်ရှင်ရဲ့သားလေး အပြေးတက်လာတယ်။

"အစ်ကိုတို့ . . . အစ်ကိုတို့ဖုန်းလာလို့"

"ဘယ်ကဖုန်းလဲ၊ ဘယ်သူ့ဆီဆက်တာလဲ"

"မသိဘူးဗျ။ အပေါ်ထပ်က ဆန်ကုန်မြေလေးအဖွဲ့ကို ခေါ်ပေးပါလို့ပြောတာနဲ့ အစ်ကိုတို့ဖုန်းပဲနေမှာဆိုပြီး လာခေါ်တာ"

"ခွေးမသားညိုသွေး . . . ဆက်တာပဲနေမှာ"



www.burmeseclassic.com

www.burmeseclassic.com

မော်ကြီးက ပုဆိုးမပြီး ဖုန်းကိုင်ဖို့ ဆင်းသွားတယ်။

ခဏကြာတော့ ဒန်ပေါက်အိုးထဲပြုတ်ကျတဲ့ မျက်နှာနဲ့ ကမန်းကတန်း ပြန်တက်လာတယ်။

"ဟော့ကောင်တွေ . . . ဟော့ကောင်တွေ . . . စိုးစိုးထွေးတို့အိမ်ကို အမြန်လာခဲ့ပါတဲ့"

စိုးစိုးထွေးတို့အိမ်ဆိုတော့ ညိုသွေးတို့အိမ်ပဲပေါ့။

"ဘာလုပ်ဖို့ လာခိုင်းတာလဲ"

"မသိဘူး မြန်မြန်လာတဲ့။ နေခြည်လည်း အဲဒီအိမ်ကို လာနေပြီတဲ့"

"ဘာ"

အံ့ဩပျော်ရွှင်သွားတဲ့ ကိုယ့်အသံက တော်တော်ကျယ်သွားမယ်။ ကိုယ်တို့ ချက်ချင်းပဲ မျက်နှာသစ်အဝတ်လဲပြီး စိုးစိုးထွေးတို့အိမ်ကို သွားဖို့ပြင်ရတယ်။

နောက်ထပ် ကြက်ဆင်ဥတစ်လုံး ပြုတ်စာလောက်ကြာတဲ့အချိန် (မိနစ်လေးဆယ်၊ ငါးဆယ်လောက်) မှာ ကိုယ်တို့ ညိုသွေးအိမ်ကို ရောက်တယ်။ ညိုသွေးတို့အိမ်က ခြံကျယ်ဝန်းကျယ်နဲ့ နှစ်ထပ်တိုက်အိမ်ကြီးပဲ။

ကိုယ်တို့ရောက်တော့ အရင်ဆုံး ပြေးကြိုလာတာက စိုးစိုးထွေးပဲ။ ခြံဝန်းတံခါးကိုဖွင့်ရင်းနဲ့ စကားတွေကို ကမန်းကတန်းပြောသေးတယ်။

ဝမ်းသာအဲလဲအသံနဲ့လေ။

"နေခြည်က သူ့အစ်ကို ခရီးထွက်သွားလို့ သူ့အမေကို အတင်းတောင်းပန်ပြီး ငါတို့အိမ်လာခဲ့တာ။ သူ့မွေးနေ့ကို ငါ့အိမ်မှာလုပ်မလို့တဲ့။ ညလည်း ငါ့အိမ်မှာပဲအိပ်မှာတဲ့။ အခွင့်အရေးရတုန်း နင်ဖွင့်ပြောတော့နော်"

မော်ကြီးတို့ကလည်း တိုက်တွန်းတဲ့အကြည့်တွေနဲ့ ကြည့်လာကြတယ်။ ကိုယ့်ကိုယ်ကိုယ် ပြန်အားပေးပြီး ကိုယ် ခေါင်းညိတ်ပြလိုက်တယ်။



ခြံဝန်းထဲရောက်တော့ စားစရာတွေကို တည်ခင်းနေကြပါပြီ။ ခြံဝန်းအလယ်က မြက်ခင်းပေါ်မှာပဲ လှလှပပ တည်ခင်းနေကြတာပါ။

အေးမွန်က သစ်သီးတွေကို လှလှပပခွဲခြမ်းနေရာက ကိုယ့်ကို 'ရောက်လာပြီလား' ဆိုတဲ့သဘောနဲ့ လက်ထောင်ပြတယ်။ ဥကျန်က အကင် ကင်စားမလို့ထင်တယ်။ ဓာတ်ငွေ့မီးဖိုသေးသေးလေးနဲ့ အလုပ်ရှုပ်နေတယ်။ ဒါကိုတွေ့တဲ့ ကျော်ကျော်တင့်က 'ငါ သွားနှောင့်ယှက်လိုက်ဦးမှ . . . ဟေး . . . ဟေး . . . ဟေး" ဆိုပြီး ဥကျန်ဆီ တည့်တည့်ထွက်သွားတယ်။

ဈာန်အောင်နဲ့ မော်ကြီးကတော့ မီးလုံးလေးတွေ အလှဆင်နေတဲ့ ညိုသွေးဆီကိုသွားကူတယ်။

သူကော ဘယ်မှာလဲ။

အဝေးကြီးမှာ မဟုတ်ပါဘူး။ မြက်ခင်းပြင်အစပ်မှာပါပဲ။ ငွေရောင်လက်နေတဲ့ ဂါဝန်အင်္ကျီလေးကို ဝတ်ဆင်ထားပြီး မိုးပျံပူဖောင်းတစ်လုံးကိုလည်း လက်ကကိုင်ထားသေးတယ်။ မိုးပျံပူဖောင်းကတော့ အပြာရောင်လေးပေါ့။ ပြီးတော့ မြက်ခင်းပြင်ကို ငုံ့ကြည့်ငုံ့ကြည့်နဲ့ ဘာကိုလိုက်ရှာနေတာလဲမသိ။

ကိုယ် အသံမပေးဘဲ ဆက်ကြည့်နေလိုက်သေးတယ်။

ဒီတော့မှ သူ ကိုယ့်ကိုတွေ့သွားတယ်။ ဒါပေမဲ့ အံ့ဩဟန်မပြပါဘူး။ ကိုယ်ရောက်နေတာ သိပြီးတဲ့ပုံပဲ။

ဒါကြောင့် ကိုယ်ကပဲ အရင်မေးလိုက်ရတယ်။

"ဘာလိုက်ရှာနေတာလဲ"

တစ်ချက်ရယ်ပြီးမှ သူက ထူးထူးဆန်းဆန်းလေး ဖြေလာတယ်။

"စိတ်ညစ်စရာကို လိုက်ရှာနေတာလေ"

". . ."

"ဒိုင်အိုဂျင်းနိစ်က နေ့ခင်းဘက်ကြီး မီးအိမ်လက်ဆွဲပြီး ရှိးသားတဲ့လူကို လိုက်ရှာသလိုပေါ့ဟာ။ ငါကလည်း စိတ်ညစ်စရာကို မိုးပျံပူဖောင်းလေးကိုင်ပြီး လိုက်ရှာကြည့်နေတာ"



www.burmeseclassic.com

www.burmeseclassic.com

အခု သူ့ စိတ်ညစ်စရာ စိုးစဉ်းမျှမရှိအောင် ပျော်ရွှင်နေတယ်ဆိုတဲ့သဘောပေါ့။ ကိုယ်ရောက်လာမှန်းသိလို့ တစ်ခုခုရှာနေတဲ့ပုံစံ။ သူသရုပ်ဆောင်နေတာပေါ့လေ။

"ဒီလိုညမျိုး တစ်ခါမှ မကြုံဖူးဘူးဟ။ ငါ့နံဘေးမှာ သူငယ်ချင်းတွေရှိတယ်။ ငါ့ခေါင်းပေါ်မှာ ကြယ်တွေရှိတယ်။ ပြီးတော့ ငါ့မွေးနေ့လည်းဖြစ်တယ်လေ။ အိုး . . . "

သူ့ သိပ်ပျော်နေရှာတယ်။

သူ့ တကယ်ပျော်နေတာကို ကိုယ် မျက်ဝါးထင်ထင် တွေ့နေရတယ်။

"လာ . . . မုန့်သွားစားကြမယ်"

မြက်ခင်းပေါ်မှာ သူငယ်ချင်းတွေ ဝိုင်းထိုင်နေကြတယ်။ ကိုယ်တို့လည်း ဝင်ထိုင်လိုက်ကြတယ်။ မြေစိုက်မီးလုံးလေးတွေရယ်၊ သစ်ပင်ပုပုလေးတွေပေါ်က မီးလုံးလေးတွေရယ်ကနေ အလင်းဖြူဖြူလေးတွေစီးဖြာကျနေတယ်။ ဖဖော်ဝါရီနှင်းမြူတွေကိုတောင် မြင်ယောင်စေလာတယ်။ ဘာသီချင်းမှမဖွင့်ဘဲ တေးသွားမျှလှိုင်းလေးတွေက ကိုယ်တို့ကြားမှာ ရစ်နှောင်ဝေ့ပတ်နေသလိုပဲ။

ပြင်ဆင်ထားတဲ့ စားဖွယ်တွေကလည်း များများစားစားပဲ။

"နင်က ကြိုမပြောတော့ ငါတို့ လက်ဆောင်မပြင်ဆင်ခဲ့ရဘူးဟ"

"အေးလေဟာ . . . ကြိုပြောမှပေါ့"

မော်ကြီးနဲ့ ဈာန်အောင်ကပြောတော့ သူကပြုံးလျက် . . .

"မလိုပါဘူးဟ။ ငါ့မှာ ဒီလိုသူငယ်ချင်းတွေနဲ့ လွတ်လွတ်လပ်လပ်တွေ့ရတာကိုပဲဝမ်းသာမဆုံးဖြစ်နေတယ်။ ဒီည နာရီကြည့်ပြီး နောက်ဆံတင်းစရာ မလိုတော့ဘူး။ အဟင် . . . ငါ့အစ်ကို ခရီးခဏခဏထွက်ရင် ကောင်းမှာနော်"

ဉကျန်က အသားကင်ပန်းကန်ကို သယ်ပြီး တဘုန်းဘုန်းပြေးလာတယ်။



"ကဲ . . . ပွဲစကြစို့ဟေ့"

မွေးနေ့ကိတ်တော့ မလုပ်ထားဘူး။ တမင်တကာ မလုပ်ထားတာထင်ပါတယ်။ ဒါပေမဲ့ ကိုယ်တို့ 'Happy birthday do you' သီချင်းကို သံပြိုင်ဆိုလိုက်ကြပါတယ်။

သူက ပြုံးပြုံးလေး မျက်လွှာမေးပြီး နားထောင်နေရှာတယ်။ သီချင်းဆုံးတော့ တစ်ယောက်တစ်လှည့်စီ ဆုတောင်းပေးလိုက်ကြတယ်။ စိုးစိုးထွေးက အရင်ဆုတောင်းပေးသူပါ။

"နင့်ဘဝမှာ ဖြစ်ချင်တာတွေ အများဆုံးဖြစ်ပြီး မဖြစ်ချင်တာတွေ အနည်းဆုံးဖြစ်ပါစေ"

ကျော်ကျော်တင့်ကလည်း ဒီလိုဆုတောင်းပေးတယ်။

"ဘဝဆက်တိုင်း ဒီလို လူကောစိတ်ကော လှပပါစေ"

ပြီးတော့ ညိုသွေးအလှည့် . . .

"ကစားပွဲဆန်တဲ့ လောကကြီးထဲမှာ နင် အန်စာတုံးလှည့်လိုက်တဲ့အခေါက်တိုင်း နံပါတ်'ခြောက်'ကျပါစေ"

ညိုသွေးပြီးတော့ အေးမွှန်ပေါ့။

"နေခြည်ရေ . . . မျက်နှာမြင် ချစ်ခင်စရာကောင်းပြီးသားနင့်အတွက် ငါပေးချင်တဲ့ဆုကတော့ ကြာပန်းကလေးလို ရွှံ့တွေအလယ်မှာဖြူစင်ပါစေ"

အေးမွှန်ပြီးတော့ မော်ကြီးပါ။

"ရုပ်ချောချော စိတ်ထားပြည့်ဝတဲ့ ကောင်လေးနဲ့ လက်ထပ်ရပါစေ။ ဥပမာ . . . အဟွတ် . . . အင်း . . . "

ချောင်းဆိုးသလိုနဲ့ ကိုယ့်ကိုကြည့်လာတယ်။ လူကို နေရထိုင်ရခက်အောင်လာလုပ်တဲ့ ဒီကောင့်ကို ကိုယ် လှမ်းကန်လိုက်ချင်ပေမယ့် ဝေးနေလို့ စိတ်လျှော့လိုက်ရတယ်။ မော်ကြီးက ဆက်ပြီး . . .

"ငါပေးမယ့်ဥပမာ နင်သိပြီးသားဖြစ်မှာမို့ ဆက်မပြောတော့ဘူး။ နောက်ပြီး နင့်ဘဝဟာ သစ်ပင်အညွန့်တွေလို အမြင့်ကိုတက်နိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com

တော့ သစ်ပင်အမြစ်တွေလို အောက်ခြေကို မမေ့သောသူအဖြစ် ရပ်တည်နိုင်ပါစေ၊ လှပပါစေပေါ့"

မော်ကြီးပြီးတော့ ချာန်အောင့်အလှည့်လေ။ ကဗျာဆရာချာန်အောင့်ဆီက ဆုတောင်းလှလှလေးထွက်လာဖို့ ကိုယ်တို့ မျှော်လင့်နေကြတယ်။ ချာန်အောင် တစ်ချက်ပြုံးပြီး သူ့ပုံစံအတိုင်း သင့်တင့်ရုံလေး ဆုတောင်းခြွေလာပါတယ်။

"အိပ်စက်တိုင်း အေးချမ်းပြီး၊ နိုးထတိုင်း လန်းဆန်းပါစေ"

ပြီးတော့ ဥကျန်အလှည့်။

ဥကျန်က သူ့အလှည့် မရောက်ခင်ကတည်းက လက်ညှိုးတထောင်ထောင်နဲ့ စဉ်းစားနေတာ။ အခု သူ့အလှည့်ရောက်တဲ့အထိ စဉ်းစားလို့မပြီးသေးဘူး။ ကြာလာတော့ ချွေးပျံလာပြီး သူမပြောတတ်တော့ဘူးလေ။ ဒါနဲ့ . . .

"မသိတော့ဘူးဟာ . . . ကံကြမ္မာကောင်းပါစေ။ ဒါပဲ"

ဥကျန်ကြောင့် အားလုံးရယ်ရသေးတယ်။

ရယ်သံတွေ တစ်ယောက်တစ်ပေါက်ဆဲသွားမှ ကိုယ့်ကို အားလုံးကြည့်ကြတယ်။ သူ့အတွက် ကိုယ် ဘယ်လိုဆုတောင်းမလဲလို့ သူငယ်ချင်းတွေကလည်း ကြားချင်နေကြတယ်။ ကိုယ် ဘယ်လိုဆုတောင်းပေးရမလဲ။ စိတ်ထဲမှာတော့ ဆုတောင်းလှလှလေးတွေက အပြည့်ပါ။ နှုတ်ကထွက်ဖို့သာ ဘယ်လိုကြောင့်လဲမသိဘဲ ခက်နေတာ။

သူကလည်း သွင်သွင်ခခလေးကြည့်လာတယ်။

ရင်ထဲက ထွက်လာသမျှကို ဖြည်းဖြည်းချင်းသာ ပြောချလိုက်ဆိုတဲ့ ချာန်အောင်သင်ပေးတဲ့စကားကိုလည်း ကိုယ်ပြန်ကြားယောင်လာတယ်။ ဒီတော့ အသက်ကို ဖြည်းဖြည်းလေးရှူပြီး ကိုယ် ဆုတောင်းပေးလိုက်ပါတယ်။

"လင်းနေခြည်သွယ်ဆိုတဲ့ကောင်မလေး လွတ်လပ်ပါစေ။ နာရီတွေကို တော်လှန်နိုင်ပါစေ။ ကြမ်းတမ်းတဲ့လမ်းကို လျှောက်ရရင်တောင် ခြေဖဝါးလေးတွေ မပွန်းပဲ့ပါစေနဲ့။ ဘဝကို စာအုပ်တစ်အုပ်လို ဖွင့်ဖတ်



ကြည့်တိုင်းလည်း မွေးပျံ့နိုင်ပါစေ။ လာခြင်းကောင်းသူတို့ရဲ့ ရာဇဝင်နဲ့ ပြန်ခြင်းကောင်းသူတို့ရဲ့ သမိုင်းမှာလည်း ထင်ကျန်နိုင်ပါစေ။ ဘုရားသခင်ကိုယ်တိုင်က နဖူးကို ငုံ့နမ်းရတဲ့သူလေးဖြစ်ပါစေ။ နောက်ဆုံးသောတစ်နေ့မှာတော့ ကောင်းကင်တိုင်းပြည်မှာ ကြယ်တစ်ပွင့်အဖြစ် တည်ရှိပါစေ။ နွေးထွေးလင်းလက်စွာ တည်ရှိပါစေ"

အားလုံး ငြိမ်သက်နေကြတယ်။ တစ်လောကလုံး တိတ်ဆိတ်၊ ရေစက်ကလေး ဖိတ်သံမျှတောင် မကြားရအောင် ငြိမ်သက် . . . ငြိမ်သက်သွားတယ်။

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

သူပြောလာတယ်။ အသံဖွဖွလေးနဲ့ ပြောလာတယ်။

အဲဒီလိုပြောလာတဲ့ သူ့မျက်ဝန်းမှာ မျက်ရည်တွေ ဝဲနေတယ်။ အဲဒါကိုလည်း သူ မလျှို့ဝှက်ထားပါဘူး။

"ငါပျော်လွန်းလို့ ငိုတောင် ငိုချင်လာပြီ။ သူငယ်ချင်းတွေပေးတဲ့ဆုအားလုံးသာ ပြည့်ရင်တော့ ကမ္ဘာမှာ ငါ့လောက်ခမ်းနားပြည့်စုံတဲ့လူတောင် ရှိမှာမဟုတ်ဘူး။ ကဲ . . . ကဲ . . . စားကြစို့ဟာ"

သူ့အပျော်တွေကို ဆက်တည်မြဲစေဖို့ ကိုယ်တို့လည်း ရွှင်ရွှင်မြူးမြူးလေး ထောက်ခံလိုက်ကြတယ်။

"ဟေး . . . စားမယ်ဟေး"

"စားကြမယ် . . . စားကြမယ်"

ဒီတော့မှ အားလုံး စားစရာရှိတာတွေကို တပျော်တပါး စားကြတော့တယ်။ စားဖွယ်က အစုံအလင်မို့လို့ လက်နဲ့မဆန့်အောင် နှိုက်နေရပြီး ပါးစပ်နဲ့မဆန့်အောင် စားနေရတယ်။

စားကြသောက်ကြရင်းမှာပဲ သူကပြောလာတယ်။

"ငါ ဒီလို စိုးစိုးထွေးတို့အိမ်မှာ ပွဲလုပ်တာ၊ သူငယ်ချင်းတွေနဲ့ စုံစုံညီညီရှိချင်လို့ရယ် ပြီးတော့ နောက်ကိစ္စတစ်ခုလည်း ရှိသေးတယ်"

"ဘာများလဲဟ"



www.burmeseclassic.com

www.burmeseclassic.com

ဘာမှမရှိတဲ့ ကောင်းကင်ထောင့်စွန်းကိုကြည့်ပြီးမှ သူက . . .

"ကြယ်မိုးရွာတာ ကြည့်ချင်လို့ဟ။ ဒီနေ့ ကြယ်မိုးရွာမှာတဲ့"

"ဘာ . . . ကြယ်မိုးရွာတာ"

"ဟင့်အင်း . . . မကြားဖူးပါဘူး"

ကိုယ်လည်း ကြားဖူးသလိုတော့ရှိပေမယ့် သေချာမသိဘူး။ အားလုံးကလည်း သိပ်ပုံမပေါ်တော့ သူကပဲ ရှင်းပြလာတယ်။

"ဒီလိုဟ . . . ကမ္ဘာက နေကိုတစ်ပတ်ပြည့်ဖို့ လှည့်ပတ်တဲ့ အချိန်အတွင်းမှာ ဥက္ကာပျံအစိုင်အခဲတွေကို ဖြတ်သန်းသွားရတယ်။ အဲဒီအခါမှာ လေထုထဲက ကမ္ဘာ့ဆွဲအားက ကာဗွန်ဒိုင်အောက်ဆိုဒ်တွေကို ချေဖျက်လိုက်ရတယ်တဲ့။ အဲဒီအခါ အလင်းအဖွဲ့တွေ အများကြီး ထွက်ပေါ်လာရောတဲ့။ အဲဒါကို ကြယ်မိုးရွာတာလို့ ခေါ်တယ်လို့ ငါဖတ်ဖူးတယ်"

"ဟုတ်လား"

"အင်း . . . တစ်နှစ်ကို ရှစ်ကြိမ် ကိုးကြိမ်လောက် ဖြစ်ပေါ်နေကျတဲ့။ သဘာဝအလျောက်ဖြစ်တာတဲ့။ ဘာဘေးအန္တရာယ်မှလည်း ကမ္ဘာပေါ်ကို မကျရောက်နိုင်ဘူးတဲ့ဟ။ ဟိုတစ်နေ့က နက္ခတ္တပြက္ခဒိန်တစ်ခုမှာ ငါတွေ့ခဲ့တာ။ ဒီနေ့ ကြယ်မိုးရွာမှာတဲ့"

"ဟယ် . . . ဒါဆို ငါတို့ကြည့်ရဦးမှာပေါ့"

"တစ်ခါမှ မကြည့်ဖူးတာနဲ့ အတော်ပဲ"

အားလုံးက စိတ်အားထက်သန်သွားကြတယ်။

"ဒါပေမဲ့ ငါတို့သာမန်မျက်စိနဲ့ မြင်ရပါ့မလား။ မြင်ရရင်တောင် ငါတို့အခုရှိနေတဲ့ ဒီနေရာက မြင်ရပါ့မလား"

ကိုယ်က မေးတာပါ။

"လအလင်းရောင် ကွယ်သွားတဲ့အချိန်ဆိုရင် သာမန်မျက်စိနဲ့ မြင်ရတယ်တဲ့။ အင်း . . . ငါတို့ ဒီနေရာကနေ မြင်ရမမြင်ရတော့ မပြောတတ်ဘူး။ တချို့ကလည်း လူသုံးယောက် ဖိုခနောက်ဆိုင်ထိုင်ပြီး



အရပ်မျက်နှာအသီးသီးကို သေချာကြည့်နေမှ တွေ့ရတာတဲ့။ တချို့ကတော့ အချိန်တော်တော်လေးကြာအောင် တကူးတကမရှာရဘဲ တွေ့နေရတာတဲ့"

"ဘာပဲဖြစ်ဖြစ် ငါတို့ ဖွဲ့ရှိရှိနဲ့ စောင့်ကြည့်ကြမယ်"

"အေး . . . ဟုတ်တယ်"

"ဒါဆို အစားလျှော့စားမှပဲ။ ဗိုက်လေးပြီး အိပ်ချင်လို့ ကြယ်မိုးရွာတာ မကြည့်လိုက်ရဘဲနေဦးမယ်"

အားလုံးက အားတက်သရောရှိနေကြတယ်လေ။

စားပြီးသောက်ပြီးကျတော့ သိမ်းစရာရှိတာတွေ သိမ်းကြတယ်။ ဒီလိုပဲ ကြယ်မိုးရွာရင် နှိုးလိုက်ဆိုပြီး တရေးတမောအိပ်ဖို့ နေရာရှာတဲ့သူကလည်း ရှာတယ်။

"သူများတွေ ပန်းကန်တွေသိမ်းနေတာ သွားကူပါလား"

သူ့နားလာထိုင်တဲ့ ကိုယ့်ကို သူက နှင်လွှတ်နေတာလေ။ ကိုယ်ကတော့ မသွားပါဘူး။ သူ့အနားလေးပဲ ကပ်ထိုင်လိုက်တယ်။

သူကလည်း ပန်းလေးတစ်ပွင့်သာပွင့်နေတဲ့ ပန်းပင်ကလေးတစ်ပင်အနားမှာ ထိုင်နေတာလေ။

"ရော့ . . . "

ကိုယ်ပေးလိုက်တာက . . .

"ဟင်"

သူ အံ့သြသွားတယ်။ မှတ်မိသွားတယ်။ ပြီးတော့ တဖြည်းဖြည်း မျက်နှာလေးဝင်းသွားတယ်။

ကိုယ်ပေးလိုက်တာက ကြယ်နှင်တံနဲ့ နတ်သမီးရုပ်လေးပေါ့။ မဝံ့မရဲ လက်ချောင်းလေးတွေနဲ့ယူရင်း . . .

"ဒီ . . . ဒီ အရုပ်လေးက . . . "

"ဟုတ်တယ် . . . ။ နင်နဲ့ငါ စတွေ့တုန်းက အတူတူလက်ကမ်းမိတဲ့ အရုပ်လေးလေ"

သူ ပျော်ပျော်ရွှင်ရွှင် ပြုံးနေရှာတယ်။



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီအရုပ်လေးကို မွေးနေ့လက်ဆောင်အဖြစ် ငါပေးတယ်"

"အဟင်း . . . တော်တယ်။ တကယ့်ကို အမှတ်တရဖြစ်စေတယ်"

ပြောပြီး ခေါင်းကလေးမော့ပြုံးနေပြန်တယ်။

ကိုယ့်မှာတော့ ရင်မောနေရတယ်။ သူ့နံဘေးက ပန်းပွင့်လေးကိုကြည့်လိုက်၊ သူ့ပါးပြင်လေးကို ကြည့်လိုက်နဲ့ ကိုယ့်ရင်ခုန်သံတွေ ဆူညံတုန်ခါနေတယ်။ ဒါပေမဲ့ သူမကြား။ ခက်တယ်။ ကိုယ်ဖွင့်ပြောဖို့ အားယူနေမိတယ်။ နောက်လှည့်ကြည့်လိုက်တော့လည်း သူငယ်ချင်းတွေကို မတွေ့ရတော့ဘူး။ ကိုယ်တို့ကို ရှောင်ပေးသွားကြတာလား၊ သူတို့ဘာသာပဲ အကြောင်းကြောင်းကြောင့် တခြားတစ်နေရာပဲ ရောက်သွားကြတာလားမသိဘူး။ ဒါပေမဲ့ ဒီလိုအခြေအနေထိတောင် ကိုယ်မပြောရဲသေးဘူး။ ဘာကိုကြောက်နေတာလဲ။ ကိုယ့်ကို တစ်ချက်မာန်မဲလိုက်ပြီးမှ . . .

"နေခြည် . . ."

"ငရဲ . . ."

တစ်ပြိုင်တည်း တစ်ယောက်ကိုတစ်ယောက် ခေါ်မိသွားတာပါ။ နှစ်ဦးသား ရယ်ဖြစ်သွားကြသေး။

"ပြောလေ"

"နင်အရင်ပြောပါ"

အဲဒီလို သဘောထားကြီးမိတာ ကိုယ့်ရဲ့ပထမအမှား။ သူက အရင်စပြောလာပါတယ်။

"ငါ့ဘဝအကြောင်း နည်းနည်းပြောပြချင်တယ် နားထောင်မလား"

"အင်း . . . နားထောင်မှာပေါ့ ပြောပြ"

အဲဒါကတော့ ဒုတိယအမှားပေါ့။

လေပြည်အေးစက်စက်ကြားမှာ သူ့အသံတွေကလည်း အေးစက်နေပါတယ်။



"ငါတို့ငယ်ငယ်ကအိမ်လေးဆိုရင် ကြမ်းခင်းကလည်း မညီဘူးသိလား။ ပြီးတော့ ခေါင်မိုးကလည်း မလုံဘူး။ ညအိပ်ရာဝင်လို့ ပက်လက်လှန်လှဲလိုက်ရင် အဲဒီခေါင်မိုးတွေကြားကနေ ကြယ်ကလေးတွေကို လှမ်းမြင်ရတယ်။ အဲဒါကြောင့် ငါ ကြယ်လေးတွေကို သံယောဇဉ်တွယ်ခဲ့တာလား မသိဘူး"

"အဟင်း . . ."

"ဒါနဲ့ ငရဲ . . . နင် ရည်းစားထားဖူးလား"

"ဟင့်အင်း . . . နင်ကော"

ကိုယ်ပြန်မေးတော့ သူ ခေါင်းခါပြတယ်။

"မထားဖူးပါဘူး။ ဒါပေမဲ့ နောက်ကနေ သူများလိုက်တာတော့ ခံရဖူးတယ်လေ။ ကိုးတန်း၊ ဆယ်တန်းလောက်တုန်းက ငါ့နောက်ကို သူများလိုက်လာပြီဆိုရင် ငါ့အစ်ကိုက အဲဒီလိုက်လာတဲ့သူတွေကို ဆွဲထိုးကြိတ်ပစ်တာပဲ။ ပြီးတော့ ငါ့ကိုလည်း ဆူတယ်။ ငါဖြင့် ငိုရတာ ခဏခဏပဲ။ နောက်ပြီး ငါ့ကိုဆူပြီးရင် ငါ့အစ်ကိုကလည်း ငိုတယ်ဟ။ အဲဒီတုန်းက ငါတို့က အရမ်းဆင်းရဲတာလေ။ ဒါကြောင့် ငါ့အစ်ကို သူ့ညီမကို ငွေမရှိလို့ လိုက်တိုင်းရမယ်ထင်ပြီး လိုက်တာလို့ထင်တယ်။ ဘယ်ကောင်မှမထိရဘူး။ ထိရင် အသေပဲလို့ ကြုံးဝါးထားတာ"

". . ."

"ငါ ဆယ်တန်းမပြီးခင်မှာပဲ အဖေဆုံးတယ်။ ကုရင်ပျောက်တဲ့ရောဂါဆိုပေမယ့် မကုတော့ မပျောက်ဘူးပေါ့လေ။ ပိုက်ဆံမရှိလို့ မကုနိုင်ခဲ့တာပါ။ အဲဒီလိုနဲ့ အဖေဆုံးသွားတာ။ အဲဒီမှာပဲ ငွေမရှိတဲ့ဘဝကို ငါ့အစ်ကို တော်တော်နာကြည်းသွားတယ်။ ချမ်းသာအောင် နည်းမျိုးစုံနဲ့ ကြိုးစားတယ်။ ချမ်းသာလာတော့လည်း ငါ့ကို ကြိုက်ကြလိုက်ကြတဲ့သူတွေကို ဆွဲထိုးရိုက်ပုတ်ပြန်ရော။ ဒီတစ်ခါကျတော့ နောက်ခံစည်းစိမ်တွေကို မက်လို့ သူ့ညီမကိုကြိုက်ကြတာလို့ မြင်လာပြန်တယ်လေ"

ဒါလည်း စိတ္တဇတစ်မျိုးပဲလို့ ကိုယ့်စိတ်ထဲက ရေရွတ်လိုက်မိသေး။



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါကြောင့် ငါ့ကို နေရာတကာ ချုပ်ချယ်တယ်။ ကျောင်းတက်ခါနီးမှ ကျောင်းကိုပို့တယ်။ အတန်းဆင်းပြီး ငါးမိနစ်အတွင်း လာကြိုတဲ့ကားဆီမရောက်ရင် ငါ အဆူခံရတယ်။ အိမ်ထဲက အိမ်အပြင်လည်း မထွက်ခိုင်းဘူး။ အိမ်အောက်ခြံထဲဆင်းရင်တောင် အကျိုးသင့်အကြောင်းသင့် ရှင်းပြနေရသေးတာလေ"

သူ့စကားတွေက ကိုယ့်ကို မီးနီပြလိုက်သလိုပဲ။

"ဒါ . . . ဒါဆို နင့်အစ်ကိုခွင့်မပြုရင် နင်ဘာမှ မလုပ်တော့ဘူးပေါ့။ ကိုယ်ချစ်တဲ့သူနဲ့ကြုံရင်လည်း ပိုင်ဆိုင်ဖို့ မကြိုးစားတော့ဘူးပေါ့ . . . ဟုတ်လား"

"အင်းပေါ့ . . . ။ အခြေအနေက ဒီအတိုင်းဖြစ်နေတာကိုး။ ငါရည်းစားထားလို့ မပျော်ရသေးခင်မှာပဲ ငါ့အစ်ကိုက ပူဆွေးနေရမှာဟ။ နောက်ပြီး သူက ဒီလိုချမ်းသာလာအောင် တော်တော်ရင်းနှီးကြိုးစားခဲ့ရတာ။ဟ။ ငါ့တို့မိသားစုအတွက် အဘက်ဘက်ကငဲ့ပြီး ဒုက္ခတွေအားလုံးကို ရင်ဆိုးခံခဲ့တာ။ ငါ့အစ်ကို သနားပါတယ်။ ဒါကြောင့် သူစိတ်မချမ်းသာရင် ငါဘာမှ မလုပ်ချင်တော့ဘူး။ ရည်းစားမထားနဲ့ဆိုလည်း မထားတော့ဘူးပေါ့နော်"

ကိုယ် . . . ကိုယ် ဘာဆက်ပြောရမှန်း မသိခဲ့ဘူး။ ကိုယ် ဒီအချိန် ဖွင့်ပြောသင့်လား၊ နှုတ်ပိတ်ပြီးပဲ ကြိတ်ငိုနေသင့်သလား။ ဘယ်လိုလုပ်ရမလဲ။ ဝေခွဲမရဘဲ နာကျင်ရှုပ်ထွေး . . .

"ရှီး . . . ဖောင်း . . .

ဒိုင်း . . . ဖောင်း . . . ဖောင်း . . . "

အိမ်အပေါ်ထပ် ဝရန်တာကနေ သူငယ်ချင်းတွေက မီးရှူးမီးပန်းလှမ်းဖောက်လိုက်တာပါ။

ကောင်းကင်အထက် တစ်စုတစ်စည်းထဲ ထိုးတက်သွားပြီးမှ ဖွားခနဲကျဲဖြာပြီး ပြန်လာတဲ့မီးစတွေ။

ဟေး . . . လို့ သူငယ်ချင်းတွေက လှမ်းအော်ပြီး လက်လှမ်းပြတယ်။ သူတို့ကတော့ ကိုယ်ဖွင့်ပြောပြီးပြီလို့ ထင်နေမှာပဲ။



သူကလည်း သူငယ်ချင်းတွေကို ပျော်ရွှင်စွာ ပြန်လက်လှမ်းပြနေတယ်။

ကိုယ်ပဲ မပျော်ရွှင်ခဲ့ရပြီ။ မီးရှူးတွေက ကိုယ်ရဲ့ဆွံ့အ,ပွဲတော်အတွက် ဂုဏ်ပြုနေသလို၊ နေခြည် ငါနင့်ကို . . . နေခြည် ငါ နင့်ကို စိတ်ထဲမှာတောင် စကားလုံးတွေက ပြာနှမ်း၊ နှုတ်ခမ်းဖျားရောက်ပြီးမှ လာလမ်းအတိုင်း ပြန်လျှောကျသွား၊ ငါ့စကားလုံးတွေ နာဖျားသွားပြီ။

ပြောရင်ကောင်းမလား၊ မကောင်းဘူး။ ခုနက သူ့သဘောထားတွေကို အကုန်ပြောပြီးပြီပဲ။ ဘာလိုချင်သေးလို့လဲ။ အခန့်မသင့်ရင် အမုန်းများရသွားမလား။

"ငရဲ . . . မီးရှူးလေးတွေကိုကြည့် . . . လှတယ်တွေ့လား"

မီးရှူးပန်းလေးတွေကို ကြည့်ပြီး သူပျော်နေရဲ့။

စကားလုံးများစွာကို ဖျာတစ်ချပ်လို ခေါက်သိမ်းပြီး ကိုယ်ခေါင်းငုံ့နေလိုက်တယ်။

ဟေးခနဲအော်ပြီး သူငယ်ချင်းတွေ ပြေးဆင်းလာခဲ့တယ်။ ကိုယ်တို့အနားမှာ ပျော်ပျော်ရွှင်ရွှင် နေရာယူဝင်ထိုင်ကြတယ်။ စကားတွေ ဖောင်ဖွဲ့ကြတယ်။ ကိုယ်မပါတော့ဘူး။ ပုံပြင်ပြောတမ်း ကစားမယ်လို့ တစ်ယောက်ကပြောတယ်။ ငါပြောပြမယ်ဆိုပြီး တစ်ယောက်က ထတယ်။ ကျန်တဲ့သူတွေက နားထောင်ဖို့ပြင်တယ်။ ကိုယ်မပါတော့ဘူး။ တစ်ယောက်နဲ့တစ်ယောက် သစ်သီးချိုလေးတွေ ခွံ့ကျွေးကြသေးတယ်။ ကိုယ်မပါတော့ဘူး။ ကိုယ်မရှိတော့ဘူး။ ကိုယ် အဝေးကြီးကို လွင့်သွားပြီ။

ကိုယ့်အိပ်မက်ကို ဘယ်သူတွန်းလှဲလိုက်သလဲ။

နာရီအတော်ကြာတဲ့အထိ မှုမပျက်အောင် ပြုံးနိုင်ခဲ့ရဲ့လား။ ကိုယ့်ကိုယ်ကိုယ်လည်း မသိဘူး။

"ဟယ် . . . ဟိုမှာ ဘာတွေလဲ"

"အေး . . . ဘာတွေလည်း မသိဘူး"

အဝေးကောင်းကင်ရဲ့ ထောင့်စွန်းမှာ အလင်းတွေ အိုင်ဖွဲ့လာပြီ။



www.burmeseclassic.com

www.burmeseclassic.com

"ကြယ်မိုးရွာတာ အဲဒါ ကြယ်မိုးရွာတာပဲနေမှာ"

"အင်း . . . လှတယ်၊ သွားကြည့်မယ်"

ဆိုပြီး ဒီထက်နီးနီး မြင်ရမယ့်နေရာကို ပြေးကြည့်ကြတယ်။ သူနဲ့ကိုယ့်ကိုပဲ ချန်ထားခဲ့တယ်။

သူက ကိုယ့်ကို သတိထားမိသလိုနဲ့ . . .

"ငရဲ . . . ဘာဖြစ်နေတာလဲ နေမကောင်းလို့လား"

"မဟုတ်ပါဘူး ပျော်နေတာပါ"

"ဟွန်း . . . ပျော်တဲ့ရုပ်ကြီးကလဲ"

"တကယ်ပျော်တာပါ။ နင်နဲ့အတူ ဒီကြယ်မိုးတွေအောက် အတူရှိရတာ ငါတကယ်ပျော်တယ်"

ကိုယ်ပျော်တယ်လို့ ညာပြောတော့ သူပြုံးပါတယ်။ ကြယ်မိုးရွာနေတဲ့ ကောင်းကင်ကိုလည်း မော့ငေးကြည့်တယ်။

အားလုံးဝိုင်းကြည့်နေတဲ့ ကောင်းကင်ထောင့်စွန်းဟာ အနီတစ်ဝက် အပြာတစ်ဝက် လင်းနေရဲ့။ အမှုန်အဝါးအစက်အပြောက်လေးတွေလိုလိုလည်း လှမ်းမြင်ရတယ်။ ကစဉ့်ကလျားအရောင်တွေနဲ့ အလင်းတွေပြန့်ပွားနေပုံက လှပါရဲ့။ ငါ့ရင့်မှာသာလေ . . . ။



# (၁၁)

"တောက်"

ကိုယ် တောက်ကို ထိန်းထိန်းသိမ်းသိမ်း ခေါက်လိုက်ရတယ်။ ကိုယ်ကြည့်နေတာ ကြာပြီ။ အဲဒီ မရိုးသားတဲ့မျက်လုံးကို။

သူနဲ့ကိုယ်က ခါတိုင်းလို မြို့ထဲက စာကြည့်တိုက်တစ်ခုထဲကို ရောက်နေတာပါ။ ဒီစာကြည့်တိုက်က ကိုယ်လာနေကျ စာကြည့်တိုက်တော့ မဟုတ်ဘူး။ ဒါကြောင့် ကိုယ်နဲ့ သိပ်မရင်းနှီးဘူး။

အဲဒီမှာတွေ့တာပဲ။

သူကတော့ ဒီအတိုင်းပဲ စာအုပ်ရွေးလိုက်၊ စာမြည်းသဘောမျိုးဖတ်လိုက် လုပ်နေတာပါ။ ဒါပေမဲ့ မရိုးသားတဲ့ မျက်လုံးတစ်စုံကိုတော့ ကိုယ်တွေ့လိုက်ရတယ်။ သူ့ကို လှမ်းလှမ်းကြည့်နေတဲ့ လူတစ်ယောက်။ တခြားသူမဟုတ်ဘူး။ စာကြည့်တိုက်တာဝန်ခံ အသားမည်းမည်းနဲ့လူ။

သူ့မျက်လုံးကြီးနဲ့ နှာခေါင်းကြီးက ဆီဝဝသုတ်ထားသလိုပဲပြောင်ရွှဲလို့။ အဲဒီပုံကြီးနဲ့ နေခြည့်ကို အာသာငမ်းငမ်းကြည့်နေတာ။ ကိုယ်မခံနိုင်ဘူး။ ဘယ်လိုမှ သဘောထားမကြီးနိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

"နေခြည်"

သူက ထိုင်နေလျက်မို့ မော့ကြည့်ရတယ်။

"ထ . . . လာ ပြန်မယ်"

"ဟင် . . . ဘာဖြစ်လို့လဲ"

"ပြန်မယ်လို့ . . . လာ . . . လာ"

ကိုယ် ပြောပြောဆိုဆိုပဲ သူ့လက်ကိုဆွဲပြီး သူ့ကိုထူလိုက်တယ်။ နောက်ပြီး စာကြည့်တိုက်ထဲက သွက်သွက်ထွက်ခဲ့တယ်။ ဒါပေမဲ့ အဝင်ပေါက်နားမှာ ဟိုတာဝန်ခံနှာဘူးကြီးနဲ့ တွေ့သေးတယ်လေ။

"ညီမလေး စာအုပ်ရွေးလေ မငှားတော့ဘူးလား"

"မငှားဘူးဗျာ"

ကိုယ်ကပဲ ဝင်အော်ဖြေလိုက်တယ်။ သူကလည်း ကိုယ့်ကိုကျော်ပြီး နေခြည့်ကိုပဲပြောတယ်။ နှာခေါင်းမည်းပွပွကြီးက အရောင်တွေပြောင်နေတယ်။

"ဘာလဲ . . . ညီမလေးက လိုချင်တဲ့စာအုပ် မတွေ့လို့လား။ ဒါဆို မှာခဲ့လေ၊ ကိုယ်ရှာပေးမယ်။ မိတ်ဆွေတွေဆီကလည်း စုံစမ်းပေးပေး . . . "

"မလိုပါဘူး။ ခင်ဗျားနှာခေါင်းကိုသာပြင်ထားပါ"

"အမ်"

ကိုယ် နေခြည့်လက်ကိုဆွဲပြီး ထွက်ခဲ့တယ်။ ဟိုလူကတော့ ကိုယ့်နှာခေါင်းကိုစမ်းရင်း ကျန်ခဲ့မှာပါ။

အသားယူတာမျိုးလည်း မဟုတ်ပါဘူး။ ပိုင်စိုးပိုင်နင်းဖြစ်သွားရင်လည်း ကိုယ်က တောင်းပန်ရမှာပဲ။ ခပ်ဝေးဝေးရောက်လာတဲ့အထိ သူ့လက်ကိုလွှတ်ပေးဖို့ ကိုယ် မေ့လျော့နေခဲ့တယ်လေ။

သူက ကိုယ့်ကို နားမလည်သလို မော့ငေးပြီးမေးတယ်။

"ဘာ . . . ဘာဖြစ်လို့လဲ ငရဲ"

ဘာမှမဖြစ်ဘူးလို့ ဖြေလို့မှမရတာ။ ကိုယ် တစ်ခုခုဖြစ်ခဲ့ပုံက သိသာနေပြီပဲ။ ကိုယ့်ဒေါသကလည်း အခုထိ မပြေသေးဘူးလေ။



"ဟိုလူကြီးကို ကြည့်မရလို့"

"စာကြည့်တိုက်အစောင့်ကိုလား ဘာဖြစ်လို့လဲ"

ဘယ်လိုဖြေရမလဲ ကောင်မလေးရယ်။ သူ့ကိုကြည့်ပြီး စိတ်ထဲက နှုတ်ခမ်းကိုက်နေမိတယ်။ ချစ်သူကိုရှေ့မှာထားပြီး ချစ်စကားကို နှုတ်ပိတ်နေရတဲ့ဘဝ နာတယ်။ နင့်ကိုချစ်တယ်မပြောတာ နင့်ကိုချစ်လို့ပါလို့ ငါ အော်ပြောချင်နေတယ်။

သူက ကိုယ့်မျက်လုံးကို ငေးနေပါသေးတယ်။ ဒါပေမဲ့ သူမခံနိုင်လို့ လွှဲသွားတယ်။

"ဟင် . . . "

သူ့ အာမေဍိတ်သံ။

သူလှမ်းမြင်လိုက်တာက မီးနီလို့ ရပ်စောင့်နေတဲ့ ကားတစ်စီးကို။

"ငါ့ . . . ငါ့အစ်ကိုရဲ့ကားပဲ"

"ဘာ . . . "

ကားပေါ်က သူ့အစ်ကိုကလည်း လှမ်းမြင်သွားခဲ့ပြီ။ ကားပေါ်ကနေ သူ့အစ်ကိုရဲ့တပည့် သုံးလေးယောက်ကလည်း ဆင်းလာပြီ။

"လာ . . . နေခြည် ထွက်ပြေးမယ်"

"အင်း . . . "

တွေဝေနေဖို့ အချိန်မရဘဲ ကိုယ် သူ့လက်ကိုဆွဲပြီး ပြေးထွက်ခဲ့တယ်။ ဘယ်ပေါက်ပေါက်၊ ဘယ်ရောက်ရောက်၊ လိုက်ဖမ်းမယ့်သူတွေ လက်ထဲက လွတ်မြောက်ဖို့ အရေးကြီးတယ်။

"ဟေ့ . . . ဟေ့ . . . ရပ်ကြစမ်း"

"ဟေ့ . . . ဟေ့ . . . "

နောက်ကအော်သံတွေကို ကြားပေမယ့် ကိုယ်တို့ ဆက်ပြေးလာခဲ့တယ်။

သူ့လက်ကိုလည်း မလွှတ်ပေးမိဘူး။ တိုက်ကြိုတိုက်ကြားတွေ



www.burmeseclassic.com

www.burmeseclassic.com

ထဲ ဟိုဝင်ဒီထွက်နဲ့။ နောက်လှည့်ကြည့်လိုက်တော့ လိုက်လာတဲ့သူတွေကို မတွေ့ရတော့ဘူး။

"ငရဲ . . . ဟိုမှာ . . . "

နောက်ကလိုက်မလာပေမယ့် ရှေ့က ဘယ်လိုလုပ်ရောက်နေပါလိမ့်။

"လာ . . . ဒီဘက်လမ်းကိုသွားမယ်"

ဘကယ့် တိုက်နောက်ဖေးလမ်းကြား ကျဉ်းကျဉ်းလေးတွေဘက်ရောက်ခဲ့တယ်။ နောက်ကလိုက်လာတဲ့သူတွေလည်း မျက်ခြည်ပြတ်သွားတဲ့ပုံပဲ။ လိုက်လာတာ မတွေ့ရတော့ဘူး။

"နေခြည် . . . ဖမ်းမိသွားရင် နင့်အစ်ကိုက ဘာလုပ်မှာလဲ"

"ငါဘာမှမလုပ်နိုင်အောင် လုပ်လိမ့်မယ်ထင်တယ်"

မိုးရိမ်စိတ်နဲ့ သူ့အသံက တုန်ယင်နေတယ်။

"လာ . . . လာ . . . ဒီဘက်လမ်းကပြေးမယ်"

ဘေးဘီကို သတိနဲ့ကြည့်ပြီး ကိုယ်တို့ တစ်လမ်းဝင်တစ်လမ်းထွက် လျှောက်ခဲ့ရတယ်။

ကျဉ်းမြောင်းပြီး အမှောင်အားကောင်းတဲ့ လမ်းတစ်ခုမှာတော့ ကိုယ်တွေ့လိုက်ရတယ်။

"ဦးလေးဂစ်တာ"

ဟုတ်တယ် . . . ကိုယ် ဦးလေးဂစ်တာကို တွေ့လိုက်ရတာ။

"လာ . . . နေခြည် အဲဒီဦးလေးအနား သွားပုန်းနေမယ်"

ကိုယ်တို့ ဦးလေးဂစ်တာအနား သွားထိုင်လိုက်ကြတယ်။ အသံတွေကြားတော့ ဦးလေးဂစ်တာက ဂစ်တာကြိုးညှိနေရာမှ လှည့်ကြည့်တယ်။ မမြင်ရဘဲ လှည့်ကြည့်တာပါ။

"ကျွန်တော်ပါ ဦးလေးဂစ်တာ"

ကိုယ့်အသံကို ချက်ချင်းမှတ်မိသွားတယ်။

"ဩော် . . . ကောင်လေးပဲ မဆုံတာကြာပေါ့ . . . ဟား . . . ဟား . . . "



ဦးလေးဂစ်တာက ဝမ်းသာအားရ ရယ်မောတယ်။ နေခြည်က ကိုယ့်အနားတိုးကပ်လာပြီး . . .

"နင်က ဒီလိုမျိုးလည်း ခင်မင်တတ်တာပဲနော်" တဲ့။

သူ့အသံကို ဦးလေးဂစ်တာကလည်း ကြားသွားပါတယ်။

"အဟား . . . ဟား . . . ကောင်မလေးပါ ခေါ်လာတယ်ပေါ့။ ဟိုတစ်ခါမင်းပြောတဲ့ ကြယ်တွေကိုချစ်တဲ့ ကောင်မလေးလား"

"ဟင် . . . နင် ငါ့အကြောင်းတွေ ပြောပြထားတာလား"

"အင်း"

ဦးလေးဂစ်တာက ရယ်တယ်။

"အသံကြားရတာတော့ သိပ်လှတဲ့ကောင်မလေး ဖြစ်မယ့်ပုံပဲ။ ကောင်လေးရေ . . . မင်းနဲ့တော့ သိပ်လိုက်ဖက်လိမ့်မယ်။ ကောင်းတယ် ကောင်းတယ် . . . ခိုင်မြဲအောင် ကြိုးစားကြ။ ဟုတ်လား"

ဦးလေးဂစ်တာက သူထင်တာတွေပြောတော့ ကိုယ်တို့ နေရထိုင်ရခက်ရတာပေါ့။

ဦးလေးဂစ်တာရဲ့နေရာက လုံခြုံတဲ့ပုံပါပဲ။ သံချေးတက်နေတဲ့ ရေပိုက်လိုင်းတုတ်တုတ်ကြီးတွေရယ်၊ ဂုံနီအိတ်စုတ်ကြီးတွေရယ်နဲ့ ဟောင်းမြည့်ရှုပ်ထွေးနေတော့ ကိုယ်တို့အတွက် ပိုလုံခြုံနေသလိုပဲ။

"နေခြည် . . . ငါတို့ ဒီမှာ ခဏပုန်းနေကြမယ်"

"အင်း . . . အင်း . . . "

ဦးလေးဂစ်တာ ကြိုးညှိလို့ပြီးသွားတဲ့ပုံစံနဲ့ ဂစ်တာကို ထောင်ကိုင်လိုက်ပြီး . . .

"ကောင်လေး . . . သီချင်းအသစ်ရှိတယ်ကွ"

"ဟုတ်လား . . . ဒါဆိုလုပ်လေ နားထောင်ရတာပေါ့"

"မင်းကောင်မလေးကကော နားထောင်ချင်ပါ့မလား"

"ဟာ . . . နားထောင်ချင်ပါတယ်။ သမီးက သီချင်းလည်း ကြိုက်တယ်"

"အိုကေ . . . ဒါဆို စလိုက်ကြစို့"



www.burmeseclassic.com

www.burmeseclassic.com

ဂစ်တာကော့ဒ်တစ်ကွက်ကို အသားတကျ ဖိလိုက်ပြီးမှ ဦးလေးဂစ်တာက လက်ခတ်ဖြည်းဖြည်းလေးတစ်ချက် ရိုက်ခတ်လိုက်တယ်။

အဲဒီနောက် သံစဉ်အေးအေးလေး ပျံ့ဝေလာပါတော့တယ်။ ဒီလို ချောင်ကြိုချောင်ကြားလမ်းကလေးနဲ့ လွမ်းမောအားငယ်ဖွယ် တေးသွားလေးက မလိုက်ဖက်သလိုပဲ။

သူက ကိုယ့်ကိုငေး၊ ကိုယ်က သူ့ကိုငေး။ နီးနီးလေးနဲ့ ဘာလို့ ဝေးနေရတာလဲလို့ တစ်ယောက်ယောက်ကို အော်မေးချင်နေမိ။ မခွာတမ်း၊ မခွဲတမ်း ငေးနေမိကြပြီ။

သီချင်းစာသားတွေကလည်း တစ်မျိုးပဲ။

"ငါတစ်ယောက်တည်း . . . စကားတွေနည်း . . . အဝေးကို ငေးလို့ အတွေးပိုနေဆဲ . . . ဘာကြောင့်လဲ . . . မသိနိုင်ပေမယ့် . . . အမှောင်ဟာ တဖြည်းဖြည်းအေးခဲလာ . . . ဒီမှာငိုချင်သူကို လက်တို့ကြတော့မလား . . .

ဘယ်သူမှလက်ဆောင်မပေးဘူး ငါ့ကိုအားလုံးဘေးဖယ်ခဲ့ကာ အဝေးသို့ထွက်သွား . . . ခံစားရတယ် . . . ဟိုအဝေးကကြယ်ရေ . . . ငါကိုဆွဲယူပါ . . . "

သီချင်းဆုံးတော့ ကိုယ်တို့ တစ်စုံတစ်ရာကို စို့စို့နစ်နစ် ခံစားသွားရသလိုပဲ။ လက်ခုပ်လည်း တီးလိုက်ကြတယ်။

"ဦးလေးသီချင်းက အရမ်းကောင်းတာပဲ "

သူကချီးကျူးတော့ ဦးလေးဂစ်တာက ရယ်တယ်။

သီချင်းလည်း ဆုံးပြီ။ အိမ်လည်း ပြန်ရတော့မယ်။

"ငရဲ . . . ငါတို့ပြန်ရအောင် "

"အင်း . . . ပြန်ကြစို့"

ဦးလေးဂစ်တာရဲ့လက်ထဲကို တစ်ထောင်တန်တစ်ရွက် ထည့်ပေးရင်း သူက . . .

"ဦးလေး . . . အားရှိတာ ဝယ်စားနော်။ သမီးတို့ပြန်တော့မယ်"



"အေး . . . အေး . . . ဖြည်းဖြည်းပြန်ကြ။ နောက်ကြုံရင်လည်း သီချင်းကောင်းကောင်းလေးတွေ ဆိုပြဦးမယ်"

"ဟုတ်ကဲ့ . . . ဦးလေး၊ သမီးလည်း နားထောင်မှာပါ"

ကိုယ်လည်း ဦးလေးဂစ်တာကို နှုတ်ဆက်လိုက်တယ်။

အဲ့ဒီနောက် ကိုယ်တို့ ဒီတိုက်နောက်ဖေး လမ်းမြောင်လေးထဲက ထွက်ခဲ့တော့တယ်။ ဘာစကားမှလည်း မပြောဖြစ်ကြပဲပေါ့။

ဒီတစ်ခါ အိမ်ပြန်ချိန်က ကိုယ်တို့နှစ်ဦးလုံးအတွက် ခက်ခဲခြောက်သွေ့နေခဲ့တယ်။

"သာမန်မျက်စိနဲ့ကြည့်ရင် ကြယ်တွေ(၃၀၀၀) လောက်ကို မြင်ရတယ်တဲ့။ ငါတို့အနာဂတ်တွေကိုလည်း အဲဒီလောက်များများစားစား မြင်ရရင် ကောင်းမှာနော်"

သူ့စကားသံက အားလျော့နေတယ်။ ကိုယ်ဘာမှ ပြန်မပြောဖြစ်ဘူး။ စိတ်ထဲမှာတော့ ဓားတစ်ချောင်းကို မာန်မဲမျိုနေတဲ့ မြွေဆိုးတစ်ကောင်ကိုသာ ညှို့ဖျင်းတဲ့ နိမိတ်ရှိုင်းတစ်ခုအဖြစ် မြင်ယောင်နေမိတယ်။ အဲ့ဒီမြင်ယောင်မှုကိုပဲ ကိုယ့်ဘာသာကိုယ်ပယ်ဖျက်ပြီး လေးလံနေတဲ့ ခြေလှမ်းတွေနဲ့ပဲ ဆက်လျှောက်ခဲ့တယ်။

လမ်းကလေးရဲ့အဆုံးမှာတော့ . . .

"ခွပ် . . . "

အဲဒီအသံနဲ့အတူ ကိုယ် နောက်ကို လန်ကျသွားတယ်။

မူးဝေလွန်းလို့ ခေါင်းကိုယမ်းပြီး အမြင်ကြည်အောင် ပြန်ကြည့်လိုက်တော့မှ သူ့အစ်ကိုနဲ့ သူ့တပည့်တွေကို တွေ့လိုက်ရတယ်။

ဒီတော့မှ ကိုယ့်ကို တိုက်ခိုက်လိုက်သူဟာ သူ့အစ်ကိုရဲ့တပည့်တစ်ယောက်ပဲလို့ သိလိုက်ရတယ်။

သူက ကိုယ့်ရှေ့က လက်တွေဆန့်ဖြန့်ကာရင်း . . .

"ကိုကို . . . သူ့ကို ဘာမှမလုပ်ပါနဲ့။ သူ့ကို မလုပ်နဲ့နော်"

သူ့အစ်ကို တည်တည်ငြိမ်ငြိမ်ရှိလှတယ်။ အဲဒီလိုပဲ စူးရှ[illegible] လည်းရှိလှတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ညီမလေး . . . ဖယ်နေပါ။ သူ့ကို ဘာမှမလုပ်ပါဘူး။ ကိုကို လူကြီးလူကောင်းတစ်ယောက်အနေနဲ့ပဲ ရှင်းမှာပါ"

သူက ကိုယ့်ရှေ့က ခွာမသွားပါဘူး။ သူက ကိုယ့်ကို စိုးရိမ်နေသလို ကိုယ်ကလည်း သူ့အတွက်ပဲ စိုးရိမ်နေမိတယ်။

"အစ်ကို ကျွန်တော်တို့က သူငယ်ချင်းတွေ . . . "

"သူငယ်ချင်းတွေဆိုရင် ဘာလို့ သူ့လက်ကို ကိုင်ရတာလဲ။ ပြီးတော့ တခြားသူငယ်ချင်းတွေနဲ့ အတူမရှိဘဲ ဘာလို့ မင်းတို့နှစ်ယောက်တည်းမှ အတူရှိနေရတာလဲ"

စာကြည့်တိုက်က အထွက် စိတ်တိုတိုနဲ့ သူ့လက်ကိုဆွဲကိုင်လာမိတာ မီးပွိုင့်နားအထိ မလွှတ်ဖြစ်ခဲ့ဘူး။ ဒါကို သူ့အစ်ကိုမြင်သွား . .

"ညီမလေး . . . လာခဲ့ပါ။ ညီမလေးသာ ကိုကို့စကားနားထောင်ရင် ညီမလေးသူငယ်ချင်းကို ဘာမှမလုပ်ဘူး။ ဒီလိုမှမဟုတ်ရင် ခပ်ကြမ်းကြမ်းအပြုအမူတွေနဲ့ ဘယ်သူ့အတွက်မှမကောင်းတဲ့ ရလဒ်တွေ ထွက်ကုန်မယ်နော်"

သူ့အစ်ကိုရဲ့တပည့်တွေကလည်း ကိုယ့်ကို သတိနဲ့ကြည့်နေကြတယ်။

"ငရဲ . . . ပြန်တော့။ ငါလိုက်သွားတော့မယ်"

ကိုယ် သူ့ကို စိတ်မချဘူး။ ဒါကို သူသိတယ်။

"သွား . . . သွား . . . ငရဲ၊ ငါ့ကိုစိတ်ချသွား"

ကိုယ့်ကို သွားခိုင်းပေမယ့် သူက အရင်ထွက်ခွာသွားတာပါ။

"ခဏလေး . . . ညီမလေး၊ သူ့ကိုနှုတ်ဆက်လိုက်ပါဦး"

"ဟင်"

သူ့အစ်ကို ကိုယ့်ကို သူနဲ့နှုတ်ဆက်ခိုင်းနေတယ်။ ဘာကြောင့်လဲ။

"နှုတ်ဆက်လိုက်ပါ။ ဘယ်တော့မှ ပြန်မတွေ့ရတော့မှာဆိုတော့ နှုတ်ဆက်သင့်တယ်"



သဘောက သူနဲ့ကိုယ် ထပ်တွေ့စရာ အကြောင်းမရှိတော့ဘူးဆိုတဲ့သဘောပေါ့လေ။ ဟင့်အင်း . . . ဒါဆို နှုတ်မဆက်နိုင်ဘူး။

ကိုယ့်လိုပဲ သူလည်း ခေါင်းယမ်းတယ်။ သူလည်း နှုတ်ဆက်ဖို့အားမရှိဘူး။

"ကောင်းပြီလေ . . . မင်းတို့နှုတ်မဆက်ချင်လည်း ပြန်တွေ့ခွင့်တော့ မရှိတော့ဘူး"

သူ့ကိုချုပ်ကိုင်ပြီး ကားပေါ်ခေါ်သွားပြီ။ ကိုယ်လိုက်တားချင်ပေမယ့် မဖြစ်နိုင်ခဲ့ဘူး။ သူ့အစ်ကိုရဲ့တပည့်တွေက ကိုယ့်ကိုဖမ်းချုပ်ပြီး တွန်းပစ်ခဲ့တယ်။ ကားထွက်သွားတဲ့အချိန်ဟာ ကိုယ်လဲနေရာက ပြန်ထနေချိန်ပေါ့။

ကားထွက်သွား . . . ကိုယ်ကျန်ခဲ့ရ . . .

ကျန်ခဲ့သူက ခြေသံတွေ ပိုပြီးကြားပါရဲ့ . . . မိန်းကလေးရယ်။



www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

"ဘာ . . ."

"ဒါဆို ပြဿနာတွေ ရှုပ်ကုန်ပြီပေါ့"

အခုမှသိတဲ့ အေးမွန်တို့လည်း ခေါင်းကုတ်ကုန်တယ်။

ကိုယ်လည်း စိတ်တွေရှုပ်ထွေးနေတယ်။ ပြဿနာကို ဘယ်လို ရှင်းရမလဲ။

မော်ကြီးတို့ ကျော်ကျော်တင့်တို့ပါ ထိုင်မရထမရ စိတ်ပူနေကြပြီ။

ဒီနေ့ သူကျောင်းမလာဘူးလေ။ သူ့အစ်ကိုမလာခိုင်းလို့ပဲ နေမှာ။ သူဘယ်လောက် အကျဉ်းထဲအကြပ်ထဲမှာ ဆူခံဟောက်ခံနေရပြီလဲ။ ဖုန်းဆက်လို့လည်း မရဘူး။

သွေးအေးအေးရှိတဲ့ ဈာန်အောင်ကတော့ . . .

"နည်းနည်းစောင့်ကြည့်ပါဦးကွာ။ သူ့အစ်ကို စိတ်ဆိုးပြေတော့ သူကျောင်းပြန်လာလို့ ရသွားမှာပါ"

ပြဿနာက ဒီလောက်မပေါ့မှန်းသိပေမယ့် စိတ်သက်သာရာရအောင် ဒီအတိုင်းပဲ ဖော့တွေးနေကြရတယ်။ နောက်ဆုံးတော့ ဒါပဲရှိတော့တာမို့လား။ ကိုယ်တို့ ဆက်စောင့်ကြည့်ခဲ့ပါတယ်။

ဒါပေမဲ့ နောက်နှစ်ရက်အထိ သူ ကျောင်းမလာခဲ့ပါဘူး။ သည်းမခံနိုင်တော့ဘူး။ ရင်တွေ ဗလောင်ဆူနေပြီ။ ဒီတော့ ကိုယ်ပဲ သူ့အိမ်ကို ထွက်ခဲ့တယ်။ သူ့အိမ်ခြံဝန်းသံတံခါးကြီးက ခိုင်မာပါတယ်။



အဲဒီတံခါးကြီးကို တဝုန်းဝုန်းလှုပ်ခါပြီး ကိုယ်သူ့ကို အော်ခေါ်နေမိတယ်။ အထဲက တုံ့ပြန်သံပေါ်မလာဘူး။ ဘယ်သူမှလည်း အရေးလုပ်ပြီး ထွက်မလာကြဘူး။ အထဲကိုလှမ်းကြည့်တော့လည်း ဘယ်သူမှ မရှိသလိုပဲ။

"နေခြည်"

သူသာရှိနေရင် ကိုယ့်အသံကြားမှာပါ။ ကိုယ့်အသံကြားရင် သူ ထွက်လာရမှာပေါ့။ ဘာလို့ ထွက်မလာတာလဲ။

သံတံခါးကြီးဟာ ကိုယ့်ရဲ့ရန်သူဖြစ်နေခဲ့ပြီ။ တဝုန်းဝုန်းနဲ့ လှုပ်ခါပစ်နေမိတယ်။

"ရဲထွဋ် . . . ရဲထွဋ် တော်တော့ကွာ၊ စိတ်အေးအေးထား။ မင်းပြဿနာက ဒီလိုရှင်းရမှာ မဟုတ်ဘူးလေ"

ဈာန်အောင်က တားတယ်။

အချိန်အကြာကြီးကြာအောင် သူ့ခြံတံခါးရှေ့မှာ ကိုယ်ပေရပ်နေခဲ့ပါတယ်။ နေသာဝင်သွားတယ်။ သူ ထွက်မလာခဲ့ပါဘူး။

ခြံတံခါးကြီးဘေးနားက တိုင်ကပ်စာတိုက်ပုံး အနီကလေးထဲကိုသာ စက္ကူကြယ်လေးခုနစ်ပွင့် ကိုယ်ထည့်ပေးခဲ့တယ်။ ဒါဆို ကိုယ်ရောက်ခဲ့မှန်း သူသိမှာပါ။

အဆောင်ဟာလည်း စစ်တလင်းပြင်လို့ ကိုယ့်အတွက် နေစရာမကောင်းခဲ့ဘူး။ ပြတင်းပေါက်မှာထိုင်ပြီး ငိုင်နေမိတယ်။

မော်ကြီးတို့ကလည်း အားကိုးရပါတယ်။ သူ့ဖုန်းကို တစ်ညလုံးခေါ်ကြည့်ပေးတယ်။ မရဘူး။ ဥကျန်တို့၊ အေးမွန်တို့ဆီကိုလည်း လှမ်းချိတ်ဆက်မေးတယ်။ မရဘူး။ လုံးဝအဆက်အသွယ်မရဘူး။

သူ ဘယ်မှာလဲ။

ငါတို့ မနှုတ်ဆက်ရသေးဘူးလေ။ ဒါကြောင့် ငါတို့ မဝေးသေးဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့နဲ့ဆိုရင် သူကျောင်းမလာတာ ခြောက်ရက်မြောက်ခဲ့ပြီ။ 'မဝေးဘူး' လို့အမည်ရတဲ့ ကင်န်တင်းထဲမှာ ကိုယ်ဟာထိုင်လို့ ဟိုးအဝေးကြီးကို ငေးနေမိတယ်။

သူငယ်ချင်းတွေ အားလုံးကလည်း ပူပန်နေကြပြီ။ လူချင်းမတွေ့ရင်တောင် အဆက်အသွယ်လေး ရဖို့ကောင်းပါတယ်။

ဥကျန်က သက်ပြင်း ပြင်းပြင်းချပြီး . . .

"ပြောချိန်တန်လို့ ငါပြောရတော့မယ်"

"ဘာကိုလဲ"

"နေခြည်တို့ အိမ်တွင်းရေးကိုပါဟာ။ သူများအိမ်တွင်းရေးမို့ ပြောမကောင်းပေမယ့် အခုတော့ ပြောရတော့မယ်"

" . . . "

"နေခြည်တို့ငယ်ငယ်က အရမ်းဆင်းရဲခဲ့တယ်ဟ။ သူ့အစ်ကို ကြိုးစားခဲ့လို့ ကျိုကျိုတက် ချမ်းသာနေပါပြီ။ ဒါပေမဲ့ ဒီလိုချမ်းသာတာ သွေးရိုးသားရိုးတော့မဟုတ်ဘူး။ သူ့အစ်ကိုက သူဌေးသမီးတစ်ယောက်ကို ရအောင်ယူပြီး ဒီလိုချမ်းသာအောင် ကြံခဲ့တာပဲ"

"ဟင် . . . "

"ဟုတ်တယ် . . . ။ သူ အဲဒီလိုနည်းနဲ့ ချမ်းသာခဲ့တယ်။ ဒါကြောင့် အခုနေခြည်ကို ကြိုက်တဲ့သူ၊ ကြိုးပမ်းလာတဲ့သူတွေကိုလည်း



သူ့လိုပဲ နောက်ခံစည်းစိမ်ဥစ္စာတွေကို တပ်မက်လို့ ကြံစည်တာလို့ပဲ သူမြင်လာတာ"

'ကိုယ့်စိတ်နဲ့နှိုင်း ရိုင်းနေတာပဲ'လို့ မော်ကြီးက မကြားတကြား ရေရွတ်တာ ကိုယ်ကြားပါတယ်။

"အခု သူ့မိန်းမကော ရှိသေးလား"

ကျော်ကျော်တင့်က ဝင်မေးတာပါ။

"မရှိတော့ဘူးလေ။ တကယ်ချစ်လို့ ယူတာမှမဟုတ်တာ ကွဲသွားတာပေါ့။ မိန်းမက သူ့ကိုကွာရှင်းတဲ့အနေနဲ့ တိုက်တွေ၊ ကားတွေ၊ ကုမ္ပဏီတွေ လွှဲပေးပြီး ပြည်ပကို အပြီးထွက်သွားတာတဲ့"

"ကွာရှင်းစာနဲ့ ကြီးပွားနေတာကိုး"

သူတို့ပြောသမျှကို ကိုယ်ကြားပါတယ်။ ဒါပေမဲ့ ကိုယ်သိချင်တာက တစ်ခုတည်းပါ။ သူကိုယ်တိုင်က ကိုယ့်ကို ရှောင်သွားပြီလားဆိုတာကိုပေါ့။

"ငါ သူ့အိမ်ရှေ့ ညနေတိုင်းသွားနေခဲ့တယ်။ ငါ့ကို သူထွက်ကြည့်သင့်တယ်လို့ နင်တို့မထင်ဘူးလား"

သံသယစိတ်တွေလည်း ကိုယ်မှာဝင်နေပြီ။

"အဲဒီလိုတော့ မပြောပါနဲ့ဟာ။ နေခြည် သူ့အိမ်မှာမရှိတာနေမှာပေါ့။ ရှိရင်လည်း ကျော်လွှားလို့မရတဲ့ အတားအဆီးတွေနဲ့မို့ နင့်ကို ထွက်မတွေ့နိုင်တာပဲ နေမှာပေါ့။ အဲဒီအတားအဆီးဆိုတဲ့အထဲမှာ အရေးကြီးဆုံးတစ်ခုက ဘာလဲသိလား"

ကိုယ် ခေါင်းယမ်းပြမိတော့ အေးမွန်က ဆက်ပြောတယ်။

"နင်တို့စိတ်တွေပဲလေ။ နင်တို့ သူငယ်ချင်းဆိုတဲ့စည်းကို ရဲရဲဝံ့ဝံ့ ခုန်ကျော်ပြီးသေးလို့လား။ နင်ဖွင့်မပြောရသေးဘူးလေ။ နင်ဖွင့်မပြောရသေးဘဲနဲ့ နေခြည်က သူ့အစ်ကိုကို ဘယ်လိုရင်ဆိုင်မလဲ။ ကိုယ့်ရည်းစားမဟုတ်သေးတဲ့ လူတစ်ယောက်အတွက် သူ ဘယ်လိုစကားလုံးတွေနဲ့ သူ့အစ်ကိုကို ရင်ဆိုင်ရမလဲ"

အေးမွန်ကစပြီး အပြစ်တင်လိုက်တာနဲ့ အားလုံး ကိုယ့်ကိုဝိုင်း



www.burmeseclassic.com

www.burmeseclassic.com

ပြီး အပြစ်တင်လာကြတယ်။ ဖွင့်မပြောတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ပေါ့။ ကိုယ်ဖွင့်ပြောဖို့ ကြိုးစားခဲ့တဲ့အကြောင်း၊ ဒါပေမဲ့ သူ့ဘဝမှာ သူ့အစ်ကိုရဲ့ဆန္ဒက အဓိကဖြစ်တဲ့အကြောင်းကိုလည်း သူပြောသမျှ ကိုယ်ပြန်ပြောပြလိုက်တယ်။

ဒီတော့မှ သူငယ်ချင်းတွေ ငြိမ်သွားကြတယ်။

ဒါပေမဲ့ စိုးစိုးထွေးက . . .

"ဘာပဲဖြစ်ဖြစ် နင်ဖွင့်ပြောသင့်တယ်လို့ပဲ ငါမြင်တယ် ရဲထွဋ်။ နင်က သူ့အတွက် တခြားလူမဟုတ်ဘူးလေ။ နင်ဟာ သူ့စိတ်ထဲမှာရှိနေပြီးသားလူလေ။ နင် ဒါကို ကြိုသိနေသင့်တာပေါ့"

အားလုံးက စိုးစိုးထွေးစကားကို ထောက်ခံကြပြန်တယ်။ ဈာန်အောင်ကတော့ . . .

"ကဲ . . . ကဲ . . . ငြင်းမနေကြနဲ့တော့။ ငါတို့ တခြားနည်းလမ်း စဉ်းစားကြရအောင်။ စာမေးပွဲက နီးလာပြီ။ နေခြည်မဖြေတော့ဘူးလား . . . အဲဒီပညာရေးအပိုင်းလည်း စဉ်းစားကြဦး"

"သူ့အစ်ကိုကတော့ ဘယ်နည်းနဲ့မှ ကျောင်းဆက်တက်ခိုင်းလောက်မှာ မဟုတ်ဘူး"

သူငယ်ချင်းတွေကိုလည်း ကိုယ် ကျေးဇူးတင်ပါတယ်။ ကိုယ်နဲ့သူ့ကိစ္စကို စိတ်ဝင်တစား သုံးသပ်စိတ်ပူပေးကြလို့ပေါ့။ သူတို့စကားဝိုင်းမှာ ဆက်ရှိမနေချင်တော့လို့ ကိုယ် ထထွက်ဖို့ပြင်လိုက်တယ်။

"ရဲထွဋ် . . . ဘယ်သွားမလို့လဲ"

"သူမရှိပေမယ့် သူပေးထားတဲ့တာဝန်ရှိတယ်လေ။ သူ့ရဲ့ ကြယ်စာတမ်းအတွက် ငါ ဆက်လေ့လာရဦးမှာပေါ့"



သူနဲ့ကိုယ်ရဲ့အကြား တစ်ခုခု မခြားခင်ကတည်းက တစ်ခုခုခြားနေသလိုပဲ။ ထားပါတော့လေ။ ကိုယ်ကတော့ လွတ်လွတ်လပ်လပ်ဝန်ခံချင်နေတုန်း။ သူ့ကို မြတ်နိုးကိုးစားတဲ့အကြောင်းကိုလေ။

ဒါပေမဲ့ သူ့ရှေ့မှာ ဖွင့်ဟဝန်ခံဖို့ မဖြစ်ခဲ့ဘူး။

ဒီနေ့နဲ့ဆို သူနဲ့မတွေ့ရတာ ဆယ့်တစ်ရက်ရှိပြီ။ သူ ကိုယ့်ကိုမတွေ့ဘဲ ဒီလောက်ရက်တွေအကြာကြီး နေနိုင်သလား။ ကိုယ်ကတော့မနေနိုင်လွန်းလို့ ခြေဦးတည့်ရာ လွင့်နေခဲ့တယ်။

ငါ့လက်ခုပ်ထဲမှာ ကြယ်ကလေးခုနစ်ပွင့်။ အဲဒါ နင့်အတွက်ဖြစ်တယ်။ ကိုယ်ရောက်ခဲ့တဲ့လမ်းတွေနဲ့ ကိုယ်လျှောက်ခဲ့တဲ့ ခြေလှမ်းတွေကို ကိုယ်ပြန်မပြောပြနိုင်ခဲ့ဘူး။

လျှောက်ရင်းလျှောက်ရင်း မီးပွိုင့်ကြီးတစ်ခုဆီ ကိုယ်ရောက်ခဲ့တယ်။ မှတ်မိလား ချစ်သူရဲ့။ ဒီလမ်းအလယ်ခေါင်က ရေအိုင်လေးထဲမှာ တို့အတူ ပိုးကောင်ကလေးတွေကို ကယ်ခဲ့ကြတာလေ။ ယာဉ်ထိန်းရဲကြီးလာဖမ်းတော့ တို့အတူ ထွက်ပြေးခဲ့ကြတာလေ။

ကိုယ် ဆက်လျှောက်လာရင်း သစ်ပုလေးတွေဆီကိုလည်း ရောက်ခဲ့တယ်။ ဒီသစ်ပင်ပုလေးတွေအောက်မှာ ကိုယ်တို့ ခဏခဏထိုင်ခဲ့ကြဖူးတယ်။ တစ်ခါကလည်း အဲဒီသစ်ပင်ပုလေးအောက်မှာ သူ စိတ်



www.burmeseclassic.com

www.burmeseclassic.com

ကောက်ဖူးသေးတယ်။ စိတ်ကောက်တဲ့အကြောင်းရင်းကိုတော့ မမှတ်မိတော့ပါဘူး။

သူစိတ်ကောက်တော့ ကိုယ်က ကြံဖန်ချော့ရတာပေါ့။

"နေခြည် . . . စိတ်မဆိုးပါနဲ့ဟာ။ နင်စိတ်ဆိုးတဲ့ပုံကိုကြည့်ပြီး ငါ ဗိုက်ဆာလို့"

"ဘာဆိုင်လို့လဲ"

"နင်စိတ်ဆိုးတဲ့ပုံက ဝက်သားတုတ်ထိုး အဆီတုံးလေးနဲ့တူနေလို့ဟ"

ရယ်ချင်လျက်နဲ့ သူမရယ်ပါဘူး။ ဒါကြောင့် ကိုယ် ထပ်ချော့ရပြန်တယ်။

"ကဲ . . . ကဲ . . . စိတ်မဆိုးပါနဲ့။ ငါ ကဗျာရွတ်ပြမယ်"

"နင့်ဘာသာနင် ရွတ်ချင်ရွတ် မရွတ်ချင်နေ"

"အေး . . . အေး . . . ဒါဆိုရွတ်ပြမယ် နားထောင်"

ဆိုပြီး ကိုယ်ရွတ်ပြလိုက်တယ်။

"ချိုင်း (ဂျိုင်း) မွေးလေးတွေ နှုတ်လိုက်တာ
ချိုင်း (ဂျိုင်း) မွေးလေးတွေ နှုတ်လိုက်တာ
တစ်ပင်မှတောင် မကျန်ဘူးဗျာ
အကုန်လုံး ပြောင်သွားတာ
ဘယ် (ဂျိုင်း) ချိုင်းမွေးရော ညာ (ဂျိုင်း) ချိုင်းမွေးရော
ဟော . . . ဟော . . . ဟော . . ."

(ဂျိုင်း) ချိုင်းကလေးနှစ်ဖက် မြှောက်မြှောက်ပြပြီး ကိုယ်ဆိုပြလိုက်တော့ မနေနိုင်တော့ဘူး သူ ထရယ်ပါတော့တယ်။

ကိုယ့်ကျောကုန်းကိုထုပြီး မေးသေးတယ်။

"ကဗျာနာမည်က ဘာတဲ့လဲ"

"ဂျိုင်းမွေးလေးများ တဲ့"

"ခစ် . . . ခစ် . . . ဘယ်သူရေးတာလဲ"



"ငါရေးတာလေ"

ဒီတော့မှ ကိုယ့်ကို စိတ်ဆိုးပြေခဲ့တာလေ။

အမှတ်ရတဲ့ ငါ့အတွက် သစ်ရွက်တစ်ရွက်ဟာလည်း နေမဝင်ဒိုင်ယာရီပဲ။

သစ်ပင်ပုပုလေးတွေဆီကနွာတော့ ကိုယ် ဘယ်တွေရောက်နေပြီလဲ။ သူ့အိမ်ရောက်ဖို့တော့ လှမ်းသေးတယ်။ ကောင်းကင်ကိုမော့ကြည့်တော့ စောင်းကြိုးလျှော့နေတာကို တွေ့ရတယ်။ မိုးတွေဇွေလာပြီ။

သူ့အိမ်ကို အမြန်သွားရမယ်။ မိုးမိရင် မကောင်းဘူး။

မကောင်းဘူး မိုးက။

သူ့အိမ်မရောက်ခင်ဘဲ သဲကြီးမဲကြီး ရွာလာတယ်။ ထီးမရှိတဲ့ကိုယ့်မှာ မိုးကာအင်္ကျီလည်း မပါဘူး။ အရေးကြီးတာက ကိုယ့်လက်ခုပ်ထဲက ကြယ်ကလေးတွေ မိုးမစိုဖို့ပဲ။

ပလတ်စတစ်အိတ်ထဲ သေချာချည်ပြီး ထည့်သွားရမလား၊ မဖြစ်ဘူး . . . မဖြစ်ပါဘူး။ သူပြောခဲ့တယ်လေ။ နင့်လက်ဖဝါးသက်သက်နဲ့ပဲ ထည့်ခဲ့တဲ့။ သူ့ကိုပေးမယ့်ကြယ်ကို ကိုယ့်လက်ကလွဲပြီး ဘယ်အရာနဲ့မှ အကာအကွယ်မယူစေချင်ဘူး။

အို . . . မိုးတွေက သည်းလိုက်တာ။ လက်ခုပ်ကလေးကို ကျစ်ကျစ်ဆုပ်ပြီး ကြယ်ကလေးတွေကို ရေမစိုဖို့ ကာကွယ်နေမိ။ ကိုယ်ကိုငုံ့ကိုင်းပြီး လက်ခုပ်ကလေးကို ရင်ထဲလျှိုလို့ ကြယ်ကလေးတွေ မိုးမစိုဖို့ ကြိုးစားနေမိ။

သူ့အိမ်ရောက်ဖို့ ဘယ်လောက်လျှောက်ရဦးမှာလဲ။

ဝုန်း . . . ဝုန်း . . . !!!!

ဝေါ . . . ဝေါ . . .

မိုးတွေက ကမ္ဘာဦးတုန်းကလို အတားအဆီးမဲ့ ရွာနေကြပြီ။

အို . . . ချမ်းလိုက်တာ။ သူကော ချမ်းနေမလား။ ကြယ်



www.burmeseclassic.com

www.burmeseclassic.com

ကလေးတွေကော ချမ်းနေမလား။ ကြယ်ကလေးတွေ အခြေအနေဘယ်လိုရှိလဲ။ လက်ခုပ်ကို ဖွင့်မကြည့်ရဲဘူး။ မိုးတွေက သည်းတုန်းလေ။

ရှေ့ဆိုရင် သူ့အိမ်ရောက်တော့မှာပါ။ အိုး . . . ငါ့ခြေလှမ်းတွေက တုန်ခါနေပါလား။ သိပ်ချမ်းနေရှာပြီထင်တယ်။ မိုးကပဲ ရပ်ပေးမလား။ ငါကပဲ သေပေးရမလား။

ဘဝမှာ ဒီတစ်ခါလောက် မိုးစက်တွေကို မုန်းဖူးတာမရှိ။

သူ့အိမ်ရောက်ပြီ။

အနီရောင်စာတိုက်ပုံးကလေးရေ . . . ဒီမှာ ကြယ်ကလေးတွေ ရောက်လာပြီလေ။

လက်ခုပ်ထဲက ကြယ်ကလေးတွေကို ဖွင့်ကြည့်တော့ ပျော့အိစိုဖတ်နေပြီ။ ကြယ်ပုံစံတော့ မပျက်သေးဘူး။ ကိုယ် ဖွဖွရွရွကိုင်တွယ်ပြီး စာတိုက်ပုံးလေးထဲ ထည့်လိုက်တယ်။ ကိုယ်ရောက်ခဲ့ကြောင်း သိပေးပါချစ်သူ။

ပြီးပြီးချင်းပဲ ကိုယ်ခွေယိုင်လဲကျသွားတယ်။ အုတ်နံရံကို မှီပြီး ကိုယ်ချမ်းလို့ တုန်ခါနေတယ်။

ချစ်သူ နင်ဘယ်မှာလဲ။

မိုးသည်းထဲ . . . မိုးသည်းထဲမှာ . . . စက္ကူကြယ်တွေပွင့်၊ စက္ကူလှေတွေမျော။ စက္ကူငှက်တွေပျံလို့ . . . ပါလား။

ကိုယ်လည်း စက္ကူနဲ့ဆောက်တဲ့ လူတစ်ယောက်လို ပျော့အိလွမ်းဆွတ် ခွေယိုင်ညွတ်ကျ ချစ်သူမှမထူရင် မထနိုင်တော့။



## (၁၃)

“ရော့ . . . ရော့ . . . ဂျင်းပြုတ်ရည်လေး သောက်လိုက်”

ကျော်ကျော်တင့်က ကိုယ့်ကို ဂျင်းပြုတ်ရည်ပန်းကန် ကမ်းပေးတယ်။ အခုမှရောက်လာတဲ့ ဈာန်အောင်က . . .

“ဘယ်လိုဖြစ်တာလဲ”

မော်ကြီးက ဝင်ပြောတယ်။

“ဟိုတစ်နေ့က မိုးမိထားတာလေ။ အခုထိ အဖျားမပြတ်သေးဘူး”

ဟုတ်တယ် . . .။ ကိုယ့်အရိုးအဆစ်တွေ ကိုက်ခဲနေတုန်းပဲ။ အဆောင်ထဲမှာ မနေချင်ဘူး။ အပြင်ထွက်ပြီး လမ်းလေးဘာလေးလျှောက်ချင်နေတယ်။ ဂျင်းအင်္ကျီထပ်ဝတ်ပြီး အပြင်သွားဖို့လုပ်တော့ . . .

“ဟေ့ကောင် . . . ဘယ်သွားဦးမှာလဲ”

“ဒီနားလေး ခဏပါ”

သူငယ်ချင်းတွေ ကျွတ်ခနဲ မနိုင်သလို စုတ်သပ်ရင်း ကျန်ခဲ့တယ်။ ဒီနားလေးလို့ပြောခဲ့ပေမယ့် လမ်းမပေါ်ရောက်တော့ မြို့ထဲသွားမယ့်ကားတစ်စီးပေါ် ကိုယ်တက်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

မြို့ထဲရောက်တော့ ညမီးဝါဝါတွေက ကိုယ့်ကို လူမမာတစ်ယောက်လိုလို၊ အသည်းကွဲသမားတစ်ယောက်လိုလို ငုံ့ကြည့်ကြတယ်။ ကားတွေ မျဉ်းဖြောင့်အတိုင်း သွားလာပွက်လောရိုက်နေတဲ့ မြို့လယ်ခေါင် လမ်းမကြီးက လီယိုနာဒိုဒါဗင်ချီရဲ့ ပန်းချီကားတစ်ချပ်လိုပဲ။

ခြေလှမ်းတွေ ယိုင်ခွေယိုင်ခွေဖြစ်နေပေမယ့် ကိုယ် ဆက်လျှောက်နေခဲ့တယ်။ လူတွေကြားတိုးရင်း ပူလောင်လာလို့ ကိုယ် ချွေးတွေထွက်လာတယ်။ ချွေးထွက်ရင်တော့ အဖျားပျောက်တော့မှာပါ။

လျှောက်ရင်းနဲ့ပဲ လမ်းချိုးလေးတစ်ခုအရောက်မှာတော့ . . .

“ဘာပြောတယ် . . . ပြန်ပြောစမ်း”

“ကျွန်တော် . . . ကျွန်တော် မြင်တဲ့အတိုင်း ဟော . . . ဟောတာပါ”

“ဘာမြင်တာလဲ”

ဗေဒင်ဟောတဲ့ကောင်လေးနဲ့ လူတစ်ယောက်နဲ့ စကားများနေတာပါ။ ဗေဒင်ဟောတဲ့ကောင်လေးကို မြင်ရပေမယ့် ရန်လိုနေတဲ့တစ်ဖက်လူကတော့ ကျောပေးထားလို့ မမြင်ရပါဘူး။

“ဟေ့ကောင် . . . သူ တစ်နေ့ ငါ့ဆီပြန်လာမှာကွ”

“ဟုတ် . . . ဟုတ် . . . လာချင်လာမှာပါ”

“လာကိုလာမှာကွ။ မင်းဟောတာ မှားတယ်။ မင်း လူလိမ်”

စကားများရင်းနဲ့ လက်ပါတော့မယ့်ပုံစံ မြင်နေရပြီ။ ရန်လိုနေတဲ့လူနဲ့ ဗေဒင်ဟောတဲ့ကောင်လေးနဲ့က အရွယ်ချင်း ကွာဟလွန်းနေတယ်။ ကိုယ့်ဘာသာကိုယ် ခပ်အေးအေးပဲနေချင်ပေမယ့် အမြင်မတော်လို့ ကိုယ်ဖျန်ဖြေပေးဖို့ ကြံလိုက်တယ်။

ရန်လိုနေတဲ့လူကို ဝင်ဆွဲလိုက်တော့ . . .

“ဟင် . . . ”

“ဟင် . . . မင်း . . . ”

ကိုယ် သူ့ကို အံ့ဩသွားသလို သူကလည်း ကိုယ့်ကို သိပ်အံ့ဩသွားပါတယ်။ ကိုယ် သူ့ကို သိပ်သိတာပေါ့။



“ဒီလိုပါ အစ်ကိုရယ်။ သူ့အမျိုးသမီး အဝေးကိုထွက်သွားတာ ပြန်လာမှာလားဆိုပြီးမေးတာ။ ကျွန်တော်က တွက်ချက်ကြည့်ပြီး ပြန်မလာနိုင်ဘူးလို့ပြောတော့ ကျွန်တော့်ကို ရစ်နေတော့တာပဲ”

“အောင်မာ . . . မင်းကများ”

သူက လက်တစ်ဖက်မြှောက်ပြီး ဗေဒင်ဟောတဲ့ကောင်လေးကို ရိုက်ဖို့ပြင်တော့ အဲဒီလက်ကို ကိုယ်ဖမ်းထားလိုက်တယ်။

သူ ကိုယ့်ကို စူးစူးကြည့်တယ်။

ဒါပေမဲ့ ကိုယ့်အကြည့်က သူ့ထက် ပိုစူးရှနေလိမ့်မယ်။

သူက နေခြည်ရဲ့အစ်ကိုလေ။ ဒါကြောင့် စကားကို အေးအေးဆေးဆေးဖြစ်အောင်လည်း ထိန်းပြောလိုက်တယ်။

“အစ်ကို သိပ်များနေပြီထင်တယ်”

ဟုတ်တယ် . . . ။ သူ သောက်ထားတယ်။

သူ သူ့လက်ကိုပြန်ရုန်းပြီး ခါချလိုက်တယ်။

ကိုယ် ဗေဒင်ဟောတဲ့ကောဇ်လေးကို တစ်ထောင်တန်တစ်ရွက်ထုတ်ပေးပြီး ဒီနေရာက ခဏခွာခိုင်းလိုက်တယ်။

သူက သက်ပြင်းမှုတ်ထုတ်၊ ခပ်ကျဲကျဲရယ်ပြီးမှ . . .

“ငါဘာလို့ လမ်းဘေးက ဗေဒင်ဟောတဲ့ကောင်လေးလောက်နဲ့များ ရန်ဖြစ်နေမိပါလိမ့်။ ဟား . . . ဟား . . . ”

သူ့ဘေးနားမှာ သူ့နောက်လိုက်တပည့်တွေကို မတွေ့ရပါဘူး။ သူ့ကားကိုတောင် ဘယ်နေရာမှာ ပစ်ထားခဲ့လဲမသိဘူး။

သူ ကိုယ့်ကိုကြည့်လာပြန်တယ်။ ကိုယ်နဲ့တွေ့ပြီးမှ သူ နည်းနည်း အမူးပြေသွားသလိုပဲ။

“ဝှစ် . . . ”

ခနဲ ကိုယ်ကို လှမ်းထိုးတယ်။

ကိုယ်မရှောင်ပေမယ့် သူထိအောင် မထိုးနိုင်ခဲ့ပါဘူး။ သူ့ကိုယ်သူတောင် အနိုင်နိုင်ရပ်နေတာမို့လား။

“မင်းကြောင့် ငါ့ညီမလေး ထမင်းမစားဘူးကွ”



www.burmeseclassic.com

www.burmeseclassic.com

သူ အော်ပြောတာပါ။ နေခြည် ထမင်းမစားဘူးဆိုပါလား။

လမ်းသွားလမ်းလာကျဲတဲ့ လမ်းလေးပါ။ ဒါပေမဲ့ ဖြတ်သွားသလောက်လူတွေက ကိုယ်တို့ကို ကြည့်သွားကြသေးတယ်။

"မင်း သောက်တတ်လား"

"နည်းနည်းပါးပါးတော့ ရတယ်"

သူဖိတ်ခေါ်လို့ ကိုယ် လိုက်ခဲ့တယ်။ အနီးဆုံးဘီယာဆိုင်တစ်ခုကိုရောက်ခဲ့ပြီး အစွန်ဆုံးစားပွဲတစ်ခုမှာ ထိုင်ဖြစ်ခဲ့ကြတယ်။

စည်ဘီယာ တစ်ယောက်နှစ်ခွက်လောက်သောက်ပြီးမှ သူစကားစတယ်။ နေခြည့်အကြောင်း မဟုတ်ပါဘူး။ သူ့အကြောင်းတွေကို လာပြောပြနေတာပါ။

"ငါငွေမက်လို့ ကောင်မလေးတစ်ယောက်ကို လက်ထပ်လိုက်မိတယ်။ ဒါပေမဲ့ ငါနောက်ပိုင်း အဲဒီကောင်မလေးကို တကယ်ချစ်မိခဲ့တယ်။ ဒါပေမဲ့ လူတွေက မယုံကြတော့ဘူး။ သူလည်း မယုံတော့ဘူးလေ။ ရုပ်ဝတ္ထုစည်းစိမ်တွေပဲ ထားခဲ့ပြီး သူထွက်သွားခဲ့တယ်။ တစ်နေ့သူပြန်လာမှာပဲလို့ ငါ မျှော်နေမိတယ်"

ဘီယာနှစ်ခွက် ထပ်မှာလိုက်တယ်။ အမြည်းတစ်ဖတ်လောက်ကောက်ဝါးလိုက်ပြီး သူက . . .

"ဗေဒင်မေးကြည့်တော့လည်း သူပြန်လာမှာ မဟုတ်တော့ဘူးတဲ့။ ငါ အရမ်းဒေါသထွက်သွားတယ်လေ။ ဗေဒင်ဟောတဲ့ကောင်လေးကို ငါရန်လိုမိတယ်။ ဒါ လူကြီးလူကောင်းမဆန်ဘူး။ ငါသိတယ်။ ဒါပေမဲ့ သူပြန်မလာတော့ဘူးဆိုတဲ့စကားကို ငါမကြားချင်ဘူး"

ကိုယ် တစ်ခွန်းမှမပြောဘဲ နားထောင်ပေးနေလိုက်ပါတယ်။ နားထောင်ရင်းနဲ့လည်း နားလည်လာမိတယ်။ သူ့ရဲ့ အထီးကျန်ဆန်မှုတွေနဲ့ ဝေဒနာတွေကိုပေါ့လေ။ သူ အရမ်းခံစားနေရတဲ့ပုံပဲ။

"ဘဝဒဿနတွေ ငါအများကြီးမသိပါဘူး။ ဒါပေမဲ့ ငါ့ဘဝက ညံ့ပါတယ်။ ငွေမရှိလို့ ငွေရှာခဲ့၊ ငွေရှိတော့လည်း ကျန်တာတွေအကုန်ပျောက်ကွယ် . . . ဟား . . . ဟား . . . ရယ်ချင်စရာပဲ"



တစ်မော့တည်းနဲ့ ခွက်တစ်ဝက်ကျိုးအောင် မော့သောက်လိုက်ပြန်တယ်။ သူ့အနားမှာ ဒီလိုရင်ဖွင့်ပြောပြစရာလူလည်း မရှိတာကြာပြီထင်ပါတယ်။

"ငါ သူ့ကိုသိပ်ချစ်တယ်။ ငါ သူပြန်လာတာကို လိုချင်တယ်"

" . . . "

"ပြောစမ်း . . . ငါ့နေရာမှာ မင်းဆိုရင် ဘာလုပ်မလဲ"

"လိုက်သွားမယ်"

"ဘာ . . . "

သူကြားပေမယ့် ပြန်မေးလာတယ်။

"လိုက်သွားမယ်။ သူထွက်သွားတဲ့နောက်ကို လိုက်သွားမယ်"

သူ့မျက်လုံးတွေကို ပွတ်သပ်ပြီး ကိုယ့်ကိုကြည့်လာတယ်။

"သူပြန်မလာတော့ဘူးဆိုပေမယ့် ကိုယ်လိုက်သွားလို့ ရတာပဲ။ ကိုယ်တကယ်ချစ်ရင် သူရှိတဲ့နေရာကိုလည်းသိရင် လိုက်သွားသင့်တယ်"

သူငြိမ်သွားတယ်။ ကိုယ့်ကိုလည်း ထူးထူးဆန်းဆန်းကြည့်လာတယ်။ ပြီးတော့ သူ့ကိုယ်သူလည်း အားတက်သွားတဲ့ အရိပ်အငွေ့တွေ့ရတယ်။

"ဟုတ်တယ် . . . ဒါကို ငါဘာလို့ မတွေးမိတာလဲ"

ပြောပြီး ပြန်ငြိမ်သွားပြန်တယ်။ နောက် တဟားဟားလည်း ထရယ်လာပြန်တယ်။

"ဟား . . . ဟား . . . ဟား . . . ငါက ဘာလို့ ဒီအကြောင်းတွေကို မင်းကို ပြောပြနေမိတာပါလိမ့်"

"ဟား . . . ဟား . . . ဟား . . . "

ကိုယ်ပါ လိုက်ရယ်မိတယ်။ ကိုယ်ကကော ဘာလို့ သူပြောတဲ့စကားတွေကို နားထောင်နေမိတာပါလိမ့်။

သူက ရယ်နေတာကို ရုတ်တရက်ရပ်ပြီး . . .

"မင်းရဲ့လက်ချောင်းတွေက ဘာလုပ်နေတာလဲ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com

ဒီတော့မှ ကိုယ့်လက်ချောင်းလေးတွေကို ကိုယ်ပြန်ငုံ့ကြည့်မိတယ်။ ကိုယ် တကယ်မသိခဲ့ပါဘူး။

စားပွဲပေါ်မှာ ဘယ်ကနေဘယ်လို ဖိတ်ကျနေမှန်းမသိတဲ့ ရေစက်ကလေးတွေရှိတယ်။ အဲဒီရေစက်ကလေးတွေကို လက်နဲ့တို့ပြီး ကိုယ်ကြယ်ပုံကလေးတွေကို ရေးဆွဲနေမိတာ။ လီယိုနတ်အိုင်လာရဲ့ နည်းစနစ်နဲ့လေ။ တစ်ကြောင်းဆွဲမျဉ်းလေးတွေနဲ့ ကြယ်ပုံကလေးတွေ ရေးဆွဲနေမိတာ။ ကိုယ့်စိတ်က ခိုင်းတာမဟုတ်ဘူး။ ဒီအတိုင်း မသိစိတ်က လိုက်လုပ်နေမိတာပါ။

ဒါကို သူက တွေ့ရှိသတိထားမိသွားတယ်။

"ငါ ဂရုစိုက်ကြည့်နေမိတာ ကြာပြီ။ မင်း အဲဒီကြယ်ပုံတွေကို စိတ်နဲ့လွတ်ပြီး ဆွဲနေမိတာမဟုတ်လား"

"အင်း . . . ဟုတ်တယ်၊ ကျွန်တော် ဘာဖြစ်လို့ ဒီလိုလုပ်နေမိတာပါလိမ့်"

ဒါ ကိုယ်မသိစိတ်ထဲအထိ နေခြည်ရှိနေတယ်ဆိုတဲ့ သက်သေပဲလေ။ အခု ဒီသက်သေက အခု သူ့အစ်ကိုရှေ့မှာ အလိုလိုထွက်အန်ကျလာတာပေါ့။ အဲဒီလိုများလား။

"မင်း ငါ့ညီမကို တကယ်ချစ်တာလား"

စူးစူးစိုက်စိုက်ကြည့်ပြီး မေးလာတယ်။

ကိုယ် ခေါင်းညိတ်ပြလိုက်တယ်။

တစ်ဝက်ကျိုးပြီးသားခွက်ကို သူတစ်ချက်တည်း မော့သောက်လိုက်ပြန်တယ်။ ပြီးနောက် နောက်ထပ် တစ်ဂျားမှာလိုက်တယ်။

"ဒီည ငါးမူးမှုကို ဖြစ်တော့မယ်"

လို့လည်း ပြောတယ်။

" . . . "

" . . . "



(၁၄)

နောက်တစ်နေ့ နေ့လယ်လောက်မှာပဲ အဆောင်ကို ဥကျန်တို့ အမောတကော ရောက်လာတယ်။

"ရဲထွဋ် . . . ရဲထွဋ် . . . "

ဥကျန်၊ အေးမွန်၊ ညိုသွေးနဲ့ စိုးစိုးထွေး လူစုံတက်စုံပါပဲ။ သူတို့ အမူအရာကြည့်တာနဲ့ တစ်ခုခုထူးခြားလာမှန်းလည်း ကိုယ်သိရတယ်။ ဥကျန်ကပဲ အမောတကောအသံနဲ့ . . .

"ခုနက နေခြည့်အစ်ကို ဖုန်းဆက်တယ်။ နင့်ကို အမြန်လာခဲ့ခိုင်းတာ"

ကိုယ် စိတ်လှုပ်ရှားသွားတယ်။ ညကမှ သူနဲ့အတူ တစ်ခွက်တစ်ဖလား သောက်ခဲ့တာလေ။

"ဟုတ်လား . . . ဘာအကြောင်းထူးလို့လဲ"

"မသိသေးဘူး . . . နင်သွားမှသိမှာပဲ"

အေး . . . ဒါဆို အခုသွားမယ်။ နင်တို့ကောလိုက်မှာလား"



www.burmeseclassic.com

www.burmeseclassic.com

"လိုက်မှာပေါ့ . . . တက္ကစီတောင် တစ်ခါတည်း ဈေးစစ်ပြီး ငှားလာပြီးပြီ"

"ဒါဆို သွားကြမယ်"

နောက်နာရီဝက်လောက်အကြာမှာပဲ နေခြည့်အိမ်ကို ရောက်တယ်။ သူ့အိမ်ရှေ့ကိုသာ ခဏခဏရောက်ဖြစ်ပေမယ့် အိမ်ထဲကိုတော့ အခုမှ ဝင်ဖူးတာပါ။

အိမ်ထဲကို ဝင်ရတာလည်း နန်းတော်တစ်ခုထဲ ဝင်ရသလိုပဲ ကိုယ်တို့အတွက် အဟန့်ရှိနေတယ်။

နေခြည့်ကို မတွေ့ရဘူး။

နေခြည့်အစ်ကိုကတော့ ဆိုဖာပေါ်မှာ စမတ်ကျကျထိုင်လို့ပါ။ မနေ့ညကလိုပုံစံတော့ မဟုတ်တော့ဘူး။ သူ့နဂိုပုံစံအတိုင်း ခပ်တည်တည်နဲ့ပါ။ သူ့ရှေ့ခုံမှာ ဝင်ထိုင်ဖို့ ကိုယ်တို့ကို လက်ရိပ်ပြတယ်။ ကိုယ်တို့ သူ့ရှေ့ဝင်ထိုင်လိုက်ကြတယ်။

သူကိုယ့်ကိုကြည့်တယ်။ ပြီးတော့ သူ့တပည့်တစ်ယောက်ကိုလည်း ခေါင်းဆတ်ပြပြီး အချက်ပြလိုက်တယ်။ ပြီးမှ ကိုယ်တို့ကို စကားဆိုလာတယ်။

"ငါ နေခြည့်ကို ပြည်ပလွှတ်ဖို့ စီစဉ်တော့မယ်"

"ဗျာ . . . "

"ဟင်"

မဖြစ်ဘူး၊ မဖြစ်ဘူး။ ဒီလိုလုပ်ခွင့်မပြုဘူး။

ကိုယ့်စိတ်တွေ မငြိမ်တော့ဘူး။

"စိတ်ထိန်းပါ။ ငါမင်းကို အခွင့်အရေးတစ်ခုတော့ ပေးမှာပါ"

ကိုယ် ပြန်ငြိမ်လိုက်တယ်။

အဲဒီအချိန် ခုနက သူအချက်ပြလိုက်တဲ့ သူ့တပည့် ပြန်ရောက်လာတယ်။

လက်ထဲမှာလည်း သူတို့အိမ်ရှေ့က စာတိုက်ပုံးအနီရောင်လေးကို ကိုင်လာတယ်။ သူက အဲဒီစာတိုက်ပုံးကလေးကို အဖုံးဖွင့်ပြီး စားပွဲ



ပေါ် မှောက်သွန်လိုက်တယ်။

စက္ကူကြယ်လေးတွေ တဖြိုင်ဖြိုင် ထွက်ကျလာတယ်။

"ဒီကြယ်တွေကို မင်း နေ့တိုင်း လာထည့်နေတာလား"

"ဟုတ်ပါတယ်"

"ဟိုး . . . မိုးရွာတဲ့တစ်နေ့တုန်းကလည်း မင်း ခိုက်ခိုက်တုန်အောင် ချမ်းနေလျက်နဲ့ ရောက်လာသေးတယ်နော်"

"ဟုတ်ပါတယ်"

"နေခြည်မရှိတဲ့အချိန်မှာလည်း သူပြုစုနေတဲ့ စာတမ်းကို မင်းဆက်ပြုစုနေသေးတယ်ဆို"

"ဟုတ်ပါတယ်"

သူက ခေါင်းညိတ်တယ်။ ပြီးတော့ ကိုယ့်ကို စေ့စေ့ကြည့်ပြီး တစ်ခွန်းထပ်မေးတယ်။

"မင်း နေခြည့်ကို တကယ်ချစ်သလား"

သူ ဒီမေးခွန်းကိုမေးတာ မနေ့ညကနဲ့ဆိုရင် နှစ်ခါရှိပါပြီ။ ဒါပေမဲ့ ဒီတစ်ခါ သူမေးတာ ပိုလေးနက်သလိုပဲ။

ဒီတော့ ကိုယ်လည်း လေးလေးနက်နက် ပြန်ဖြေရမှာပေါ့။

ကိုယ့်အိတ်ထဲက အရာတစ်ခုကိုထုတ်ပြီး သူ့ရှေ့စားပွဲပေါ် ထိုးပြလိုက်တယ်။ နာရီလေးတစ်လုံးပါ။

"ဒါ နေခြည့်နာရီပဲ"

သူသိသွားပါတယ်။

ကိုယ် ပြုံးပြီး ခေါင်းညိတ်ပြလိုက်ရင်း . . .

"ဟုတ်ပါတယ် . . . နေခြည့်နာရီပါ။ ကျွန်တော့်မွေးနေ့တုန်းက သူ့ဆီကနေ ကျွန်တော်တောင်းထားခဲ့တာပါ"

"အဲဒါကို ဘာလို့ပြရတာလဲ"

သူ မေးသင့်ပါတယ်။

"သူ့ဆီမှာရှိတဲ့ အရာဝတ္ထုပစ္စည်းတွေထဲမှာ ကျွန်တော်အနှစ်သက်ဆုံးက အဲဒီနာရီလေးပါ။ သူ့ရဲ့ အိမ်ပြန်ချိန်တွေကို မိနစ်၊ စက္ကန့်မစွန်း



www.burmeseclassic.com

www.burmeseclassic.com

စေဖို့ သူ ငုံ့ငုံ့ကြည့်နေကျ နာရီလေးပါ့။ ဒါပေမဲ့ ကျွန်တော်မှန်းတယ်။ ဒီနာရီကို ငုံ့ကြည့်လိုက်တာနဲ့ သူပြန်တော့မယ်ဆိုတာ သိနေရလို့ပဲ"

" . . . "

"ဒါပေမဲ့ ကျွန်တော်သူ့ဆီက အမုန်းဆုံးပစ္စည်းလေးကိုတောင် ကိုယ်နဲ့မကွာ မြတ်မြတ်နိုးနိုး ဆောင်ထားပါတယ်။ ဒါကြောင့် သူ့ကို ကျွန်တော်တကယ်ချစ်တယ်ဆိုတာ ယုံပေးပါ"

သူ့ဘက်က အသံတိတ်နေတယ်။ ကိုယ့်ကို စေ့စေ့ကြည့်လိုက်၊ မျက်နှာလွှဲလိုက် လုပ်နေတယ်။ ပြီးမှ နံရံကနာရီကို လှမ်းကြည့်ပြီးမှ . .

"ကောင်းပြီ . . . မင်းကို ငါ အခွင့်အရေးပေးကြည့်ပါမယ်။ လောလောဆယ် မင်းနဲ့နေခြည်တွေ့ဖို့ (၁၅) မိနစ် အချိန်ပေးမယ်။ ဟိုးမှာ ထမင်းပွဲပြင်ထားတယ်။ အဲဒီထမင်းပွဲကိုလည်း နေခြည့်အခန်းထဲ သယ်သွား။ သူ့ကို ထမင်းဝအောင်ကျွေးပါ။ သူ ထမင်းမစားတာ ကြာပြီ"

အဲဒီနောက် ကိုယ့်ကို သူ့တပည့်တစ်ယောက် နေခြည့်အခန်းကို လိုက်ပို့တယ်။ အခန်းထဲရောက်တော့ မွေ့ယာပေါ်မှာထိုင်နေတဲ့သူက ကိုယ့်ကို အရင်မြင်သွားတယ်။

"ဟင် . . . ငရဲ"

"နေခြည်"

ခေါ်သံတွေက တုန်ခါလို့။ အကြည့်တွေက နာကျင်။ အသိတွေမှာ ဒဏ်ရာတွေနဲ့။ ကိုယ် သူ့ကိုပြေးပြီး ထွေးပွေ့လိုက်ဖို့ရာလည်း ဇာတ်ဝင်ခန်းတစ်ခုမဟုတ်ခဲ့ဘူး။

"နေခြည် . . . နင့်မျက်နှာလေး ချောင်ကျသွားတယ်"

ဘာမှမလိမ်းဘဲ ညိုးရော်နေတဲ့ သူ့မျက်နှာလေးကို ကိုယ် အဲဒီလိုမြင်တယ်။

"ငါ ဆန္ဒပြနေတာပဲဟာ ဒီလောက်တော့ ခံရမှာပေါ့။ ငါ့အစ်ကိုက ငါ့ကိုကျောင်းထုတ်ပြီး နိုင်ငံခြားလွှတ်မလို့တဲ့"



"ငါသိပြီးပါပြီ။ လောလောဆယ် ထမင်းသာအရင်စားဦး"

ကိုယ်ယူလာတဲ့ ထမင်းပွဲကို သူ့ရှေ့ချပေးလိုက်တယ်။ ဒီတော့လည်း သူစားပါတယ်။ စားရင်းနဲ့ပဲ . . .

"နင် ငါ့ဆီလာနိုင်မယ်လို့ ငါယုံနေတယ်။ ဒါပေမဲ့ နင်ဘယ်လိုလုပ် ဒီကိုရောက်လာတာလဲ"

"အဲဒါတွေ မမေးနဲ့ဦးလေ။ ထမင်းပဲ ဝအောင်စားနော်"

ကိုယ် သူ့မျက်နှာလေးကို ကြည့်နေရာက အခန်းထဲကို ဝေ့ကြည့်လိုက်တော့လည်း သူအိပ်ယာပေါ်မှာ စက္ကူကြယ်လေးတွေ အများကြီးပဲ တွေ့လိုက်ရတယ်။

"အဲဒါ ငါခေါက်ထားတဲ့ ကြယ်ကလေးတွေလေ။ နင့်ကိုပေးဖို့ပေါ့"

"နေခြည်ရယ်"

သူ့အမည်လေးကို ဖွဖွရွတ်ပြီး နာရီကိုငုံ့ကြည့်မိတယ်။ ဒီတစ်ခါ နာရီကြည့်ရသူက ကိုယ်ပေါ့။ သူနဲ့တွေ့ခွင့်က (၁၅) မိနစ်ပဲ အချိန်ရတာလေ။ ဒီကြားထဲ ကိုယ်သူ့ကို ပြောချင်နေတဲ့စကားတွေ လောက်ပါ့မလား။

ရင်ထဲမှာ လောင်ကျွမ်းဖြစ်ပျက်နေတာတွေ၊ သူမရှိပေမယ့် အတူရှိခဲ့ဖူးတဲ့နေရာတွေကို ရူးရူးမိုက်မိုက် ကိုယ်တစ်ယောက်တည်း လျှောက်သွားမိတဲ့အကြောင်းတွေ၊ အလွမ်းအမှတ်တရတွေ၊ ဘယ်လိုလုပ် (၁၅) မိနစ်နဲ့ ပြောရမလဲ။

"နေခြည်"

သူမော့ကြည့်လာတော့မှ . . .

"ခလွမ်း"

"အင့်"

သူ့လက်ထဲက ဇွန်းလွတ်ကျသွားပြီး သူ့ရင်ဘတ်အောင့်သွားသံ 'အင့်' ကလေးကိုပါ ကိုယ်ကြားလိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com

သူ့ကို ကိုယ်ဆွဲဖက်ပစ်လိုက်တာလေ။ (၁၅) မိနစ်နဲ့ ပြောစရာ စကားက မလောက်နိုင်ဘူး။ ဒါကြောင့် ကိုယ်ဘာမှမပြောတော့ဘဲ ဖက်ထားပစ်လိုက်တော့တယ်။ အဲဒီလို ထွေးဖက်လိုက်ခြင်းဟာ ကိုယ်ပြောချင်တဲ့ စကားအားလုံးကို ကိုယ်စားပြုနိုင်လိမ့်မယ်။ အဲဒီလို ကိုယ်ယုံတယ်။

"ငရဲ . . . "

"နေခြည် . . . ဘာစကားမှမပြောနဲ့။ ငါ့ကို (၁၅) မိနစ်ပဲ အချိန်ပေးထားတာ။ ဒီအချိန်အတွင်း ငါဒီလိုပဲနေပါရစေ"

သူလည်း ဘာမှမပြောတော့ဘူး။

ကိုယ့်ပခုံးလေးကို ပြန်မှီထားတယ်။

အိပ်မက်မှာ သက်တန့်တွေ အစင်းစင်းဖြာလဲ့လာ။

ငါ့ရင်မှာ ပန်းတွေကြယ်တွေ ခေါက်တုံ့ခေါက်ပြန် ပွင့်ကုန်ကြ။

ငါက ချစ်သူကို ချစ်မိသူ။

နာရီစက္ကန့်သံတွေ ကြားနေရ။ ငါတို့နှုတ်ဆက်ရဖို့ အချိန်ဘယ်လောက်လိုသေးလဲ။ ဟင့်အင်း . . . နှုတ်မဆက်ချင်ဘူး။ နှုတ်ဆက်တာ ထွက်သွားသူတွေရဲ့အလုပ်။ ငါ နှုတ်မဆက်ဘူး ချစ်သူ။

ကိုယ် သူ့ကို အတင်းကြပ်ဆုံး ထွေးဖက်ထားမိ။ ခဏကြာတော့ ကိုယ့်ပခုံးဟာ စွတ်စိုလာတယ်။ သူ ငိုနေပြီပေါ့။

သူ့မျက်ရည်တော့ ကိုယ့်ပခုံးပေါ် စီးကျနေတာပေါ့။

"ချစ်တယ် . . . နေခြည်ရယ်"

"ငါကောပဲ"

ငါတို့ တွေ့ဆုံချိန်အတွက် (၁၅)မိနစ်က ရက်စက်စွာ တိုတောင်းလွန်းပါတယ်လေ။

ဒေါက် . . . ဒေါက် . . .

တံခါးခေါက်လာပြီ။ ကိုယ် သွားရတော့မယ်။

"နေခြည် . . . ထမင်းကုန်အောင်စားနော်။ ငါ့ကိုယုံ။ ငါ နင့်ကို လက်လွှတ်မှာမဟုတ်ဘူး စိတ်ချ"



"ငါ အမြဲယုံနေပါတယ် ငရဲရယ်"

ကိုယ် အခန်းထဲက ထွက်ခဲ့ရတယ်။ ထွက်ထွက်ချင်းပဲ မျက်ရည်စတွေလည်း ထပ်ထွက်လာပြန်တယ်။

မျက်ရည်ကိုသုတ်ပြီး ဧည့်ခန်းထဲ ပြန်ဆင်းလာခဲ့တယ်။

သူငယ်ချင်းတွေကလည်း စိုးရိမ်တဲ့ အမူအရာတွေနဲ့ စောင့်ကြည့်နေကြပြီး နေခြည့်အစ်ကိုကတော့ ခြေတစ်ချောင်းကို ချိတ်ထိုင်လျက်သား အနေအထားနဲ့ ကိုယ့်ကို စူးကြည့်နေပါတယ်။ ကိုယ် အနားရောက်တော့မှ . . .

"ကဲ . . . အခု မင်းပြန်လို့ရပြီ"

ဒီလို ကိုယ့်ကို လွယ်လွယ်နှင်လွှတ်ချင်လို့ ဘယ်ရမလဲ။

"ကျွန်တော့်ကို အခွင့်အရေးတစ်ခု ပေးရဦးမှာလေ"

"မနက်ဖြန်နေ့လယ် ငါဖုန်းဆက်လိုက်မယ်။ အဲဒီအတွက်သာ မင်းပြင်ဆင်ထားပါ။ အဲဒီအချိန်မှာမှ မင်းမှားယွင်းရင်တော့ မင်းနေခြည်နဲ့ ထပ်တွေ့ခွင့်ရတော့မှာ မဟုတ်ဘူး။ ကဲ . . . အခုတော့ ပြန်လိုက်ပါ"

မနက်ဖြန်ကိုပဲ စောင့်ကြည့်ရတော့မှာပေါ့။

ဘယ်လို အနာဂတ်မျိုးလဲ။

မနက်ဖြန်ဟာ ငါ့အသက်ကို ပိုင်စိုးထားလေရဲ့။



www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

မဝေးဘူးလို့အမည်ရတဲ့ ကင်န်တင်းထဲမှာ ကိုယ်တို့ မနေနိုင် မထိုင်နိုင် ဖြစ်နေရပြီ။ သူငယ်ချင်းတွေလည်း စုံစုံညီညီပဲ။ ညိုသွေးကတော့ မနေ့ညက အိမ်သာထဲမှာ ချော်လဲသွားလို့ ကျောင်းမလာနိုင်ဘူး။

အရေးကြီးတဲ့အချိန်မှ လူအင်အားလျော့ရတာလည်း ကိုယ့်အတွက် နစ်နာစရာပဲ။

နာရီကို နှစ်မိနစ်တစ်ခါလောက် ကြည့်ကြည့်နေရတယ်။

အခု (2:15)။

"တောက် . . . ဟိုလူ ယုတ်မာပြီထင်တယ်။ နေ့လယ်ပိုင်း ဖုန်းဆက်မှာဆိုပြီးတော့"

မော်ကြီး ထ တင်းပြီ။ စိတ်အလှုပ်ရှားဆုံး ကိုယ်ကပဲ စိတ်ကို အငြိမ်ဆုံးထားနေရတယ်။

"ထပ်စောင့်ကြည့်ပါဦးကွာ"

ဈာန်အောင်က စိတ်ရှည်တယ်။



ဥကျန်ကလည်း သူ့ဖုန်းကို စားပွဲအလယ်မှာထားတယ်။ ဖုန်းဝင်လာရင် သိသာအောင်လို့။

စောင့်ရင်းစောင့်ရင်းနဲ့ အချိန်တွေက ကုန်လာပြီ။ စောင့်စားရတဲ့အလုပ်ကို ဘုရားသခင်တောင် ကြိုက်မယ်မထင်ဘူး။ နောက်ထပ် တစ်နာရီကြာတဲ့အထိ ဖုန်းဝင်မလာဘူး။

ကိုယ် သည်းခံနိုင်စွမ်း ကုန်သွားပြီ။

စိတ်ရှည်လှပါတယ်ဆိုတဲ့ ဈာန်အောင်လည်း ပုဆိုးထပြင်ဝတ်ပြီး . . .

"ကြာတယ်ကွာ . . . အဲဒီလူဆီ လိုက်သွားမယ်"

နှုတ်ဆော်သံအဆုံးမှာ အားလုံး ထိုင်ရာက ရုတ်ခနဲ ထလိုက်ကြတယ်။

အဲဒီအချိန်မှာပဲ Avril Lavigne ရဲ့ Tomorrow ဆိုတဲ့သီချင်းသံ ထွက်ပေါ်လာတယ်။

ဥကျန်ရဲ့ဖုန်းက မြည်သံပါ။

ကိုယ် ပြေးကိုင်လိုက်တယ်။

ဟုတ်ပါတယ်။ နေခြည့်အစ်ကိုဆီက ဝင်လာတဲ့ဖုန်းပဲ။

သူ့ဘက်ကပဲ အရင်စပြောလာတယ်။

> *"တချို့ကြယ်တွေက မိုးပေါ်ကိုမော့ကြည့်တိုင်းမမြင်ရဘူး။ ငါ နေခြည့်ကို ကြယ်တွေရဲ့အောက်မှာ ဝှက်ထားတယ်။ ညနေ (5:30) အတွင်း ရှာနိုင်ရင်တော့ နေခြည့်ရဲ့ အနာဂတ်ကို မင်းပိုင်ရမယ်။ အဲဒီအချိန်အတွင်း မရှာနိုင်ရင်တော့ မင်းအတွက် စိတ်မကောင်းပါဘူး။ ကံကောင်းပါစေ"*

တီ . . . တီ . . .

"ဟဲလို . . . ဟဲလို . . . ဟဲလို . . . "



www.burmeseclassic.com

www.burmeseclassic.com

ကိုယ် တစ်ခုခုပြောဖို့ ကြိုးစားပေမယ့် မရတော့ဘူး။ သူကပဲ တောက်လျှောက်ပြောပြီး တန်းချသွားတယ်။

"ဟူး . . . "

ကိုယ် သက်ပြင်းချလိုက်မိပြီ။ အားလုံးကိုလည်း ကိုယ်ကြားရသမျှ ပြန်ပြောပြလိုက်တယ်။

"ဘာ . . . ကြယ်တွေအောက်မှာ ဝှက်ထားတယ်"

"ဒါ ဘာကိုပြောတာလဲ"

အားလုံး အတွေးရှုပ်သွားကြတယ်။

"ငါးနာရီခွဲအထိပဲ အချိန်ပေးတာ ဟုတ်လား။ အခုတောင် (၃) နာရီရှိပြီဆိုတော့ နောက်ထပ် နှစ်နာရီခွဲပဲ လိုတော့တာပေါ့"

"ဒါကတော့ သက်သက်ညစ်တာပဲ"

ကိုယ်လည်း ထိုင်သွားရတယ်။ နေခြည့်ကို ကြယ်တွေအောက်မှာ ဝှက်ထားတယ်။ စဉ်းစားစမ်း၊ စဉ်းစားစမ်း။ ဘယ်ကြယ်တွေအောက်လဲ။

ဈာန်အောင်ကပဲ . . .

"ကဲ . . . ကဲ . . . စိတ်အေးအေးထားပြီး နေခြည့်ကို ဝှက်ထားတယ်ဆိုတဲ့နေရာကို စဉ်းစားကြစမ်းပါ"

ကြယ်တွေအောက်၊ ကြယ်တွေအောက်၊ ဘယ်ကြယ်တွေအောက်လဲ။ ဘယ်နေရာလဲ။ သူ့ကို ဘယ်ကြယ်တွေက ဖမ်းချုပ်ထားလဲ။

စိုးစိုးထွေးက ညီသွေးဆီဖုန်းဆက်ပြီး အကျိုးအကြောင်းပြောပြတယ်။ ညီသွေးကလည်း ဒီကိစ္စတွေနဲ့ပတ်သက်ရင် အားကိုးရမှာ။

ကြယ်တွေအောက် . . . ကြယ်တွေအောက် . . .

နာရီကလည်း အကုန်မြန်နေတယ်။ အားလုံးအပြင်းအထန် စဉ်းစားနေကြတယ်။ စက္ကန့်သံတွေကလည်း ကိုယ်တို့ကို ဖိအားများစေတယ်။

တစ်ခုခုကို စဉ်းစားသွားမိသလိုရှိတဲ့ အေးမွန်က . . .

"ဉကျန် နေခြည့်အစ်ကိုက ဘာကုမ္ပဏီလုပ်တာလဲ"



"ပြည်ပနဲ့ချိတ်ဆက်ပြီး လုပ်တာပဲ။ သွင်းကုန်ထုတ်ကုန်ပဲနေမှာပါ"

"အေး . . . ဒါဆို ဟုတ်ပြီ"

"ဘာဟုတ်တာလဲ"

"နေခြည့်ကို သင်္ဘောဆိပ်ကမ်းမှာ ဝှက်ထားတာပဲဖြစ်ရမယ်"

"ဘယ်လို . . . ဘယ်လို . . . "

အားလုံး စိတ်ဝင်စားသွားကြပြီး သူ့အနား ဝိုင်းသွားကြတယ်။

"နေခြည့်ကိုဝှက်ထားတာ ကြယ်တွေရဲ့အောက်မှာလို့ ပြောတယ်မို့လား။ နောက်ပြီး တချို့ကြယ်တွေက မိုးပေါ်ကိုမော့ကြည့်တိုင်း မမြင်ရဘူးလို့လည်း ပြောခဲ့သေးတယ်မို့လား။ မိုးပေါ်မှာမမြင်ရရင် ရေထဲမှာကော မမြင်ရနိုင်ဘူးလား"

"ကြယ်က ရေထဲမှာရှိမလားဟ"

"ရှိတာပေါ့ ကြယ်ငါးပွင့် သင်္ဘောကြီးတွေလေ"

" . . . "

ကိုယ်တို့ တစ်ချက်ငြိမ်သွားကြတယ်။ အေးမွန်စကားက စဉ်းစားစရာပဲ။ အေးမွန်က ဆက်ပြောတယ်။

"နေခြည့်အစ်ကိုကလည်း ပြည်ပနဲ့ ကုန်ပို့ဆက်သွယ်နေရတဲ့သူဆိုတော့ အဲဒီက သင်္ဘောအရာရှိတွေနဲ့ ရင်းနှီးမှာပဲ။ အဲဒါကြောင့် နေခြည့်ကို အဲဒီမှာ ခဏဝှက်ထားလို့ ခက်မှာမဟုတ်ဘူး"

"ဟုတ်တယ်နော်"

ကျော်ကျော်တင့်ကလည်း ထောက်ခံတယ်။

"ငါ့ဦးလေးကလည်း သင်္ဘောအရာရှိပဲ။ သင်္ဘောတွေပေါ်တက်ရှာနိုင်ဖို့ ငါတာဝန်ယူတယ်"

"ပြောနေတာ ကြာတယ်။ သွားမယ်"

ပြောပြောဆိုဆိုပဲ ကိုယ်တို့ ထွက်ခဲ့ကြတယ်။ နာရီကိုလည်း ခဏခဏ ငုံ့ကြည့်ရင်းပေါ့။ (4:00)ရှိပြီ။ တွေးကြည့်လို့လည်းမရ၊ မြော်ကြည့်လို့လည်း အချိန်ကို စိုးထိတ်နေရတဲ့အချိန်။



www.burmeseclassic.com

www.burmeseclassic.com

တဒိတ်ဒိတ်နဲ့ ကိုယ့်ရင်ခုန်သံက ကိုယ့်ကို ပြန်ခြောက်လှန့်လို့။ လမ်းမှာပဲ ဖုန်းဝင်လာပြန်တယ်။

ဉကျန်က ဖုန်းနံပါတ်ကိုကြည့်ပြီး . . .

"ညိုသွေးဆက်တာဟဲ့"

ဖုန်းစပီကာကိုလည်း ဖွင့်လိုက်တယ်။

"ဟဲလို . . . ဟဲလို . . . ဉကျန်"

"အေး . . . ပြော . . . ညိုသွေးပြော"

"အနားမှာ ရဲထွဋ်ရှိလား"

"အေး . . . အကုန်ရှိတယ်။ စပီကာဖွင့်ထားတယ်။ နင်တို့ယောကျ်ားအတွင်းရေးကိစ္စမဟုတ်ရင် ပြောလို့ရတယ်"

"ဩော် . . . အေး . . . ငါ . . . ငါ နေခြည့်ကိုဝှက်ထားမယ့် နေရာခန့်မှန်းလို့ ရပြီ"

"ဟာ . . . တကယ်လား"

ကိုယ်တို့ ဝမ်းသာအားတက်သွားကြတယ်။ ညိုသွေး ခန့်မှန်းရင်တော့ မှန်လိမ့်မယ်။ ကိုယ် ဝင်ပြောလိုက်တယ်။

"ဘယ်နေရာလည်း ညိုသွေးပြော . . . ဟော့ကောင်"

"တစ်ခါတလေ အန္တရာယ်အရှိဆုံးနေရာက အလုံခြုံဆုံးနေရာ ဖြစ်နေတတ်တယ်မို့လား"

"အေးပါ . . . လိုရင်းပြောပါ"

"နေခြည့်ကို ဘယ်ချောင်ကြိုချောင်ကြားမှာမှ ဝှက်ထားတာ မဟုတ်လောက်ဘူးကွ။ မြို့လယ်က စားသောက်ဆိုင်တစ်ဆိုင်မှာ ဝှက်ထားတာပဲနေမှာ"

"ဟုတ်လို့လားကွာ"

"ဟုတ်တယ် . . . အဲဒီစားသောက်ဆိုင် နာမည်က 'ကြယ်ပွင့်ကလေးများ' တဲ့။ နေခြည့်အစ်ကိုက ပြောတယ်မို့လား။ ကြယ်တွေရဲ့အောက်မှာ ဝှက်ထားတာဆိုတော့ အဲဒီဆိုင်အောက်ထပ်မှာ ဝှက်ထားတာပဲနေမှာ။ အဲဒီဆိုင်က အပေါ်ထပ်အောက်ထပ် နှစ်ထပ်ရှိတာ"



ကိုယ်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြတယ်။ ညိုသွေးပြောတာလည်း နီးစပ်တာပဲ။ ဒါဆို အခုသွားနေတဲ့ သဘော်ာဆိပ်ကို ဘယ်လိုလုပ်မလဲ။

"ဟော့ကောင် . . . ဆိုင်လိပ်စာ လိုက်မှတ်ထား။ ငါပြောမယ် . . . . . . . . ."

ညိုသွေးက ဆိုင်လိပ်စာကို ပြောပြီး ဖုန်းချသွားတယ်။ စိုးစိုးထွေးက . . .

"ရဲထွဋ် . . . ဘယ်လိုလုပ်မလဲ။ သဘော်ာဆိပ်ကို ဆက်သွားမလား။ အဲဒီ ငါ့အစ်ကိုပြောတဲ့ စားသောက်ဆိုင်ကို သွားမလား"

"ဒီလိုလုပ်ဟာ။ နင်တို့က အဲဒီသဘော်ာဆိပ်ကိုသွား၊ ငါတို့က ညိုသွေးပြောတဲ့ဆိုင်ကို သွားမယ်"

"အိုကေ . . . အဲဒီလို ခွဲရှာရမယ်။ ရော့ . . . ရော့ . . . ငါတို့ ဆက်သွယ်လို့ရအောင် ငါ့ဖုန်းယူသွား"

ဉကျန်က သူ့ဖုန်းကို ထုတ်ပေးတယ်။ အေးမွန်နဲ့ စိုးစိုးထွေးမှာလည်း ဖုန်းရှိကြပါတယ်။ ကိုယ်တို့ယောကျ်ားလေးတွေကသာ ငမွဲဖြစ်လို့ ဖုန်းမရှိ။

"ကဲ . . . ကဲ . . . ဒါဆို ငါတို့သွားမယ်"

အေးမွန်က ကားရပ်ပေးလို့ ကိုယ်တို့ ဆင်းခဲ့တယ်။ တွေ့တဲ့ တက္ကစီဖမ်းငှားပြီး ညိုသွေးပြောတဲ့ဆိုင်ကို သွားခဲ့တယ်။ ညိုသွေးပြောတဲ့ဆိုင်က မြို့ထဲမှာ။ သွားတာက အချိန်ထပ်ကုန်ဦးမယ်။ အခု (4:10) ရှိပြီ။

(4:31) လောက်မှာ ညိုသွေးပြောတဲ့ ကြယ်ပွင့်ကလေးများဆိုတဲ့ စားသောက်ဆိုင်ကို ရောက်တယ်။

"အစ်ကိုတို့ ဒီဘက်ကိုကြွပါခင်ဗျ"

ဖိတ်ခေါ်နေတဲ့ စားပွဲထိုးကို လျစ်လျူရှုပြီး ဆိုင်ထဲကလူတွေကို တစ်ယောက်ပြီးတစ်ယောက် လိုက်ကြည့်တယ်။ အပေါ်ထပ်အောက်ထပ် နှစ်ခုလုံး နှံ့နေအောင်ရှာခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

"တွေ့လား"

"တွေ့လား"

"တွေ့လား"

အချင်းချင်းမေးပြီး ခေါင်းယမ်းကြတယ်။

ဘယ်မှာမှ မတွေ့ဘူး။ သူဘယ်မှာလဲ။ နာရီကိုမော့ကြည့်တော့ (4:41)။

"တောက်"

စိတ်တွေက ထူပူနေပြီ။

ဒီဆိုင်ရဲ့ စားပွဲတစ်ခုမှာပဲ ကော်ဖီတစ်ခွက်မှာပြီး ကိုယ်တို့ ဝင်ထိုင်လိုက်ကြတယ်။ သက်ပြင်းတွေပဲ အလကားရတိုင်း ပစ်ချနေလိုက်တော့တယ်။

အကြံလည်းမထွက်တော့ဘူး။ အချိန်လည်း နည်းသွားပြီ။ ဉာဏ်ကုန်အားကုန်သွားပြီ။

အေးမွန်ဆီ ဆက်ကြည့်ပါဦးကွာ။

သူတို့အခြေအနေ ဘယ်လိုထူးနေမလဲဆိုပြီး ကိုယ်တို့ ဖုန်းလှမ်းဆက်ကြည့်ကြတယ်။

"ဟဲလို . . . အေးမွန်လား"

"အေး . . . အား . . . အီး . . ."

"အခြေအနေ ဘယ်လိုလဲ။ နေခြည့်ကို တွေ့လား"

"နေရာနှံ့နေပြီ။ အင်း . . . အား . . . ဘယ်မှာမှမတွေ့ဘူး"

"နင်ဘာဖြစ်နေတာတုံး တအီးအီး တအားအားနဲ့"

"ငါ . . . ငါ . . . အား . . . အိမ်သာတက်ရင်း ဆက်နေတာ"

အရေးထဲမှ။ ကိုယ်တို့ အသံမထွက်ဘဲ ဆဲပစ်လိုက်ကြတယ်။

"သေချာ ဆက်ရှာကြည့်ပါဦး"

"အေး . . . အီး . . . "

နားမသက်သာလို့ ဖုန်းချလိုက်တယ်။ ထင်ပါတယ်။ သူတို့



ဘက်ကလည်း အဆင်ပြေမှာမဟုတ်ဘူးဆိုတာ။ အဲဒီအချိန် ဖုန်းတစ်ခု ဝင်လာပြန်တယ်။

ကျော်ကျော်တင့်က ဖုန်းနံပါတ်ကို ကောက်ကြည့်တော့ . . .

"ဟာ . . . နေခြည့်အစ်ကို ဆက်တာကွ"

ကိုယ် စပီကာဖွင့်ပြီး ကောက်ကိုင်လိုက်တော့ ဟိုဘက်ကပဲ စပြောပြန်တယ်။

"မင်းတို့ ဘယ်ရောက်နေတာလဲ"

"မြို့ထဲက အသစ်ဆောက်နေတဲ့ ပလာဇာနားက ကြယ်ပွင့်ကလေးများဆိုတဲ့ စားသောက်ဆိုင်မှာ"

"အေး . . . ငါအခုရောက်နေတဲ့ နေရာနဲ့လည်း နီးတာပဲ။ ငါလာခဲ့မယ်"

ပြောပြီး ဖုန်းချသွားပြန်တယ်။

ဘာလာလုပ်ဦးမှာလဲ မသိဘူး။ ကိုယ့်မှာက စိုးရိမ်ဝမ်းနည်းစိတ်တွေ ပြည့်လျှံနေတယ်။ သူ့ကို အချိန်မီ ရှာတွေ့နိုင်ပါတော့မလား။

နောက်ထပ် (၁၀) မိနစ်လောက်အကြာမှာပဲ နေခြည့်အစ်ကိုက ရောက်လာပါတယ်။

ကိုယ်တို့ဝိုင်းမှာပဲ ဝင်ထိုင်ပြီး ပသျှူးထမင်းကြော်နဲ့ ကြက်သားသုပ်မှာစားတယ်။ ကိုယ်တို့ကို စားပါဦးလို့လည်း မပြောဘူး။ သူ့ဘာသာသူ လေးငါးလုပ်လောက်စားပြီးမှ . . .

"ဘယ်လိုလဲ မင်း အလျှော့ပေးပြီလား"

ဘာစကားမှမပြောချင်လို့ ကိုယ် ခေါင်းခါပြလိုက်တယ်။

သူကတော့ ခေါင်းညိတ်ပြီး ဆက်ပြောတယ်။

"တကယ်လို့ ဒီအချိန်မှာသာ မင်း အလျှော့ပေးလိုက်ရင် နေခြည် ပြည်ပသွားတဲ့အခါ လေယာဉ်ကွင်းအထိ လိုက်ပို့ခွင့်ပြုပေးမယ်"

သူ မြဝတီကလာတဲ့ ပယောဦနန်းတော်ကြည့်တာ သိပ်များသွားပြီထင်ပါတယ်။ ဒီကိစ္စက ဘဝနဲ့ဆိုင်တယ်။ ဒီလိုလုပ်လို့ မလွယ်ဘူး။

"ကျွန်တော်ကတော့ နောက်ဆုံးစက္ကန့်အထိ သူ့ကိုရှာမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com

သူက မချိပြုံးပြုံးကာ ကိုယ့်ဘေးက မော်ကြီးတို့ကို ကြည့်တယ်။

"မင်းတို့ ဗိုက်ဆာလား"

"ဆာတာပေါ့ဗျ"

"ဒါဆို ရေသောက်လေ"

"အန်"

သူက ဒွဲတောင်ချွတ်သွားသေးတယ်။ မော်ကြီးတို့ ခပ်ချဉ်ချဉ်ဖြစ်သွားကြတယ်။ နောက်ပြီး သူက မဆီမဆိုင်တွေ လျှောက်ပြောလာပြန်တယ်။

"မီးရပ်ချ်ကို မင်းတို့သိလား"

"ဟင့်အင်း . . . မသိဘူး။ ကုလားမုန့်ဖက်ထုပ်လား"

ကျော်ကျော်တင့်က ဝင်ဖြေကြည့်တာပါ။

သူက . . .

"မီးရပ်ချ်ဟာ ပြင်သစ်ပိုင် ဖုံးကျဲလေယာဉ်ကွ။ နျူကလီးယားတောင် ပစ်လွှတ်နိုင်တယ်။ အနိမ့်ပျံတိုက်ပွဲတွေမှာ သိပ်အသုံးဝင်တာကွ။ နောက်ပြီး (VTDL) ဆိုတဲ့ လေယာဉ်ကလည်း ကောင်းတယ်ကွ။ ပြေးလမ်းတိုတိုလေးနဲ့ အပေါ်တက်နိုင်တယ်"

". . ."

"နောက်ပြီး MIG တိုက်လေယာဉ်တွေကိုလည်း ငါကြိုက်တယ်ကွ။ ၁၅၉၅ ခုနှစ်က ဆိုဗီယက်လေတပ်မှာ စတင်အသုံးပြုခဲ့တာတဲ့။ အဲဒီလေယာဉ်အမျိုးအစားကို တရုတ်က အခုထိ မျိုးပွားထုတ်လုပ်နေဆဲဆိုပဲကွ။ နောက်ပြီး Swing Wing Air Craft ဆိုတဲ့ လေယာဉ်ကကျတော့ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ."

ဒါ သက်သက်မဲ့ ကိုယ်တို့ကို အာရုံစားအောင် လုပ်နေတာပါ။ နေခြည်ရှိတဲ့နေရာ မတွေးနိုင်အောင် နှောင့်ယှက်နေတာပဲ။ ဒါကိုမသိဘဲ ကျော်ကျော်တင့်ကပါ ပါးစပ်အဟောင်းသားနဲ့ စိတ်ဝင်တစား ဝင်နားထောင်နေသေးတယ်။



ကိုယ် သိပ်စိတ်ဓာတ်ကျနေပြီ။ နာရီက (5:00) ရှိပြီ။ နာရီဝက်ပဲ လိုတော့တယ်။

အဲဒီအချိန် လေထဲကလှိုင်းတစ်ခုကို ကိုယ် ခံစားလိုက်ရတယ်။ သံစဉ်လှိုင်းကလေးပါ။ ကိုယ်နဲ့ရင်းနှီးတဲ့ သီချင်းတစ်ပုဒ်ပဲ။

"ဦးလေးဂစ်တာ"

ကိုယ့်နှုတ်ကလည်း ရေထွက်မိတယ်။

ကိုယ် ဆိုင်ထဲက အမြန်ထွက်ပြီး အသံလာရာကြည့်မိတော့ လမ်းရဲ့ဟိုဘက်ပလက်ဖောင်းမှာ ဂစ်တာတီးပြီး ငွေတောင်းခံနေတဲ့ ဦးလေးဂစ်တာကို တွေ့လိုက်ရတယ်။

သူ သီချင်းထဲ စိတ်အပြည့်နှစ်ပြီး သီဆိုနေရှာတယ်။ သူ့အနားမှာလည်း ငွေထည့်မယ်၊ မထည့်မယ် မသေချာပေမယ့် သီချင်းနားထောင်တဲ့လူတွေကတော့ ဝိုင်းနေတယ်။ ကိုယ်လည်း ရောယောင်ပြီး ဝင်နားထောင်နေလိုက်တယ်။

လှပတဲ့သီချင်းလေးထဲမှာ ကိုယ်မျောလွင့်သွားတယ်။ ချစ်သူ နောက် . . . . အတွင်း နင်နဲ့ငါ ခွဲရတော့မှာမို့လား။ ငါ သိပ်ညံ့ဖျင်းတယ်။ နင်ပုန်းနေတဲ့အရပ်ကို ငါမရှာနိုင်တော့ဘူးလေ"

ဦးလေးဂစ်တာအနားမှာ လူတွေစဲသွားတော့မှ ကိုယ်က . . .

"ဦးလေးဂစ်တာ"

"ဟာ . . . ကောင်လေးလား၊ ဘယ်လိုလုပ် ဒီကိုရောက်နေတာလဲ"

ကိုယ်စိတ်လေးလေးနဲ့ပဲ အဖြစ်အပျက်တွေကို ပြောပြလိုက်ပါတယ်။ အခုထိ သူ့ကို ရှာမတွေ့သေးဘူးဆိုတဲ့ အကြောင်းတွေကိုပေါ့။

"ဘယ်ကနေ ဘယ်လိုရှာရမှန်းတောင် မသိတော့ပါဘူးဗျာ"

ဦးလေးဂစ်တာက သူ့ထုံးစံအတိုင်း ရယ်ပါတယ်။ အရယ်ရပ်သွားမှ . . .

"အခု မင်းကောင်မလေးရဲ့အစ်ကို ဘာလုပ်နေလဲ"

"ထမင်းစားရင်းနဲ့ စကားတွေလျှောက်ပြောနေတာပါဗျ။ ဘာ



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်တဲ့ လေယာဉ်ပျံတွေအကြောင်း လျှောက်ပြောနေတာ။ သက်သက် ညစ်နေတာပါ"

ဦးလေးဂစ်တာက တဟားဟားရယ်ပြန်ပြီးမှ . . .

"ညစ်တာ မဟုတ်လောက်ဘူးကွ။ 'ရစ်' တာနေမှာ။ သူ့ ငယ်နာမည်က မောင်ရစ်နေမှာပေါ့ကွာ။ ဟား . . . ဟား . . . ဟား . . "

အချိန်သိပ်မရှိတော့ဘူး။ ကိုယ် ဦးလေးဂစ်တာကို နှုတ်ဆက်ပြီး ဆိုင်ထဲပြန်ဖို့ သွားလိုက်တယ်။ ဒီလိုနဲ့ လမ်းအကူးမှာပဲ ကိုယ့်အာရုံထဲ လင်းခနဲ ဖြစ်သွားတယ်။

ဦးနှောက်ထဲမှာ အချက်အလက်တွေ ချိတ်ဆက်မိသွားပြီး . . .

"ဩော် . . . ဒီလိုကိုး!!!"

ကိုယ် သဘောပေါက်သွားပြီ။ ခုန်ပေါက်မတတ် ဝမ်းသာသွားတယ်။ ဆိုင်ထဲပြေးဝင်ပြီး ဟိုကောင်တွေကို ခေါ်လိုက်တယ်။

"သွားမယ် . . . ဟေ့ကောင်တွေ၊ ဆယ့်ငါးမိနစ်ပဲ ကျန်တော့တယ်"

ဟိုကောင်တွေ ပျာပျာသလဲဖြစ်သွားတယ်။

ကိုယ် အဖြေသိသွားပြီလို့ ခန့်မှန်းမိတဲ့ နေခြည့်အစ်ကိုကလည်း ထိုင်ရာက ထလာတယ်။ ကိုယ့်ကို ပြုံးစေ့စေ့ကြည့်လာတယ်။

ကိုယ် သူ့ကို အလေးပြုလိုက်တော့ သူ တဟားဟားထရယ်ပါတော့တယ်။

အဲဒီနောက် ကိုယ်တို့ လမ်းမပေါ်ထွက်ပြီး တက္ကစီအမြန်ငှားရတော့တယ်။ တက္ကစီတစ်စီး အနားရောက်လာတယ်။ ကိုယ်က ကားသမားကို သေချာအောင် မေးလိုက်ရသေးတယ်။

"ခင်ဗျား အရှူးတော့ မဟုတ်ပါဘူးနော်"

"ဘာဗျ"

ကိုယ့်ကို အရူးမှတ်ပြီး ကားသမား မောင်းထွက်သွားပါတယ်။

"ဟေ့ကောင် . . . အရေးကြီးပါတယ်ဆို ဘာတွေလျှောက်မေးနေတာလဲ"



အရူးမောင်းတဲ့ကား စီးမိမှာစိုးလို့ မေးမိတာပါ။ ကိုယ်တို့က အရေးကြီးရင် လွဲတတ်လွန်းလို့။

နောက်ထပ် တက္ကစီတစ်စီးကျမှ အဆင်ပြေခဲ့တယ်။

"ဗန္ဒုလပန်းခြံကို မောင်းပေးပါ"

တက္ကစီသမားကို ပြောလိုက်ပါ။ ဟိုကောင်တွေကလည်း . . .

"ပြောပါဦး . . . ။ နေခြည့်ကို ဘယ်မှာဝှက်ထားတာလဲ။ မင်းက ဘယ်လိုလုပ်သိတာလဲ"

"ဗန္ဒုလပန်းခြံထဲမှာ ဘာရှိလဲ ပြောစမ်း"

"ဗန္ဒုလရုပ်ကြီးရှိတယ်လေ"

. . . တဲ့။ ကိုယ်ဆဲချင်သွားတယ်။ တကယ်တော့ ဗန္ဒုလပန်းခြံထဲမှာ ဗန္ဒုလအရုပ်ကြီး မရှိပါဘူး။

"ကဲ . . . ကဲ . . . ငါသေချာရှင်းပြမယ်။ နေခြည့်အစ်ကို ဖုန်းစဆက်တုန်းက ပြောတယ်မို့လား။ တချို့ကြယ်တွေက မိုးပေါ်ကိုမော့ကြည့်တိုင်း မတွေ့ဘူးဆိုတာ" .

"အင်းလေ . . . "

"ဟုတ်တယ်ကွ။ တချို့ကြယ်တွေက မော့ကြည့်ရင် မတွေ့ရဘူး။ ငုံ့ကြည့်မှ တွေ့ရတာကွ။ ခုနကလည်း သူထမင်းစားရင်း လေယာဉ်ပျံတွေအကြောင်း ပြောနေတာလေ။ အဲဒါ ငါတို့ကို နှောင့်ယှက်နေတာ မဟုတ်ဘူး။ ငါတို့အတွေးရအောင် လမ်းခင်းပေးနေတာ။ လေယာဉ်ပျံပေါ်က ငုံ့ကြည့်မှ မြင်ရတဲ့ကြယ်ကို ပြောချင်တာ"

" . . . "

"နောက်ပြီး ငါနဲ့ခင်တဲ့ ဂစ်တာတီးတဲ့ ဦးလေးကြီးနဲ့ ငါစကားသွားပြောသေးတယ်လေ။ ငါက အခုဖြစ်နေတဲ့ အကျိုးအကြောင်း ပြောပြတော့ သူက နေခြည့်အစ်ကိုကို ငယ်နာမည် မောင်ရစ်နေမှာပေါ့ကွာ လို့ပြောတယ်ကွ။ အဲဒီမှာလည်း ငါ ချိတ်ဆက်စဉ်းစားရပါရော။ မောင်ရစ် ဆိုတာ ဗန္ဒုလရဲ့ ငယ်နာမည်ပဲကွ။ အဲဒီမှာ ဗန္ဒုလရယ်။ အပေါ်ကကိုငုံ့



www.burmeseclassic.com

www.burmeseclassic.com

ကြည့်မှ မြင်ရတဲ့ကြယ်ရယ် ပေါင်းလိုက်တော့ နေခြည်ရှိတဲ့နေရာရဲ့အဖြေ ထွက်လာတာပဲ"

(မောင်ရစ်) ဗန္ဓုလ + အောက်ကိုကြည့်မှ မြင်ရတဲ့ကြယ် = နေခြည်ရှိတဲ့နေရာ။

"ဘယ်နေရာများလဲ"

"ဗန္ဓုလပန်းခြံထဲမှာရှိတဲ့ လွတ်လပ်ရေးကျောက်တိုင်ကြီးပဲ"

"ဟင် . . . "

"ဟုတ်တယ်။ လွတ်လပ်ရေး ပင်မကျောက်တိုင်ကြီးကို အပေါ်စီးကကြည့်ရင် ငါးမြှောင့်ကြယ်ပုံစံ မြင်ရလိမ့်မယ်။ အဲဒီကျောက်တိုင်ကြီးကိုရံထားတဲ့ ကျောက်တိုင်ငယ်ငါးခုလည်း ရှိသေးတယ်။ အဲဒီငါးခုကိုလည်း အပေါ်ကကြည့်ရင် ငါးမြှောင်ကြယ်တွေအဖြစ် မြင်ရတယ်။ သေချာပါတယ်။ အဲဒီအောက်မှာ နေခြည်ရှိလိမ့်မယ်"

" . . . "

ဈာန်အောင်၊ မော်ကြီး၊ ကျော်ကျော်တင့်တို့ ပြုံးပြုံးကြီး ငြိမ်သွားကြတယ်။ မျက်ရည်လည်မတတ်လည်း ဝမ်းသာသွားကြတယ်။

"တောက် . . . လုလိုက်တဲ့ လှည့်ကွက်ကွာ"

"ဟူး . . . ဒီကကောင်တွေတော့ ခေါင်းတွေကို ခြောက်သွားတာပဲ စဉ်းစားလိုက်ရတာ"

"မလွယ်ပါလား ဗန္ဓုလရယ်"

သူတို့တွေ တစ်ယောက်တစ်ခွန်း ညည်းတွားပြီးပြီးချင်းမှာပဲ ဖုန်းဝင်လာတယ်။ ညိုသွေးဖုန်းပါ။

"ဟေ့ကောင်တွေ . . . ငါ နေခြည်ရှိတဲ့နေရာ ခန့်မှန်းမိပြန်ပြီ"

"အေး . . . မင်းကြီးတော်လင်ဆီပဲ ခန့်မှန်းတော့ဟေ့"

မော်ကြီးက ပိတ်ဆဲက ဖုန်းချလိုက်တယ်။ ပြီးတော့ ဈာန်အောင်ကလည်း စိုးစိုးထွေးဆီ သတင်းကောင်းပို့လိုက်ဦးမယ်ဆိုပြီး ဖုန်းဆက်တယ်။

"စိုးစိုးထွေးလား"



"အင်း . . . အီး . . . ယား . . . "

"ငါတို့ နေခြည်ရှိတဲ့နေရာ သိသွားပြီ။ နင်တို့ ဆက်မရှာနဲ့တော့"

"ဟုတ်လား . . . အီး . . . အရမ်းဝမ်းသာတယ်ဟာ။ အင်း အီး . . . ရဲထွဋ်ကို ဂုဏ်ယူပါတယ်လို့ . . . အီး . . . "

"နေပါဦး . . . နင် ဘာဖြစ်နေတာလဲ။ တအီးအီး . . . တအင်းအင်းနဲ့"

"အင်း . . . အိမ်သာတက်နေတာဟ . . . အီး . . . နည်းနည်း အင်း . . . အားသုံးညှစ်နေရလို့"

"ဟာ . . . "

ကျက်သရေမရှိလိုက်တာလို့ ရေရွတ်ပြီး ဈာန်အောင် ဖုန်းကောက်ပိတ်လိုက်တယ်။ သူတို့ ဟုတ်ကော ဟုတ်သေးရဲ့လား။ ကြယ်ငါးပွင့်သဘော်ကြီးပေါ် ရောက်တုန်းရောက်ခိုက်ဆိုပြီး တပျော်တပါး အိမ်သာတက်တမ်း ကစားနေတာလားမသိဘူး။

နာရီကိုကြည့်တော့ ဆယ်မိနစ်ပဲ လိုတော့တယ်။ ရင်တွေ လှိုက်လှိုက်ပြီးခုန်နေတယ်။ သက်ပြင်းမောတွေလည်း သွက်သွက်မှုတ်ထုတ်နေမိတယ်။

အရေးထဲ မီးပွိုင့်က မိသွားသေးတယ်။

မီးပွိုင့်စိမ်းတော့လည်း ကားက စက်နိုးမရ ထပ်ဖြစ်ပြန်တယ်။ ကိုယ့်အတွက် ကံကြမ္မာက ကန့်လန့်ကန့်လန့်ပဲ။

"တောက် . . . သေစမ်းကွာ"

"ကဲ . . . ငါပြေးသွားမယ်ကွာ။ မင်းတို့ ကားစက်နိုးရမှ လိုက်ခဲ့တော့"

"အေး . . . အေး . . . အောင်မြင်ပါစေကွာ"

ခြောက်မိနစ်လားပဲ လိုတော့တယ်။

ကိုယ့်ကိုယ်ကိုယ် ကျည်တစ်တောင့်အသွင်ဖန်ဆင်းပြီး ကိုယ်ပြေးထွက်ခဲ့ပြီ။ ချစ်သူရဲ့ ပစ်မှတ်ဆီ . . . ။

ᅎ ᅎ ᅎ



www.burmeseclassic.com

www.burmeseclassic.com

(၁)

တယောက တိုပေမယ့်
တေးသွားက ရှည်လျား
အဆုံးမဲ့ မိုးကလည်း
တိမ်တစ်ခုတည်းနဲ့ ရှာလို့
သမုဒ္ဒရာ မီးပွိုင့်တွေကြား
ကိုယ်ဟာ ...
ဆော်လမွန်ငါးလေးတစ်ကောင် ဖြစ်သွားပြီ။

(၂)

အမည်မဲ့ မိုင်အဝေးက
ကိုယ်ပြေးလာနေတယ်
မျက်ဝန်းတွေကလည်း တောင်းဆိုသည်
မြန်မြန်တွေ့ချင်ပြီတဲ့ ...



(၃)

ကိုယ့်ရင်ငွေ့နဲ့ ဖြစ်တဲ့ကြယ်
ကောင်းကင်ရဲ့ ဝဲဘက်အရပ်မှာတည်စေကွယ်
မြို့ပြအမှိုက်တွေလို
အဖြစ်မရှိတဲ့ အဖြစ်ရှိနေတဲ့ကိုယ့်ကို
အလင်းတွေနဲ့ လက်ကမ်းကြိုပါ ...
သိလားချစ်သူ
ကိုယ်တို့ ဧဒင်ကို မျက်နှာမူနိုင်ခဲ့ပြီ ...



www.burmeseclassic.com

www.burmeseclassic.com

"နေခြည်"

"ငရဲ"

ဓာတ်ဝင်ခန်းတစ်ခန်း မဟုတ်ပေမယ့် ကိုယ် ပြေးဖက်လိုက်တော့တယ်။ ငါးနာရီခွဲဖို့ သုံးစက္ကန့်အလိုမှာ ကိုယ် သူ့ရှေ့မှောက် ရောက်ခဲ့ပါတယ်။ ကိုယ် သူ့ကို အတင်းကြပ်ဆုံး ဆွဲယူပွေ့ဖက်ထားလိုက်တယ်။ လွတ်လပ်ရေးကျောက်တိုင်ကြီးကတောင် ကိုယ်တို့ကို စိုစိုနင့်နင့် ငုံ့ကြည့်တယ်။

"နင် အချိန်မီရောက်လာမှာလို့ ငါယုံနေတယ်"

"နင် နောက်ဆုံးအချိန်ထိ ငါ့ကိုစောင့်နေမှာကိုလည်း ငါသိနေတယ်"

ကိုယ် မလွှတ်တမ်း သူ့ကိုဖက်ထားဆဲ။

"ငရဲ . . . လွှတ်တော့လေ။ ဒီမှာ အသက်ရှူကြပ်နေပြီ"

"မလွှတ်ဘူး။ ငါတို့ နာရီဝက်ပဲ အချိန်ရတော့တယ်"

"ငါ့ကိုရှာတွေ့ပြီပဲ။ အချိန်အကန့်အသတ်တွေ မရှိတော့ပါဘူး"

"ရှိသေးတယ်။ ဥယျာဉ်ပိတ်ဖို့ နာရီဝက်ပဲ လိုတော့တယ်"

ပိုပြီးတင်းကြပ်အောင် ဖက်ထားပစ်လိုက်တယ်။

"ငရဲ . . . လွှတ်လို့ အသက်ရှူကြပ်တယ်"



" . . . "

"ငရူး . . . လွှတ်ပါဆို"

" . . . "

"လွှတ်နော် . . . ဂြိုဟ်ဆိုးကြီး"

" . . . "

အဲဒီတော့မှ ကိုယ် လွှတ်ပေးလိုက်ပါတယ်။

ပြီးတော့ ကိုယ်တို့ လွတ်လပ်ရေးကျောက်တိုင်ကြီးရဲ့အောက်ခံ အနိမ့်ဆုံးလှေကားထစ်မှာ ထိုင်ကြတယ်။ သူက ဖန်ပုလင်းလေးထဲ အပြည့်ထည့်ထားတဲ့ စက္ကူကြယ်လေးတွေကို လက်ဆောင်ပေးတယ်။ ကြည်လင်တဲ့ ဖန်ပုလင်းလေးနဲ့ ကြယ်တွေကို တွဲမြင်ရတာ အေးချမ်းတယ်။ ကြယ်ရေကန်လေးတစ်ခုလိုပဲ။

ပုလင်းထဲက ကြယ်ကလေးတွေကိုထုတ်ပြီး ကောင်းကင်ပေါ် ပစ်မြှောက်လိုက်တယ်။ ဖွားရားပြန့်ကျလာတဲ့ ကြယ်ကလေးတွေက ပိုလှတယ်။ ကြယ်မိုးရွာတယ်။ အခုမှ အစစ်ပေါ့။

"ငါ့အစ်ကိုကလည်း သူ့ကောင်မလေးရှိတဲ့ဆီကို လိုက်သွားဦးမယ်တဲ့"

"အင်း . . . သူလည်း နားလည်သွားပြီလေ"

လွတ်လပ်ရေးကျောက်တိုင်ကြီးအောက်မှာ ကိုယ်တို့နှစ်ဦး လွတ်လပ်နေကြပေါ့။ ရှုသွင်းလိုက်တဲ့ လေပြည်ထဲမှာ ကြယ်ခိုးကြယ်ငွေ့ရနံ့ကလေးတွေကိုလည်း သင်းဝေဝေ ခံစားနေရတယ်။

"ဟိုတစ်ခါ နင်မေးဖူးတယ်လေ။ နင်သေခါနီးကျရင် ဘာလုပ်ချင်လဲလို့"

"အင်း . . . မေးဖူးတယ်"

"ငါ မဖြေခဲ့ဘူးလေ။ အဲဒါကို အခုဖြေချင်တယ်"

"ဖြေလေ"

"ငါသေခါနီးကျရင် နင့်ပါးလေးကို ဖွဖွလေးပွတ်ချင်နေတယ်"

သူပြုံးလို့ပေါ့။ ကိုယ်ကပဲ ဆက်ပြောရတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမဲ့ နင်ကျတော့ သေခါနီးကျရင် ကြယ်တွေကိုပဲ ကြည့်သွားမှာဆို"

သူပြန်ဖြေတဲ့ အဖြေလေးက ကောင်းတယ်သိလား။

"နင်က ငါ့ရဲ့ကြယ်ပါပဲ . . . ငရဲရယ်" တဲ့။

ကိုယ် သေပျော်သွားတယ်။

ပျော်လွန်းလို့ မထိန်းနိုင်တော့ဘဲ . . . . . . . . .

. . . . . . . . . . . .

"ဟင်"

BURMESE CLASSIC .com

. . . . . . . . . . . .

ကိုယ် ဘာလုပ်လိုက်လဲ သိလား။

လူလည်းလစ်ပြီ၊ သူလည်း ခွင့်ပြုလောက်ပြီထင်လို့ အတင့်ရဲလိုက်တာလေ။

ကိုယ် ဘာလုပ်လိုက်သလဲသိချင်ရင် ရှက်သွေးရဲနေတဲ့ သူ့ပါးပြင်ကလေးကို ချော့မော့ပြီး မေးကြည့်ပေါ့ကွယ်။

သူဝေး
2011
4:30 AM



## စကားချပ်

နက်နဲအဆုံးမဲ့သော သင်္ချာပညာရပ်အတွက် လီယိုနတ်အိုင်လာရဲ့ လေ့လာမှုက ဘယ်လောက်အရေးပါခဲ့လဲ မသိပါဘူး။ ဒါပေမဲ့ စိတ်ဝင်စားစရာကောင်းတာတော့ အမှန်ပါပဲ။ သူ့နည်းအတိုင်း ပုံကလေးတွေကို လိုက်ဆွဲကြည့်ရတာ ခက်သလိုလို မခက်သလိုလိုနဲ့ အာရုံဝင်စားခဲ့ရပါတယ်။

ဒီအထဲက ခြောက်ထောင့်ကြယ်ဆွဲရတာကို တခြားပုံတွေနဲ့ မတူချင်ဘဲ အရပ်စကားနဲ့ပြောရရင် နည်းနည်းလက်ပေါက်ကပ်တယ်လို့ ယူဆမိပါတယ်။ သာမန်ကြည့်လိုက်ရင် တြိဂံနှစ်ခု အထက်အောက်ဆင်ထားတဲ့ပုံအဖြစ် မြင်မိကြမှာပါ။ အဆင့်လိုက်ဆွဲပြရရင်တော့ . . .

Figure
(a)



Figure
(b)





www.burmeseclassic.com

www.burmeseclassic.com

Figure (c)




Figure (d)






Figure (a+b+c+d)





ဒီလို အစဉ်လိုက်အတိုင်းမဟုတ်တဲ့ အခြားထောင့်တွေကလည်း ဆွဲလို့ရနေပါသေးတယ်။ ရှာဖွေဆွဲကြည့်ပါလား။ ရိုးရှင်းနားလည်လွယ်ပြီး စိတ်ဝင်စားဖို့ ကောင်းပါတယ်။ တခြားပုံတွေကိုလည်း ရေးဆွဲလိုက်ပါသေးတယ်။





BURMESE CLASSIC .com




- အောက်ပါနှစ်ပုံဆိုရင်တော့ 'လီယိုနတ်အွိုင်လာ' နည်းနဲ့ ဆွဲလို့မရတော့ပါဘူး။





လေ့လာလို့ကောင်းတယ်ဗျ။ စိတ်ကြည်လင်ပြီး အားလပ်တဲ့ တစ်နေ့မှာ အပျင်းပြေဖြစ်ဖြစ် လုပ်ကြည့်ပါလား။]



www.burmeseclassic.com